# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# အဌမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ အဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၄၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ အဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကျောက်မျက်ဥပဒေကြမ်းဆွေးနွေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကျောက်မျက်ဥပဒေကြမ်း။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျောက်မျက်ဥပဒေကြမ်း။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကျောက်မျက်ဥပဒေကြမ်း။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျောက်မျက်ဥပဒေကြမ်း။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကျန်းမာရေးဆွေးနွေးပွဲ။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထေးရယ်၊ ကယား(၇)၊ ကျန်းမာရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝိလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးဘရန်ရှောင်၊ ကချင်(၃) ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ် ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းထားသည့် လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကိုကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၇။**

**ဗိုလ်မှူးဝင်းသိန်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၂၇၃၅၆ ဗိုလ်မှူးဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က တင်သွင်းထားတဲ့ လာမယ့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများ၌မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ် ပေးပါရန်နဲ့ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ကမ္ဘာမှာ ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်ပွဲများကျင်းပပြီး ပြည်သူများရဲ့ ဆန္ဒအတိုင်း ပြည်သူ့ ကိုယ်စားလှယ်များကို ရွေးချယ်ပြီး ပြည်သူ့ရေးရာများကို စီမံအုပ်ချုပ်ကြရတာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ကိုယ်စားလှယ်များကို ရွေးချယ်တဲ့ နည်းလမ်းတွေ၊ ပြည်သူတွေရဲ့ဆန္ဒကို ဖော်ထုတ်နိုင်မယ့် နည်းလမ်းတွေ ကျွန်တော်တို့ရှာဖွေလာကြရပါတယ်။ ဒီအခါမှာ ရွေးကောက်ပွဲ ပုံစံများဟာလည်း အသွင်အမျိုးမျိုးနဲ့ ပြောင်းလဲလာပါတယ်ခင်ဗျား။ ရွေးကောက်ပွဲစနစ်တွေမှာတော့ ကျွန်တော်တို့ မဲအများဆုံး ရရှိသူ အနိုင်ယူစနစ် FPTP (First past The Post )စနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation system)ဟူ၍ (၂)မျိုးရှိပါတယ်။ ၎င်း PR စနစ်မှာပဲ ကျွန်တော်တို့ Closed list Party system နဲ့ Open list Party system၊ နောက်ပိုင်း FPTP စနစ်နဲ့ PR စနစ်ကို ပေါင်းစပ်ထားတဲ့ (Mixed Member Propotional Votting system)ဟူ၍ ထပ်မံလေ့လာသိရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ယနေ့ ကမ္ဘာမှာကျင့်သုံးနေတဲ့ ဒီမိုကရေစီဟာ ကျွန်တော်တို့ ကိုယ်စားပြု ဒီမိုကရေစီ (Representative Democracy) ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှာ ထုတ်ပြန်ခဲ့တဲ့ စာရင်းတွေအရတော့ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံပေါင်း (၂၁၄) နိုင်ငံမှာ PR စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံ (၁၂၄) နိုင်ငံရှိပြီး၊ ကျွန်တော်တို့ FPTP စနစ်ကို ကျင့်သုံးတဲ့နိုင်ငံ (၈၄) နိုင်ငံရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲများမှာတော့ ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် (၃၂၅)နဲ့ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ် (၁၆၈) နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ် နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးအတွက် မဲဆန္ဒနယ် (၆၇၃) နယ်မှာ ကျွန်တော်တို့ FPTP စနစ်နဲ့ ကျွန်တော်တို့ ရွေးကောက်ပွဲတွေ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ FPTP စနစ်ဟာ မဲဆန္ဒနယ်ဘယ်လောက်ပဲကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်ရတဲ့ စနစ်ဖြစ်ပါတယ်။ မဲအများဆုံးရရှိတဲ့သူဟာ ကိုယ်စားလှယ် ဖြစ်လာပါတယ်။ ကျန်သူအားလုံးဟာ မဲအများဆုံး ရရှိတဲ့

သူကို ကိုယ်စားပြုထားပြီးတော့ အရှုံးပေးလိုက်ရတဲ့ စနစ် ဖြစ်ပါတယ်။ FPTP စနစ်မှာလည်း အားနည်းချက်၊ အားသာချက်တွေ ရှိပါတယ်ခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

တင်ပြပါ Power Point မှာ (ဦးအေ) ဟာ ဆန္ဒမဲရဲ့ ၄၀ရာခိုင်နှုန်းကို ရရှိတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မဲအနိုင်ရသူ ကိုယ်စားလှယ် ဖြစ်လာပါတယ်။ ကျန်တဲ့မဲရဲ့ ၆၀ ရာခိုင်နှုန်းလည်း ကိုယ်စားပြုသွားပါတယ်။ ဒါကြောင့်မို့လို့ သူ့ကို ကျန်တဲ့ (ဦးဘီ)၊ (ဦးစီ)၊ (ဦးဒီ) ရဲ့ မဲတွေရဲ့ ၁၀၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသူလို့ ဖြစ်သွားပါတယ်။ ဒါကျွန်တော်တို့ FPTP စနစ်ရဲ့ အားနည်းချက်ဖြစ်တဲ့ over Representing ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ FPTP စနစ်မှာ အားနည်းချက်၊ အားသာချက်တွေ ရှိနေပါတယ်။

FPTP စနစ်ရဲ့ အားသာချက်တွေကတော့ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်နဲ့အညီ မဲဆန္ဒနယ်များ သတ်မှတ်ဆောင်ရွက်ရတဲ့ စနစ်ဖြစ်၍ ရိုးရှင်းလွယ်ကူတဲ့ စနစ်လည်း ဖြစ်ပါတယ်။ ပါတီတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးသာ မဲဆန္ဒနယ်တစ်ခုမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံတဲ့ စနစ်ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မိမိထောက်ခံလိုတဲ့ ကိုယ်စားလှယ်ကို ကျွန်တော်တို့ ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်တဲ့ စနစ်လည်းဖြစ်ပါတယ်။ လူကြိုက်များတဲ့ပါတီကိုယ်စားလှယ်လောင်းဟာ မဲပေးခံရပါတယ်။ ရွေးကောက်တင်မြှောက်ပုံစနစ်များမှာ အရိုးရှင်းဆုံးသော စနစ်လည်း ဖြစ်ပါတယ်။ အဲဒီမှာ (ဦးအေ) ဟာ မဲရာခိုင်နှုန်းအားလုံးရဲ့ (၅၀) ရာခိုင်နှုန်း မကျော်သော်လည်းပဲ သူသည် ကိုယ်စားလှယ်အဖြစ် ကိုယ်စားပြုခံရတာ ဖြစ်ပါတယ်။ အမေရိကန်၊ ဗြိတိန်နဲ့ အိန္ဒိယတို့မှာ သူတို့နိုင်ငံတွေရဲ့ နိုင်ငံရေး လိုအပ်ချက်အရ ဆက်လက်ကျင့်သုံးနေတဲ့ စနစ်လည်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Proportional Representation system နဲ့ ပတ်သက်ပြီး ကျွန်တော် အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ PR စနစ်ကို အများရဲ့ အမြင်အရ မဲဆန္ဒများ ဆုံးရှုံးမှုရှိလာတဲ့ တိုင်းရင်းသား ပါတီတွေ၊ ပါတီငယ်တွေကို ပိုမိုနေရာပေးနိုင်မယ့် ရွေးကောက်ပွဲစနစ်ကို ကျွန်တော်တို့ ပြန်လည်သုံးသပ်သင့်တယ်လို့ ယူဆလာကြပါတယ်။ ဒီအခါမှာ ကိုယ့်နိုင်ငံရဲ့ အခြေအနေနဲ့ အချိန်အခါအပေါ် မူတည်၍ ဤစနစ်လိုအပ်ခြင်း၊ မလိုအပ်ခြင်းကို ကျွန်တော်တို့ သုံးသပ်ဆွေးနွေးရန် အလွန်ပဲ အရေးကြီးလာပါတယ်။ အဆိုရှင် တင်သွင်းလာတဲ့ PR စနစ်ဟာ မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်အချို့ကို တစ်ပြိုင်တည်း ရွေးကောက် တင်မြှောက်ခံရတဲ့ စနစ်ဖြစ်ပါတယ်။ ကိုယ်စားလှယ်ဦးရေများလာတာနဲ့အမျှ မဲဆန္ဒနယ်လည်း ပိုပြီးတော့ ကျယ်ဝန်းလာတဲ့ အပိုင်း ဖြစ်ပါတယ်။ မဲဆန္ဒရှင်က ကြိုက်တဲ့ပါတီကို မဲပေးရပါတယ်။ ပါတီတွေကလည်း ရတဲ့မဲ အရေအတွက်နဲ့ အချိုးကျ ရတဲ့ကိုယ်စားလှယ်ကို ရွေးချယ်သတ်မှတ်ပေးရပါတယ်။ ယှဉ်ပြိုင်ကြတဲ့ ပါတီ အသီးသီးက ရတဲ့ မဲအရေအတွက် အချိုးအစားအရ ကိုယ်စားလှယ်ဦးရေကို ရွေးကောက် တင်မြှောက်ခံရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရပါလျှင် ကိုယ်စားလှယ် (၁၀၀)ဦး ရွေးချယ်မယ့် မဲဆန္ဒနယ်မြေကြီးမှာ ပါတီတစ်ခုက မဲဆန္ဒရဲ့ (၅၅) ရာခိုင်နှုန်းကို သူရမယ်ဆိုလို့ရှိရင် သူ့ရဲ့ ပါတီက နေပြီးတော့ (၅၅) ဦးကို ကျွန်တော်တို့ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

ဒီလိုပါပဲ ပါတီငယ်လေးတစ်ခုက ဆန္ဒမဲရဲ့ (၅)ရာခိုင်နှုန်းကို ရမယ်၊ သူ့ပါတီကနေပြီးတော့ ကိုယ်စားလှယ် (၅)ဦး ရွေးကောက်တင်မြှောက် ခံရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီမှာ PR စနစ်မှာပဲ Closed list Party system နဲ့ Closed list Party Voting နဲ့ Open list Party Voting ဆိုပြီး

ရှိပါတယ်။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ Closed Party list system မှာတော့ ပါတီကိုသာ မဲပေးရပါတယ်။ မိမိပါတီကလည်း မိမိအချိုးကျရမယ့် ကိုယ်စားလှယ်တွေကို ဦးစားပေးအရ၊ seniority အရ သတ်မှတ်ထားရတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းကို တိုက်ရိုက်မဲပေးစရာမလိုဘဲနဲ့ ပါတီကို မဲပေးရပါတယ်။ ကျွန်တော်တင်ပြပါပါတီမှာ (ဦးက)၊ (ဦးခ)၊ (ဦးဂ)၊ (ဦးဃ)၊ (ဦးင) နဲ့ (ဦးစ) ကျွန်တော်တို့က မဲဆန္ဒကိုယ်စားလှယ် (၆)ဦး ရွေးရမယ့် မဲဆန္ဒနယ်မြေကြီး ဖြစ်ပါတယ်။ ဆန္ဒမဲပေးသူ ပေါင်းဟာ (၁၂)သိန်း ရှိပါတယ်။ ကိုယ်စားလှယ်တစ်ဦးကို ဆန္ဒမဲ (၂)သိန်း ရမှသာလျှင် ကိုယ်စားလှယ် အဖြစ် ရွေးကောက် တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။

တင်ပြပါ (က)ပါတီမှာ ရရှိတဲ့ ဆန္ဒမဲပေါင်းဟာ (၆၃၀၀၀၀)ဖြစ်တဲ့အတွက်ကြောင့် သူ့အနေနဲ့ (၂) သိန်းနဲ့ဆိုရင် ကျွန်တော်တို့ ဒါ (၃)ဦး ခန့်အပ်ရမှာ ဖြစ်ပါတယ်။ (ခ)ပါတီအနေနဲ့ (၂၂၀၀၀၀)ရရှိတဲ့ အတွက်ကြောင့်မို့လို့ သူ့အနေနဲ့ ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။ (စ) ပါတီ အနေနဲ့ (၂၄၀၀၀၀)ရရှိတဲ့အတွက်ကြောင့်မို့လို့ ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက် ခံရမှာ ဖြစ်ပါတယ်။ (ည)ပါတီအနေနဲ့ (၃၀၀၀၀)ပဲ ရတဲ့အတွက်ကြောင့်မို့လို့ သူ့အနေနဲ့ ကျွန်တော်တို့ ပထမရွေးချယ်တဲ့အထဲမှာ မပါ ပါဘူးခင်ဗျား။ တစ်သီးပုဂ္ဂလိကအနေနဲ့ကတော့ အဲဒီမှာ (၈၀၀၀၀)ပဲ ရတဲ့အတွက်ကြောင့် မပါ ပါဘူးခင်ဗျား။

ဒီမှာ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်တဲ့အချိန်မှာ၊ ပထမအကြိမ်မှာ (၅)ဦးပဲ ရွေးကောက် တင်မြှောက်ခံဖြစ်ပါတယ်။ အဲဒ့ီအထဲမှာ ကြွင်းကျန် မဲအရေအတွက်များ ကျန်နေတာကို တွေ့ရှိရပါမယ်။ ကြွင်းကျန်မဲအရေအတွက်အနေနဲ့ တစ်သီးပုဂ္ဂလနဲ့ (၈၀၀၀၀) ကျန်တဲ့ အတွက်ကြောင့်မို့လို့ အများဆုံး ဖြစ်တဲ့ နောက်တစ်ကြိမ်မှာ တစ်သီးပုဂ္ဂလအနေနဲ့ ကိုယ်စားလှယ်တစ်ဦး ရရှိမှာ ဖြစ်ပါတယ်။ စုစုပေါင်း မဲဆန္ဒနယ်မြေမှာ (၆)ဦးကို ကျွန်တော်တို့ ဒါ PR စနစ်အရ ရွေးချယ်ထားပြီး ဖြစ်ပါမယ်။ အဲဒီမှာ Closed Party list Voting system မှာ ကျွန်တော်တို့ မိမိပါတီကနေပြီးတော့ seniority အလိုက် ပေးထားတဲ့ ကိုယ်စားလှယ်များသာ မဲရပြီးတော့ သက်ဆိုင်ရာ မဲဆန္ဒရှင်များကပေးတဲ့ ကိုယ်စားလှယ်သည် ရွေးချယ်ခံ ရခြင်း မရှိပါဘူးခင်ဗျား။ သူ့ရဲ့ အားနည်းချက်တစ်ခု ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Open Party list system နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြလိုပါတယ်။ Open Party list system မှာတော့ ပါတီကိုလည်း မဲပေးရပါတယ်။ အဲဒီပါတီအတွင်းမှာရှိတဲ့ ကိုယ်စားလှယ်ကိုလည်း သက်ဆိုင်ရာက မဲဆန္ဒရှင်တွေက မဲပေးရပါတယ်။ ဒီအခါမှာ သက်ဆိုင်ရာ ပါတီအတွင်းမှာ မဲအများဆုံး ရရှိတဲ့ ကိုယ်စားလှယ်ဟာ ထိပ်ဆုံးကို ရောက်ပြီးတော့ အရွေးခံရမှာ ဖြစ်ပါတယ်။ Open ပေးထားတဲ့ စနစ်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီအခါမှာလည်း ကျွန်တော်တို့ (က) ပါတီသည် (၆၃၀၀၀၀) ရရှိတဲ့အတွက် သူ့အနေနဲ့ အချိုးအစားအရ ကိုယ်စားလှယ်(၃)ဦး ရွေးချယ်တင်မြှောက်ရမှာ ဖြစ်ပါတယ်ခင်ဗျား။ (ခ)ပါတီသည် မဲအရေအတွက် (၂၂၀၀၀၀) ရတဲ့အတွက်ကြောင့်မိုလို့ သူ့အနေနဲ့ ကိုယ်စားလှယ်(၁)ဦး ရွေးကောက် တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။ (ခ)ပါတီအနေနဲ့ ကျွန်တော်တို့ အဲဒီမှာ ကိုယ်စားလှယ်(၁)ဦး ရွေးကောက် တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။

(ည)ပါတီအနေနဲ့ မဲဆန္ဒပေါင်း သူက (၄၁၀၀၀၀) သူရရှိတဲ့အတွက်ကြောင့် ဒီမှာ ကိုယ်စားလှယ် (၂)ဦး ရွေးကောက် တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။ တင်ပြပါ ပါတီမှာ (ဦးညို)၊ (ဦးပြာ)၊

(ဒေါ်ဖြူ)တို့ဟာ မိမိတို့ရဲ့ ပါတီအတွင်းမှာ မဲအများဆုံးရရှိတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ Open Party list system အရ သူသည်၊ အလိုလို (၃)ဦးသည် ဒါ ရွေးချယ်ထားပြီးဖြစ်ကြောင်း ရှင်းလင်း တင်ပြလိုပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ ဇယားအရ (ခ) ပါတီမှာ မဲအများဆုံး ရရှိသူ (ဒေါ်ဖြူ)၊ (ဦးညို)၊ (ဦးပြာ) တို့ဟာ ၊ (၃)ဦးကို ကျွန်တော်တို့ ရွေးချယ်ပြီး ဖြစ်ပါတယ်။ အလားတူပဲ (ည)ပါတီက ကိုယ်စားလှယ်(၂)ဦး ရတဲ့အတွက်ကြောင့်မို့လို့ ကိုယ်စားလှယ် (၂)ဦးကို ကျွန်တော်တို့ ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ တစ်သီးပုဂ္ဂလ အနေနဲ့ကတော့ တင်ပြပါအတိုင်းပဲ ဒါ ရွေးချယ်တင်မြှောက်သွားရမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Mixed member Proportional voting system ပတ်သက်ပြီး ဆက်လက် ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ Mixed Member Proportional Voting system ကတော့ ကျွန်တော်တို့ ဂျာမန်နိုင်ငံမှာ စတင် ကျင့်သုံးခဲ့တဲ့ စနစ်လည်း ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့လည်း သူကို ဂျာမန်စနစ်လို့လည်း ခေါ်ပါတယ်။ ဒီ စနစ်မှာတော့ ကျွန်တော်တို့ FPTP စနစ်အရ မိမိရွေးချယ်လိုတဲ့ ကိုယ်စားလှယ်ကို တိုက်ရိုက် မဲပေးနိုင်ပြီးတော့ တစ်ဖက်ကလည်း ပါတီကို မဲပေးရပါတယ်။ အဲဒီမှာ မိမိရွေးချယ်နိုင်တဲ့ ကိုယ်စားလှယ် ဦးရေ သတ်မှတ် ရရှိလာပြီးတော့ တစ်ဖက်က ဆန္ဒမဲရဲ့ အချိုးအစားအရ ကိုယ်စားလှယ်များကို သတ်မှတ်၊ ထပ်မံပြီး ကျွန်တော်တို့က ရွေးချယ်ရတဲ့အပိုင်း ဖြစ်ပါတယ်။

Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြပါအတိုင်းပါ ကျွန်တော်တို့ (ဦးပြာ)၊ (ဦးခါ)၊ (ဦးမျိုး)၊ (ဦးခန်း)၊ (ဦးသန့်) ရှိပြီးတော့ တစ်သီးပုဂ္ဂလအနေနဲ့ ပါတီ(၅)ခု ရှိပါတယ်။ တစ်သီးပုဂ္ဂလ တစ်ခုနဲ့ (၅)ဦး ရှိပါတယ်။ တင်ပြပါတီတွေကို ကျွန်တော်တို့ ညာဘက်အခြမ်းမှာ personel အတိုင်းပဲ ကျွန်တော်တို့ ဘယ်ဘက်အခြမ်းသည် FPTP စနစ်အရ မဲပေးရတာ ဖြစ်ပါတယ်။ ညာဘက်အခြမ်းမှာတော့ မိမိကြိုက်နှစ်သက်တဲ့ ပါတီကို မဲပေးရတဲ့အပိုင်း ဖြစ်ပါတယ်ခင်ဗျား။ တင်ပြပါဇယားမှာ ကျွန်တော်တို့ FPTP စနစ်အရ (က)ပါတီသည် ကိုယ်စားလှယ်(၆)ဦး ရွေးကောက်တင်မြှောက်ခံရပါတယ်။ သူသည် မဲဆန္ဒနယ်တစ်ခုလုံးရဲ့ (၄၀)ရာခိုင်နှုန်းကို ရရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မဲဆန္ဒနယ် တစ်နယ်လုံးမှာ (၃၂၀)ဦး၊ တစ်သီးပုဂ္ဂလအနေနဲ့ ပေါင်းပါရင် (၃၃၀)ဦး သတ်မှတ်ထားတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ အချိုးအစားအရ သူသည် (က)ပါတီအနေနဲ့ (၁၂၈)ဦးကို ထပ်မံ သူရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလ FPTP စနစ်အရ ရရှိထားတဲ့ (၆၅)ဦး အပြင်မှာ နောက်ထပ်ပေါင်းပြီး (၆၃)ဦးကို သူ့ပါတီက ကိုယ်စားလှယ် ထပ်မံပြီးတော့ ရွေးချယ်ရမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ (ခ)ပါတီ၊ (စ)ပါတီနဲ့ (ည)ပါတီနဲ့ ကျန်တဲ့ ပါတီများလည်း တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်ဟာ ၁၈၄၀ ပြည့်လွန် ကာလတွေမှာတော့ အင်္ဂလန်၊ အိုင်ယာလန်နဲ့ အိန္ဒိယတို့မှာ စတင်ကျင့်သုံးခဲ့ပါတယ်။ ၁၈၅၀ မှာ တော့ ကျွန်တော်တို့ အစ္စရေးနိုင်ငံမှာ စတင်ကျင့်သုံးခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ PR စနစ်ကို အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးကနေပြီးတော့ သုံးသပ်ဝေဖန်မှုတွေလည်း ကျွန်တော်တို့ လေ့လာ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရဲ့ အနာဂတ်ရွေးကောက်ပွဲတွေမှာ ဒီ စနစ်ကို ကျင့်သုံးရန် သင့်၊မသင့်။ ယခင်က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေ၊ နိုင်ငံတော်ရဲ့ ဒီမိုကရေစီ တည်ဆောက်မှုအသွင်၊ ရင့်ကျက်မှု

အတိုင်းအတာနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေ၊ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ အရေးပါမှုတွေကိုရော ကျွန်တော်တို့ ထည့်သွင်းတွက်ချက်ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ်တစ်ရပ်ဟာ နိုင်ငံတော်ရဲ့ သမိုင်းကြောင်း၊ လက်ရှိ နိုင်ငံရေးအခြေအနေများနဲ့ ကိုက်ညီအောင် စေ့စပ်သေချာစွာ ချိန်ဆရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ တည်ဆောက်ဆဲကာလမှာ ဒီမိုကရေစီ ပိုမိုရင့်သန်ခိုင်မာလာစေရေးအတွက် ပါတီငယ်တွေရဲ့ အခန်းကဏ္ဍ က အရေးပါသလိုပဲ အခြားသော စိန်ခေါ်မှုတွေလည်း ရှိနေနိုင်ပါတယ်။ ကျွန်တော်တို့ FPTP စနစ်ကို ၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲ ကျင်းပတဲ့ အခါမှာ လွှတ်တော်အသီးသီးမှာ တိုင်းရင်းသားပါတီများအနေနဲ့ (၄၅) ရာခိုင်နှုန်း ကိုယ်စားပြုတယ်လို့ လေ့လာသိရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ် တစ်ရပ်ဟာ ရွေးကောက်ပွဲ ကျင်းပပုံ နည်းစနစ်တစ်ခုဟု သာမန်သဘောထား၍ မရပါဘူး။ နိုင်ငံတစ်ခုရဲ့ လက်ရှိပြဿနာများကို မည်သို့ ဖြေရှင်းမှာလဲ၊ အနာဂတ်ကို ကောင်းမွန်စွာ ရင်ဆိုင်နိုင်ရေးအတွက် မည်သို့သော အုပ်ချုပ်မှုတစ်ရပ်ကို တည်ဆောက်မယ်ဆိုတဲ့ မေးခွန်းရဲ့ အဖြေဖြစ်ပါတယ်။ နယ်သာလန် ပါတီစုံ ဒီမိုကရေစီဌာနရဲ့ ရွေးကောက်ပွဲစာတမ်းမှာတော့ အကောင်းဆုံး ရွေးကောက်ပွဲဟူ၍ မရှိပါ။ ရွေးကောက်ပွဲကျင်းပရန် လိုအပ်သည့် အခြေအနေတိုင်းတွင် ထည့်သွင်းစဉ်းစားစရာ အခြေအနေ အမျိုးမျိုးရှိနေနိုင်ပါတယ်။ နိုင်ငံများတွင်လည်း အပြိုင်အဆိုင် ရည်မှန်းချက်များနဲ့ ဦးစားပေးရန်များ လည်း ရှိနေနိုင်ပါတယ်။ အခြားနိုင်ငံများရဲ့ အတွေ့အကြုံများက သင်ခန်းစာများကို ယူစရာများရှိနေသည့် တိုင် ရွေးကောက်ပွဲစနစ်တိုင်းမှာ အားသာချက်၊ အားနည်းချက်တွေ ပါဝင်နေတဲ့အတွက်ကြောင့် မိမိတို့ နိုင်ငံအခြေအနေနဲ့ အသုံးတည့်/မတည့်၊ ဘယ်လောက်အကျိုးရှိ၊ မရှိ ဆိုတာကိုလည်း စဉ်းစားရမယ့် အချက်ဖြစ်ပါတယ်လို့ ကျွန်တော်တို့ ဆိုထားပါတယ်ခင်ဗျား။

ဒါကြောင့်မိုလို့ အဆိုရှင်တင်သွင်းတဲ့ PR စနစ်ဟာ ယခင်က အမေရိကန်နိုင်ငံမှာ စတင် ကျင့်သုံးခဲ့ပြီးတော့ အားနည်းချက်တွေကြောင့် ယခုအခါမှာ FPTP စနစ်ကိုသာ ကျင့်သုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးနဲ့ အထူးသဖြင့်တော့ ပြည်နယ်တွေ ဟာ PR စနစ်ကို မလိုလားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မဲဆန္ဒရှင်တွေရဲ့ မဲပေးရမယ့် အစီအစဉ်တွေ၊ မိမိရဲ့ မဲဆန္ဒနယ်ကို ကိုယ်စားပြုရမယ့် အမတ်လောင်းနဲ့ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး တွေကို ရှင်းလင်းလွယ်ကူစွာ သိရှိနားလည်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ PR စနစ်မှာ အဆင့်ဆင့်ဆောင်ရွက်ရ တဲ့ မဲပေးမှုအတွက် လိုအပ်သောအချိန်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးစရိတ်၊ မဲပေးသူများရဲ့ အဆင်ပြေချော မွေ့မှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးအပါအဝင် နိုင်ငံတော်ရဲ့ ဒီမိုကရေစီအရေးမှာ အခြေခံကျတဲ့ ကျေးလက်နေပြည်သူတို့ရဲ့ ပါဝင်မှုဟာလည်း အရေးပါလှပါတယ်။ သူတို့နဲ့ ရင်းနှီးကျွမ်းဝင်စေမယ့် မဲပေး တဲ့စနစ်၊ ကိုယ်စားလှယ်ရွေးချယ်တဲ့ စနစ်ကိုလည်း ထည့်သွင်းတွက်ချက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် PR စနစ်ကို မြန်မာနိုင်ငံမှာ ကျင့်သုံးဖို့အတွက် အချိန်စောနေသေးတယ်လို့ ယူဆပါ တယ်ခင်ဗျား။ ဒီမိုကရေစီ ကူးပြောင်းစ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲစနစ်က အရေးပါတဲ့ကိစ္စ ဖြစ်တဲ့ အတွက်ကြောင့် အစကောင်းပြီး၊ အနှောင်းသေချာစေရန် ကိုယ်နိုင်ငံရဲ့ အခြေအနေနဲ့ အသင့်မြတ်ဆုံး ပုံစံ တစ်ခုကို ဝိုင်းဝန်းအချိန်ယူညှိနှိုင်းပြီးတော့ ဆုံးဖြတ်သင့်ပါတယ်။ အဆိုရှင်ရဲ့ အဆိုဟာ လတ်တလော

ဆိုင်းငံ့ထားသင့်ပြီးတော့ ကျယ်ပြန့်စွာ ညှိနှိုင်းအဖြေရှာ ပြန်လည်သုံးသပ်သင့်ပြီး သင့်တော်သောအချိန် ရောက်မှသာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝ ပြုပါတယ်။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ရဲ့အဆိုကို ကန့်ကွက် ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါတီစုံ ရွေးကောက်ပွဲစနစ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ မြန်မာလူထု သိရှိတာက အလွန်တစ်ရာ နည်းပါတယ်။ ဘာလို့လဲဆိုရင် မြန်မာနိုင်ငံမှာ နောက်ပိုင်းနှစ်တွေမှာ ရွေးကောက်ပွဲလုပ်တာ နှစ် (၃၀) မှာ တစ်ကြိမ်၊ နောက် အနှစ် (၂၀) မှာ တစ်ကြိမ် ဆိုသလို ကျင်းပ ခဲ့တာဖြစ်ပါတယ်။ နောက်ပြီးတော့ ပါတီစုံ လွှတ်တော်ဆိုတာကလည်း နှစ် (၅၀) လောက်ကြာမှ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတိုင်းကို FPTP ဆိုတဲ့ နိုင်သူ အကုန်ယူစနစ်နဲ့ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အဲဒီစနစ်ကိုတောင်မှ ပြည်သူလူထုက အဆက်ပြတ် အားကြီးလို့ မဲထည့်တဲ့အခါ ရှုပ်ထွေးတတ်ပါတယ်။ အဲဒါနဲ့ သင်တန်းတွေပေးပြီးမှ မဲထည့်ထားတာ ဖြစ်ပါတယ်။ မဲထည့်တဲ့အခါလည်း ပယ်မဲတွေ အများကြီး ထွက်လာတာ တွေ့ရပါတယ်။

PR စနစ် ဟာ နဂိုကတည်းက ရှုပ်ထွေးတဲ့အတွက် ကျွန်တော်တို့ မြန်မာလူထု သိရှိဖို့ တော်တော် ခက်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေတောင်မှ ၂၀၁၂ ခုနှစ် လောက်မှာမှ နည်းနည်းသိခွင့်ရတာ ဖြစ်ပါတယ်။ နောက် သင်တန်းတွေ ဘာတွေ တက်ပြီးမှ ပိုသိလာတာ ဖြစ်ပါတယ်။ အခု PR စနစ် သုံးနေတဲ့ စံထားတဲ့ နိုင်ငံတွေမှာ PR စနစ်ကို သုံးတာက (၁၉) ရာစုလောက်က ဖြစ်ပါတယ်။ ဆိုတော့ ခုချိန်မှာဆိုရင် သူတို့ တော်တော်နေသားကျနေပြီ ဖြစ်ပါတယ်။ ဒိန်းမတ်နိုင်ငံဆိုရင် ၁၈၅၇ မှာ သုံးခဲ့ပါတယ်။ ၁၈၇၈ မှာက ဘယ်လ်ဂျီယံနိုင်ငံ၊ ၁၈၉၀ မှာက ဆွစ်ဇာလန်နိုင်ငံ၊ ၁၉၀၇ ခုမှာက တက်စမေးနီးယားနိုင်ငံ၊ ၁၉၁၉ ခုမှာ အိုင်ယာလန်နိုင်ငံ စသည်တို့က အသုံးပြုခဲ့ပါတယ်။ ခုတော့ သူတို့ တော်တော် နေသားကျနေပါပြီ။ ခုဆိုရင် အာရှ၊ အာဖရိကနိုင်ငံ တွေကလည်း PR စနစ်ကို သုံးလာတဲ့အတွက် နိုင်ငံပေါင်း (၉၀) ခန့်လောက် ရှိနေပါတယ်။ နိုင်ငံပေါင်း (၉၀)မှာသုံးတဲ့ PR စနစ်ကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူဘဲနဲ့ အမျိုးအစား (၉၀)လောက် ဖြစ်နေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာသုံးမယ်ဆိုရင်လည်း မြန်မာ PR စနစ်သစ်တစ်ခု ပေါ်ပေါက်လာရမှာ ဖြစ်ပါတယ်။ အဲဒီစနစ်ကို သတ်မှတ်ဖို့ဆိုရင်လည်း ကျွန်တော်တို့ ပထဝီကွဲပြားမှုနဲ့ လူမှုရေးအဆင့်အတန်းတွေ ယဉ်ကျေးမှုအဆင့်အတန်း၊ စီးပွားရေး အချက်အလက်တွေနဲ့ သန်းခေါင်စာရင်းကိုလည်း သိရှိဖို့ လိုပါမယ်။ အဲဒါကြောင့် အချိန်ယူပြီးတော့ စဉ်းစားရမယ့်ကိစ္စ

ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်ပြခဲ့တာ ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်အတွင်း ဆုံးဖြတ်ပြီးမှသာ ဒီ PR စနစ်ကို အချိန်မီ ဆောင်ရွက်နိုင်မယ်လို့ ကော်မရှင် ဥက္ကဋ္ဌက တင်ပြခဲ့တာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီတိုင်းပြည်ကြီးတွေ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေ အားလုံးဟာ FPTPစနစ်ကို သုံးပါတယ်။ အိန္ဒိယဆီးနိတ်((senate) ကတော့ PR စနစ်ကို နည်းနည်း သုံးပါတယ်။ PR စနစ်ကို လေ့လာကြည့်လို့ရှိရင် ဂျာမနီနိုင်ငံ၊ နယူးဇီလန်၊ ဆွစ်ဇာလန်နိုင်ငံ တွေကို တွေ့ရပါတယ်။ အဲဒီနိုင်ငံတွေ ဆိုတာက ဖွံ့ဖြိုးပြီးတဲ့ နိုင်ငံတွေပါ။ PR စနစ်ကို မသုံးဘဲနဲ့ FPTP စနစ်ကို သုံးသုံး၊ ဖက်ဒရယ်စနစ်ကို သုံးသုံး၊ ယူနီတရီ (unitary)စနစ်ကို သုံးသုံး သူတို့ရဲ့ စီးပွားရေး၊ နိုင်ငံရေးဟာ သိပ်အပြောင်းအလဲကြီး ဖြစ်လာမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နိုင်ငံမှာက စီးပွားရေးအရင်းအနှီး၊ လူမှုရေးအရင်းအနှီးတွေက တောင့်တင်းခိုင်မာလာတာကလည်း နှစ်အကြာကြီး ရှိလာပြီ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဆိုရင်လည်း PR စနစ် သုံးပါတယ်။ သူတို့ဆီမှာ အာဏာလည်း ခဏ ခဏ သိမ်းပါတယ်။

ဒါပေမဲ့ သူတို့ စီးပွားရေး၊ နိုင်ငံရေးက အကြီးအကျယ် ပြောင်းလဲမသွားပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံက ခုမှ ဒီမိုကရေစီတိုင်းပြည်သစ်အဖြစ် စတင်ထူထောင်နေတဲ့အချိန်၊ နုနယ်သေးတဲ့အချိန် ဖြစ်ပါတယ်။ ဒီမိုကရေစီ ကျင့်သားကလည်း မရသေးပါဘူး။ ရှုပ်ထွေးတဲ့ PR စနစ်ကို သုံးမယ်ဆိုရင် တော်တော် စဉ်းစားကြည့်ရမှာဖြစ်ပါတယ်။ အမှားအယွင်းဒဏ်တွေကို ကျွန်တော်တို့ ခံနိုင်ဖို့လား ဆိုတာကလည်း စဉ်းစားကြည့်ရမယ့်အပိုင်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယူးဇီလန်နိုင်ငံမှာလည်း PR စနစ်ကို သုံးနေပါတယ်။ ဒီ PR စနစ်ကို သုံးဖို့အတွက် နှစ်အကြာကြီး အချိန်ယူခဲ့ရပါတယ်။ ၁၉၈၅ မှာစပြီးတော့ PR စနစ် ရွေးကောက်ပွဲကို စပြီး လေ့လာပါတယ်။ (၈) နှစ်အကြာမှာ ၁၉၉၃ မှာ ပြည်သူ့ဆန္ဒ ခံယူပါတယ်။ နောက်ထပ် (၃) နှစ်အကြာ ၁၉၉၆ မှာမှ ရွေးကောက်ပွဲမှာ စတင် သုံးစွဲခဲ့ပါတယ်။ နောက်ပြီးတော့ တစ်ခါ နောက် (၅) နှစ်အကြာ ၂၀၁၁ ခုနှစ်မှာ ပြည်သူ့ဆန္ဒခံယူပွဲ ပြန်သုံးသပ်တာတွေ ရှိပါတယ်။ PR စနစ်ဟာ ဗြုန်းကနဲ ဖြစ်လာတာ မဟုတ်ပါဘူး။ ဂျာမနီနိုင်ငံမှာဆိုရင်လည်း PR စနစ် သုံးပါတယ်။ ဒါဟာလည်း ပြည်ထောင်စုရွေးကောက်ပွဲတွေမှာပဲ သုံးပါတယ်။ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲမှာကျတော့ အကုန်လုံး မသုံးသေးပါဘူး။ တစ်ချို့ပြည်နယ် သုံး၊ လေးခု ကျန်နေတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်ကို သုံးမယ်ဆိုရင် မဲဆန္ဒနယ် ဧရိယာကို သတ်မှတ်ပေးရပါတယ်။ ပြီးတော့ အဲဒီနယ်ထဲမှာ ယှဉ်ပြိုင်မယ့် လွှတ်တော်ကို တက်နိုင်တဲ့ အမတ်၊ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ကို တိတိကျကျ ပြဋ္ဌာန်းပေးရပါမယ်။ နောက်ပြီးတော့ အနိုင်ရနိုင်မယ့် ပါတီရဲ့ အနိမ့်ဆုံးရရမယ့် မဲရာခိုင်နှုန်းကိုလည်း သတ်မှတ်ပေးရပါတယ်။ အဲဒီ (၃) ခု စလုံးဟာ ကျွန်တော်တို့ နိုင်ငံနဲ့ အခက်အခဲတွေ ရှိပါတယ်။ မဲဆန္ဒနယ် ဧရိယာကို သတ်မှတ်တဲ့အခါလည်း တစ်တိုင်းတစ်ပြည်လုံးကို သတ်မှတ်တဲ့စနစ်လည်း ရှိပါတယ်။ ပြည်နယ်ကို သတ်မှတ်တာလည်း ရှိပါတယ်။ ခရိုင်ကို သတ်မှတ်တာလည်း ရှိပါတယ်။ အစ္စရေးနိုင်ငံမှာ ဆိုရင်တော့ တစ်ပြည်လုံးကို သတ်မှတ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်ပြည်လုံးကို မဲဆန္ဒနယ်တစ်ခု သတ်မှတ်မယ် ဆိုရင် ဒီပါတီကလေးတွေနဲ့ တိုင်းရင်းသားပါတီတွေအတွက် တော်တော် အခက်အခဲရှိ ပါတယ်။

ဘာလို့လည်းဆိုလို့ရှိရင် ဒီ ငွေအင်အားနဲ့ လူအင်အားက တစ်ပြည်လုံး အတိုင်းအတာကို မလိုက်နိုင်လို့ ဖြစ်ပါတယ်။

ဥပမာပေးပြီးတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက် စဥ်းစားကြည့်ရင်၊ ရခိုင်ပါတီ တစ်ခုတည်း စဥ်းစားကြည့်ရင် တစ်ပြည်လုံးကို မဲဆွယ်ဆင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မြန်မာ တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်အဖြစ် သတ်မှတ်လိုက်လို့ရှိရင် လူဦးရေက သန်း (၆၀) ရှိပါတယ်။ ရခိုင် လူမျိုးတွေက (၃) သန်းပဲရှိပါတယ်။ အကုန်လုံး (၂၀) ပုံ လို့ (၁) ပုံ ပဲ ရှိပါတယ်။ မဲထည့်နိုင်ခွင့်ရှိတဲ့ လူဦးရေလည်း အဲဒီအချိုးအတိုင်းပဲ မတိမ်းမယိမ်းပဲ သွားမှာပါ။ အဲဒီလိုဆိုရင် ရခိုင်ပါတီအနေနဲ့ (၂၀) ပုံ (၁) ပုံ ပဲ မဲရရှိမှာ ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အရေအတွက် (၁၆၈)ယောက်နဲ့ တွက်လိုက်လို့ရှိရင် ကျွန်တော်တို့ ရခိုင်ပါတီက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၈) ယောက်ပဲ ရမှာဖြစ်ပါတယ်။ နောက်ပြီးတော့လည်း လူဦးရေများတဲ့ ပြည်နယ်တစ်ခုက ဖြည့်ပေး ရမယ့် အနေအထားတွေရှိပါတယ်။

ရွေးကောက်ပွဲဧရိယာကို သိပ်အကြီးကြီး မသတ်မှတ်ဘဲနဲ့ ရခိုင်ပြည်နယ် အတိုင်းအတာ တစ်ခုကို သတ်မှတ်လိုက်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ရခိုင်ပါတီတွေအတွက် အခက်အခဲ ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်က လူဦးရေ ၃ သန်းရှိပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် က (၁၂) ယောက် သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ ပြည်နယ်ထဲမှာက white card နဲ့ (၃) ခေါက်ချိုး မှတ်ပုံတင်ကိုင်တဲ့ ဘင်္ဂါလီ တွေက (၁) သန်းကျော် ရှိပါတယ်။ ဆိုတော့ အချိုးအစား ချလိုက်လို့ ရှိရင် အကုန်လုံး မဲထည့်ကြမယ် ဆိုရင်တောင် ရခိုင်လွှတ်တော်အမတ်က (၇) ယောက်လောက်ပဲ ရနိုင်မှာပါ။ ပါတယ်။ ဘင်္ဂါလီလွှတ်တော်အမတ်က (၅) ယောက်လောက် ရနိုင်မှာပါ။ အဲဒီလို ပြဿနာမျိုးတွေ ရှိပါတယ်။ အဲဒါကြောင့် PR စနစ်ကို သုံးမယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်အတွက် တော်တော် အခက်အခဲတွေ ရှိပါတယ်။

နောက်တစ်ချက်ကလည်း အဲဒီ FPTP စနစ်သုံးတဲ့အခါ Electoral Dictatorship ရွေးကောက်ပွဲ အာဏာရှင်စနစ်တွေ ဖြစ်နိုင်တယ်ဆိုပြီးတော့ မှန်းဆချက်တွေလည်း ရှိပါတယ်။ ဒါပေမဲ့ လက်တွေ့ကမ္ဘာမှာ အဲဒီလို FPTP စနစ်မှာ ရွေးကောက်ပွဲ အာဏာရှင်စနစ်ဖြစ်တာ သိပ်မရှိပါဘူး။ အာဖရိက၊ တောင်အမေရိက တစ်နိုင်ငံ၊ နှစ်နိုင်ငံလောက်ပဲ ရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မှာဆိုရင် အဲဒီလို ရွေးကောက်ပွဲ အာဏာရှင်စနစ်က ပိုလို့တောင်မှ မဖြစ်နိုင်ပါဘူး။ ဘာလို့လဲ ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ တိုင်းရင်းသားပါတီတွေ ရှိပါတယ်။

လွှတ်တော်ထဲမှာ ဆိုလို့ရှိရင်လည်း တိုင်းရင်းသားပါတီတွေက အမတ် တော်တော် များများ ရှိပါတယ်။ တပ်မတော်သားကလည်း လောလောဆယ် (၂၅) ရာခိုင်နှုန်း ရှိပါတယ်။ ဆိုတော့ ပါတီတစ်ခုက အာဏာရှင်စနစ် ကျင့်သုံးဖို့က လောလောဆယ် မဖြစ်နိုင်သေးပါဘူး။

အဲဒါကြောင့် ဒီ FPTP စနစ်မှာ ရွေးကောက်ပွဲ အာဏာရှင်စနစ်လည်း မဖြစ်နိုင်တဲ့အတွက် အဲဒီ FPTP စနစ်ကိုပဲ မြန်မာနိုင်ငံရွေးကောက်ပွဲစနစ်မှာ ဆက်လက်အသုံးပြုဖို့ ကျွန်တော် ထောက်ခံ ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားရပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူနဲ့ ကော်မရှင်အဖွဲ့ဝင် ပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်ရဲ့အဆိုကို ကျွန်တော် ကန့်ကွက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

အဆိုရှင်က လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းထားပါတယ်။ ဒီအဆိုမှာကိုက ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ၊ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေတွေနဲ့ ကျွန်တော် နည်းနည်းလေး အံချော် နေမလားလို့ ခံစားမိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်း အခန်းမှာပါတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်များ ပုဒ်မ ၃၉၉၊ ၃၉၉(က)မှ (ဇ)အထိလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များ ပုဒ်မ ၄၀၂(က)မှ (ဂ) အထိတွင်လည်းကောင်း၊ နောက်တစ်ခါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း(၄) တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၀(က)မှ (ည) အထိ၊ ပုဒ်မ ၁၁(က)မှ (ဂ)အထိ လေ့လာကြည့်တဲ့အခါမှာ အဆိုရှင်တင်ပြထားသလို ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို တိုက်တွန်းမှုဟာ တကယ်ရော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်မှာ ရှိပါသလား ဆိုတာကို သေသေချာချာ လေ့လာဆန်းစစ်ဖို့ လိုအပ်မယ်လို့ သုံးသပ်စေချင်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ ဒီပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေမှာရောပါတဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို အနည်းငယ် ဖတ်ကြားခွင့်ပြုပါခင်ဗျား။ အခန်း(၄) ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၀ ။ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ (ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊ (ဂ) ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ကို ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းစေခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊ (ဃ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ (င) မဲစာရင်းများပြုစုခြင်း၊ ပြုစုစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်စေခြင်း၊ (စ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေ

လုံခြုံရေးအခြေအနေအရသော်လည်းကောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊ (ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊ (ဇ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊ (ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဇ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားရာ၌ ယင်းသို့ ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ကန့်ကွက်ချက်များရှိပါက ယင်းကန့်ကွက်ချက်များကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ရန်အတွက် ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊ (ည) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး (၁) ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊ (ဋ) ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရန်ပုံငွေခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊ (ဌ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊ (ဍ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း၊ နောက်တစ်ခါ ပုဒ်မ ၁၁ မှာ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည်။ (က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ (ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊ (ဂ) နိုင်ငံရေးပါတီဆိုင်ရာဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ ဆိုပြီးတော့ တာဝန်နှင့် လုပ်ပိုင်ခွင့်မှာ ဒီအတိုင်းပဲ ကျွန်တော်တို့ ပြဋ္ဌာန်း ပေးထားပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ကျွန်တော်ဒီမှာဖတ်ရှုလေ့လာသလောက်က ရွေးကောက်ပွဲကော်မရှင်ဟာ နည်းဥပဒေတွေကိုပဲ ထုတ်ပြန်နိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီမှာကျွန်တော်တို့ နောက်ဆုံး ဒီရွေးကောက်ပွဲကော်မရှင်ဥပဒေရဲ့ စာမျက်နှာ (၅၁)၊ ပုဒ်မ ၁၈ မှာ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဆိုပြီးတော့ပဲ ဒီလို ပြောထားပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီရွေးကောက်ပွဲ ကော်မရှင်သည် နည်းဥပဒေများကိုသာ ထုတ်ပြန်နိုင်ပါတယ်။ ဥပဒေပြင်ဆင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရန် အခွင့်အာဏာ ပေးမထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကို အဆိုရှင်အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥပဒေ ပြင်ဆင်ရေးလုပ်ငန်းတွေ ပုံအပ်နေတာဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ရော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအနေနဲ့ရော ညီညွတ်ပါသလား၊ ကိုက်ညီပါသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီးတော့ လုပ်ဆောင်သလိုဖြစ်သွားမှာကို ထည့်သွင်းစဉ်းစားဖို့အတွက် လိုအပ်တယ်ဆိုတဲ့ ရှုထောင့်ကနေပြီးတော့ ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်တာပါခင်ဗျား။

နောက်တစ်ခုက ဒီအဆိုကို ကျွန်တော်တို့အနေနဲ့ ဒီလွှတ်တော်ကနေပြီးတော့ အတည်ပြုပြီး လို့ အကောင်အထည်ဖော်ချင်တယ်ဆိုတာတောင်မှပဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ဒီသက်ဆိုင်ရာ

အချက်အလက်တွေကို ကျွန်တော်တို့ အရင်ပြောင်းလဲပြီးတော့မှ အကောင်အထည်ဖော်ရမယ်လို့ ကျွန်တော် ဒီလိုနားလည်မိပါတယ်။ ဒီချွတ်ချော် လွဲချော်နေတဲ့ ချိတ်ဆက်မှုမရှိတဲ့အပိုင်းတွေကို ပြန်လည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ သက်ဆိုင်ရာ အချက်အလက်တွေကို အရင်ပြောင်းလဲပြီးတော့မှပဲ ကျွန်တော်တို့ ဒီဟာကို အကောင်အထည်ဖော်ရလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ နားလည်မိပါတယ်။ ဒါကြောင့် ပြိုင်ပွဲတစ်ခုလိုပါပဲ။ ဘောလုံးပွဲတစ်ပွဲ ကျင်းပတဲ့ အခါမှာ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေက ဒါတွေ ဒါတွေရှိတယ်၊ ဒီအချက်တွေ ရှိတယ်၊ ဒိုင်လူကြီးလုပ်မယ့် ပုဂ္ဂိုလ်က ဒီအချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးတော့ပဲ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးဖို့ပဲ ဖြစ်ပါတယ်။ ဘောလုံးပွဲစည်းမျဉ်းစည်းကမ်းကို ဒိုင်လူကြီးက နေပြီးတော့ ရေးဆွဲပေးဖို့ မဟုတ်ပါဘူး။ ဒိုင်လူကြီးအလုပ်က သမာသမတ်ရှိစွာနဲ့ စည်းမျဉ်းစည်းကမ်း နဲ့အညီ ဆောင်ရွက်ပေးဖို့သာ ဖြစ်တယ်လို့ ကျွန်တော် ဒီလိုပဲ နားလည်မိပါတယ်။ အဆိုရှင်တင်ပြသွား သလိုဆိုရင် ဒိုင်လူကြီးက စည်းမျဉ်းစည်းကမ်းကိုလည်း ကိုယ်တိုင်လည်းဆွဲ၊ အဆုံးအဖြတ် အရှုံးအနိုင် ကိုလည်းလုပ် ဆိုတာမျိုး ဖြစ်နေတဲ့အတွက် ဒီအပေါ်မှာ သေသေချာချာလေး သုံးသပ်ဖို့ လိုအပ်တယ်လို့ တိုက်တွန်းချင်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပါလီမန်ခေတ်က စပြီး အခုအချိန်အထိ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ မဲဆန္ဒနယ်တစ်ခုမှာ ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းများနဲ့ မဲအများဆုံးရရှိသူကိုသာ အနိုင်ရတဲ့ ကိုယ်စားလှယ်ဖြစ်တဲ့စနစ် (First past the post) FPTP System ကိုသာ ကျွန်တော်တို့ ကျင့်သုံးလာခဲ့ပါတယ်။ ဒီစနစ်နဲ့ပဲ ကျွန်တော်တို့ ပြည်သူတွေဟာ ယဉ်ပါးလာခဲ့ကြပါတယ်။ ပြည်သူလူထုအနေနဲ့ အခုအဆိုတင်သွင်းတဲ့ ဒီအချိုးကျ ကိုယ်စားပြုစနစ် Proportional Representation PR System ကို နားလည်နိုင်ဖို့ကို ကျွန်တော်တို့ ထင်ပါတယ်၊ အချိန်ယူ ပြင်ဆင်ဖို့လိုပါသေးတယ်။ ရှုပ်ထွေးပြီးတော့ အားနည်းချက်တွေများတဲ့စနစ် ဖြစ်နေတယ်ဆိုတာကိုလည်း မနေ့က ဆွေးနွေးသွားတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ၊ ကျွန်တော်တို့ တပ်မတော်သား ကိုယ်စားလှယ်ကြီးတွေ၊ နောက် ကျွန်တော်တို့ တိုင်းရင်းသား ကိုယ်စားလှယ်ကြီးတွေ ဒီကနေ့လည်း ကျွန်တော့် ရှေ့မှာ ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီးတွေ တော်တော်များများက အသေးစိတ်ဆွေးနွေးသွားကြတဲ့အတွက် ပြည့်စုံသလောက်ရှိနေပါပြီ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီဟာကိုထပ်ပြီးတော့ မဆွေးနွေးလိုတော့ပါဘူး။ မနေ့ကဆိုရင်လည်း တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ၊ တိုင်းရင်းသားကိုယ်စားလှယ်ကြီးတွေ ဒီနေ့လည်း ဆွေးနွေးသွားတာဟာ ဆိုရင် Power point တွေနဲ့၊ နောက်တစ်ခါ နိုင်ငံတကာက ကျင့်သုံးတဲ့ အခြေအနေနဲ့ ချိန်ထိုးပြီးတော့ ရှင်းပြသွားတာဟာ တော်တော်လည်းပြည့်စုံပါတယ်။

နောက်တစ်ခါ ဆွေးနွေးတင်ပြတဲ့ ပုဂ္ဂိုလ်တွေဟာလည်း တိုင်းပြည်အကျိုးစီးပွားအပေါ်မှာ တကယ့်ရင်ထဲက နေပြီးတော့ ဆွေးနွေးသွားတဲ့အတွက် တိုင်းပြည်အတွက်၊ နိုင်ငံအတွက်၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့အကျိုးအတွက်ကို ရှေ့ရှုပြီးတော့ ဒီမှန်မှန်ကန်ကန် ရှုမြင်သုံးသပ် ဆွေးနွေးသွားတာကို ကျေနပ်အားရစရာ တွေ့ရှိရပါတယ်။ နောက်တစ်ခုက အဲဒီလို ဆွေးနွေးတဲ့အခါမှာလည်း တချို့သော ကိုယ်စားလှယ်ကြီးတွေကလည်း သူတို့ရဲ့ စိုးရိမ်စိတ်တွေနဲ့ ဆွေးနွေးတာကိုလည်း နားထောင်မိပါတယ်။ အဲဒီနေရာမှာ အခုကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ် FPTP System အတိုင်း သွားမယ်ဆိုရင် ဆွေးနွေးသွားတဲ့အခါမှာ ရွေးကောက်ခံ အာဏာရှင်စနစ် ဖြစ်လာမှာကို စိုးရိမ်တယ်လို့ ဒီလို တင်ပြဆွေးနွေးသွားတာကို ကျွန်တော် နားထောင်လိုက်ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အနည်းငယ်

ဆွေးနွေးချင်ပါတယ်။ မဲအများဆုံး ရရှိတဲ့သူဟာ အနိုင်ရ ကိုယ်စားလှယ်ဖြစ်တဲ့ ဒီ FPTP စနစ်ကို လွှတ်လပ်ရေးရပြီးကတည်းက ယခုအချိန်အထိ ကျင့်သုံးလာခဲ့တဲ့အခါမှာ ဘယ်အချက်တွေ၊ ဘယ်လုပ်ရပ်တွေဟာ အားနည်းတာ၊ ချို့ယွင်းတယ်ဆိုတာကို ဆွေးနွေးတဲ့အခါမှာ တိတိပပ အချက်အလက်တွေနဲ့ ဆွေးနွေးသွားတာကို မတွေ့ရှိရပါဘူး။ နောက်တစ်ခုက အမျိုးမျိုးသော ဒီ PR စနစ်တွေမှာ ပါတီကိုအဓိက ရွေးချယ်တဲ့စနစ်က ပိုများပါတယ်။ ဒါလည်း ခုနက တပ်မတော်သား ကိုယ်စားလှယ်ကြီးတွေ၊ တိုင်းရင်းသား ကိုယ်စားလှယ်ကြီးတွေ၊ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးသွားတဲ့ အချက်တွေမှာလည်း ပါ ပါတယ်ခင်ဗျား။

ဒီ PR စနစ်အမျိုးမျိုးမှာ ပါတီကို အဓိက ရွေးချယ်တဲ့စနစ်က ပိုများပါတယ်။ အဲဒီအခါကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ဦးစားပေးရွေးချယ်တဲ့အခါမှာ ပါတီရဲ့အပေါ်ပိုင်း၊ ခေါင်းဆောင်ပိုင်းတွေမှာ ပိုပြီးတော့ အာဏာသက်ရောက်တာကိုတွေ့ရှိရပါတယ်။ ပါတီကိုဦးဆောင်နေတဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ သြဇာအာဏာဟာ ပိုပြီးကြီးမာလာတာကိုတွေ့ရှိရပါတယ်။ ဒီနေရာမှာ မနေ့က လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဦးဇုန်လှယ်ထန်း ဆွေးနွေးသွားတဲ့အထဲမှာ တစ်ချက် ကျွန်တော်နားထောင်မိပါတယ်။ ဦးစားပေးစာရင်းတွေထဲမှာ မိမိပါဝင်လိုတဲ့အတွက် ပါတီဥက္ကဋ္ဌကိုသော်လည်းကောင်း၊ ပါတီရဲ့ ဗဟိုအဆင့် တာဝန် ကြီးကြီးမားမား ယူနေတဲ့ ပုဂ္ဂိုလ်တွေကိုသော်လည်းကောင်း ကိုးကွယ်ရမလို ဖြစ်နေတဲ့အနေအထားကို ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် ဒီစနစ်ကမှ အာဏာရှင်စနစ်ကို ပိုပြီးတွန်းပို့သလိုဖြစ်သွားမယ်ဆိုတာကို သတိချပ်စေချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နိုင်ငံရေးတည်ငြိမ်မှုရဖို့ ကြိုးစားနေရဆဲ၊ ရုန်းကန်နေရဆဲ အချိန်ကာလပဲရှိပါသေးတယ်။ ဒါ့အပြင် တိုင်းပြည်အတွက်၊ ပြည်သူလူထု တစ်ရပ်လုံး အတွက် အကျိုးရှိစေဖို့ ဥပဒေအားလုံးရဲ့ အချုပ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်(၃၁)ဦးနဲ့ ဖွဲ့စည်းပြီး လွှတ်တော်မှာ ဆောင်ရွက်နေကြတဲ့ အချိန်အခါကောင်းလည်းဖြစ်ပါတယ်။ ဒီလိုအချိန်မှာ တိုင်းပြည်ရဲ့ အကျိုးစီးပွားကိုသာ အဓိက ဦးစားပေးပြီးတော့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေ ကင်းစွာနဲ့ တိုင်းပြည်အကျိုး၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးကို ရှေ့ရှုဖို့ လိုအပ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ပြည်သူတွေ ဝေဝါး ထွေပြားစေမယ့် လုပ်ရပ်တွေကို သတိနဲ့ ရှောင်ရှားကြဖို့လည်း လိုအပ်မယ်ထင်ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ ဒီမိုကရေစီစံနှုန်းတွေကို အုပ်ချုပ်တဲ့သူတွေရော၊ ပြည်သူလူထု တစ်ရပ်လုံးကရော အပြည့်အဝ လိုက်နာကျင့်သုံး စောင့်ထိန်းမှုတွေ အားကောင်းနေပြီလား။ ရင့်ကျက်တဲ့ အနေအထားကိုရော ရောက်ရှိနေပြီလား။ ဒါကို ကျွန်တော်တို့ ပြန်မေးခွန်းထုတ်ဖို့လည်း လိုပါတယ်။ နောက်တစ်ခုက ကျွန်တော်မြင် တာကတော့ ကျွန်တော်တို့ လက်ရှိအခြေအနေဟာ ဒီမိုကရေစီယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ရင့်ကျက်တဲ့ အနေအထားကို မရောက်ရှိသေးဘူး။ နုနယ်တဲ့ အချိန်ကာလတစ်ခုကိုပဲ ရှိသေးတယ်၊ ဖြတ်သန်းနေရဆဲလို့ပဲ ကျွန်တော့်အနေနဲ့ ဒီလိုပဲ ကျွန်တော်မြင်ပါတယ်။ ရိုးရိုးသားသား ဒီလိုပဲ သုံးသပ်မိပါတယ်။ ဒါကြောင့်မို့လို့ ဒီ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် အခု ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးတင်ပြသွားတဲ့ အချက်တွေအထဲမှာ PR စနစ်ပေါင်းများစွာ ရှိတဲ့အထဲက ဘယ် PR စနစ်ကို အသုံးပြုမှာလဲ။ နောက်တစ်ခါ ရွေးချယ်ခံရမယ့် လွှတ်တော်ကိုယ်စားလှယ်ရော၊ မဲဆန္ဒရှင် ပြည်သူလူထုကရော ဒီ PR စနစ်နဲ့ ပတ်သက်ပြီးတော့ သေသေချာချာ

နားလည်ကြပြီလား။ ကျယ်ကျယ်ပြန့်ပြန့် Public Educate ဖြစ်အောင်လို့ ကျွန်တော်တို့ ပြည်သူလူထုကို သေသေချာချာ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးပြီလား။ ပြည်သူလူထု ကရော တကယ်နားလည် သဘောပေါက်ပြီလားဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းစဉ်းစားစေ ချင်ပါတယ်။

နောက်တစ်ခုက ဒီလိုဆွေးနွေးဖို့အတွက်က ပြည်သူလူထု တစ်ရပ်လုံးကို အသိပေးတာ၊ တောလက်ကျေးရွာမကျန် ပြောင်းလဲမယ့် ရွေးကောက်ပွဲစနစ်ကို ပညာပေးတဲ့ လုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့လည်း လိုအပ်နေပါသေးတယ်။ နောက်တစ်ခါ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကိုလည်း ကြိုတင်ပြီးတော့ အသေးစိတ်လေ့လာတွက်ချက် စီမံထားဖို့လည်း လိုအပ် ပါတယ်။ ဒါတွေရော ဘယ်လောက်ရှိနေပြီလဲ။ ဒါကို သုံးသပ်ဖို့လည်း ထည့်သွင်းသုံးသပ် ပေးစေချင် ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ သက်ဆိုင်ရာ နိုင်ငံရေးပါတီအသီးသီး၊ နိုင်ငံရေးပါတီ အားလုံး နဲ့ရော၊ ရွေးကောက်ပွဲကော်မရှင်နဲ့ရော သေသေချာချာ ညှိနှိုင်းတိုင်ပင်ဆွေးနွေး ပြီးကြပြီလား။ ဘယ်လို သဘောတူညီချက်တွေ ရပြီးပြီလဲ။ ဒီအပေါ်မှာလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့လည်း လိုပါတယ်။ အဲဒီလိုမျိုး ဆက်ဆွေးနွေးမယ်ဆိုရင်တော့ အများကြီးပါ။ အဲဒီလိုမျိုး အချက်တွေကို ကျွန်တော်တို့ သုံးသပ်ပြီးတော့ လက်ရှိမှာ ဒီမိုကရေစီယဉ်ကျေးမှု စတင်တည်ဆောက်စကာလ နုနယ်သေးတဲ့ အချိန်မှာ ဒီကျင့်သုံးမယ်ဆိုပြီးတော့ ဒီ PR စနစ်ကိုများ ဆုံးဖြတ်ခဲ့မယ်ဆိုရင် ဒီအခြေအနေဟာ ကျွန်တော်တို့ရဲ့ လက်ရှိပကတိ တိုင်းပြည်ရဲ့အခြေအနေနဲ့ တော်တော့်ကို အလှမ်းကွာဝေးလိမ့်မယ်လို့တော့ ကျွန်တော် ဒီလိုမျိုး ကျွန်တော့်ရဲ့ အယူအဆကို ကျွန်တော် တင်ပြချင်ပါတယ်။ အလှမ်းဝေးပါသေးတယ်။ စိုးရိမ်စရာအနေအထားတွေလည်း အများကြီးရှိပါတယ်။ တောက်လျှောက် ကျင့်သုံးခဲ့တဲ့ ကျွန်တော်တို့ FPTP စနစ်မှာတောင်မှပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ပယ်မဲတွေ အများကြီးကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါဟာ ပြည်သူလူထုဟာ မဲပေးပုံ၊ မဲပေးနည်းတောင်မှပဲ မယဉ်ပါးသေးဘူးဆိုတာကို ကျွန်တော်တို့ ပြလို့ရတယ်။ ပယ်မဲတွေ အများကြီးတွေ့တယ်ဆိုတာ တိုင်းပြည်အတွက် မကောင်းဘူး။

မိမိတို့ရဲ့ ဆန္ဒကို ထုတ်ဖော်တဲ့အခါမှာ တိတိပပ မှန်မှန်ကန်ကန်နဲ့ မဲပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဒီပြည်သူလူထုကို ကျွန်တော်တို့ မဲပေးပုံပေးနည်းတွေကအစ စနစ်တကျ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ပြည်သူကို Educate ဖြစ်ဖို့ Educate ဖြစ်အောင် ကျွန်တော်တို့ လုပ်ရပါဦးမယ်။ အဲဒီလိုမျိုး ပယ်မဲတွေများနေတာဟာလည်း တိုင်းပြည်အတွက် မကောင်းပါဘူး။ ဒါကိုလည်း ကျွန်တော်တို့ ထည့်ပြီး သုံးသပ်ဖို့လိုပါတယ်။ အခုလိုမျိုး ပိုမိုရှုပ်ထွေးတဲ့ PR စနစ်ကို သုံးမယ်ဆိုရင် ပြည်သူလူထုက ကျွန်တော်တို့ ခုနက ဒီ FPTP စနစ်နဲ့ ယဉ်ပါးလာတဲ့ အနေအထားမှာတောင် ပယ်မဲတွေများနေရင် ခုနကရှုပ်ထွေးတဲ့ PR စနစ်ကို ပိုသုံးရင် ပြည်သူလူထုမှာ ပိုပြီးဝေဝါးထွေပြား ပြီးတော့၊ ပိုပြီးတော့ ကျွန်တော်တို့ အမှားအယွင်းတွေများလိမ့်မယ်လို့ ဒီလိုပဲ သုံးသပ် မိပါတယ်။ ဒါကြောင့်မိုလို့ အဆိုရှင် ဒေါ်ခင်ဝိုင်းကြည် ရဲ့ လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို

မှတ်တမ်းသဘောမျိုးသာထားရှိဖို့ အဆိုရှင်ကို တိုက်တွန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့အဆိုကို ကန့်ကွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ PR (Proportional Repesentation) အချိုးကျ ကိုယ်စားပြုစနစ်ရဲ့ မူကွဲ (၄)မျိုးနဲ့ ထိုမူကွဲ (၄)မျိုးရဲ့ အားသာချက်၊ အားနည်းချက်၊ PR စနစ် တစ်ခုလုံးရဲ့ အားသာချက်၊ အားနည်းချက်၊ လက်ရှိမြန်မာနိုင်ငံရဲ့ ပကတိအခြေအနေတွေအပေါ်မှာ ခြုံငုံသုံးသပ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အင်္ဂလိပ်လို သုံးစွဲခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ် ရဲ့ မူကွဲ(၄)မျိုးကတော့ (၁) Party List System (၂) Mixed Member Proportional System (၃) Mixed Member Majoritarian System (၄) Single Transferable Vote System ဆိုတဲ့ မူကွဲ(၄)မျိုးဖြစ်ပါတယ်။ အဲဒီတော့ (၁) Party List System မှာ ရွေးကောက်ပွဲဝင်ရန် ပါတီများအလိုက် အမည်စာရင်း တင်သွင်းရပါတယ်။ ပါတီကိုယ်စားလှယ်လောင်းများကိုတော့ သက်ဆိုင်ရာပါတီအလိုက်က တန်းစီဇယား ပြုထားရပါတယ်။ မိမိရွေးချယ်လိုတဲ့ ကိုယ်စားလှယ်ကို မဲပေးစရာမလိုဘဲ မိမိကြိုက်နှစ်သက်တဲ့ ပါတီရဲ့ ပါတီအမှတ်အသားကိုပဲ ရွေးချယ်ပြီး မဲပေးရတဲ့စနစ်ဖြစ်ပါတယ်။ ဆန္ဒမဲပေးပြီးတဲ့အခါမှာ နိုင်ငံတစ်ခု သို့မဟုတ် တိုင်းနဲ့ပြည်နယ် တစ်ခုစီအလိုက် ရရှိထားတဲ့ မဲအရေအတွက်ကို ပေါင်းပြီး ပါတီအလိုက်ရရှိတဲ့ မဲအရေအတွက် အချိုးအတိုင်း ကိုယ်စားလှယ်နေရာခွဲဝေပေးရတဲ့စနစ် ဖြစ်ပါတယ်။

ဤစနစ်အရ တန်းစီဇယားမှာ ထိပ်ဆုံးက စီထားတဲ့ ပါတီထိပ်ပိုင်းခေါင်းဆောင်များသာ သေချာပေါက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်စေနိုင်တဲ့ နည်းစနစ်တစ်ခု ဖြစ်ပါတယ်။ မြို့နယ်အဆင့်ကိုယ်စားလှယ်များကတော့ လက်ခုပ်ပြည့်မှ လက်ကြားယိုမယ့် စနစ်ဖြစ်ပါတယ်။ အစ္စရေးနိုင်ငံမှာ ဒီစနစ်ကို ကျင့်သုံးနေပါတယ်။ အစ္စရေးနိုင်ငံဟာ လူဦးရေနည်းပါးခြင်း၊ ၂၀၁၂ ခုနှစ် စစ်တမ်းအရ ဆိုရင် လူဦးရေ (၈) သန်းခန့်သာ ရှိပါတယ်။ လူမျိုးစုကွဲပြားမှုနည်းပါးခြင်း၊ ဂျူးလူမျိုး (၇၅.၄) ရာခိုင်နှုန်း၊ အာရပ်လူမျိုး (၂၀.၆) ရာခိုင်နှုန်းနှင့် အခြားလူမျိုး ၄ ရာခိုင်နှုန်းသာ ရှိပါတယ်။ ဧရိယာအကျယ်အဝန်း ကျဉ်းမြောင်းခြင်း စတုရန်းမိုင် (၈၀၀၀) ကျော်သာရှိတဲ့အတွက် ဤစနစ်နဲ့သင့်လျော်တယ်လို့ ယူဆရပါတယ်။

သို့သော်လည်း ရှီမွန်ပဲရစ် နဲ့ ဘင်ဂျမင်နေတန်ရာဟု တို့ဟာ ဝန်ကြီးချုပ်နေရာမှာ သက်တမ်း မည်မျှထမ်းဆောင်ခဲ့တယ်ဆိုတာကို ဆက်လက်လေ့လာပါက ဤစနစ်ရဲ့ချို့ယွင်းချက်ကြီးကို

ထင်ရှားစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံငယ်လေးရဲ့ တစ်ခုတည်းသော လွှတ်တော် အတွင်းမှာ ပါတီ (၁၅)ပါတီနဲ့အထက် ပါဝင်နေခြင်းကြောင့် လွှတ်တော်အတွင်းတိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားပြီး လွှတ်တော်ပြိုကွဲမှုနဲ့ အစိုးရကို အတိုက်အခံတို့က အယုံအကြည်မရှိ အဆို တင်သွင်းခြင်း ပြဿနာများကို မကြာခဏ ရင်ဆိုင်ကြရပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ မကြာခဏ ပြန်လုပ်ရလေ့ရှိပြီး အစိုးရအဖွဲ့များလည်း မကြာခဏ ပြုတ်လိုက်၊ ပြန်တက်လိုက် ဖြစ်လေ့ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကဲ့သို့ လူဦးရေက သန်း (၆၀) ကျော်၊ လူမျိုးစုက (၁၃၅)မျိုးနဲ့ ဧရိယာ အကျယ်အဝန်း (၂၆၀၀၀၀) ကျော် စတုရန်းမိုင်ရှိပြီး ပြည်တွင်းပဋိပက္ခမီးများ တောက်လောင်ဆဲ နိုင်ငံတစ်ခုမှာ ဤစနစ်ကို ကျင့်သုံးမိပါက မည်သို့ ဖြစ်ပေါ်လာနိုင်သည်ကို အားလုံး ခန့်မှန်းတွက်ဆ နိုင်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၂) ကတော့ Mixed Member Proportional System ပါ။ ကိုယ်စားလှယ်လောင်းအား တစ်ကြိမ်၊ ပါတီအား တစ်ကြိမ် မဲပေးရွေးချယ်ရသော စနစ် ဖြစ်ပါတယ်။ ဒီစနစ်မှာ မဲဆန္ဒရှင်များဟာ မိမိတို့ရွေးချယ်လိုသည့် ပုဂ္ဂိုလ် အား တိုက်ရိုက်တစ်ကြိမ်၊ ပါတီအား တစ်ကြိမ် နှစ်ဆင့်ထပ်မဲပေးရွေးချယ်ရတဲ့ စနစ်ဖြစ်ပါတယ်။ ဒီစနစ်မှာ မဲဆန္ဒနယ်အလိုက် လူပုဂ္ဂိုလ်အရ ပေးသည့်မဲဆန္ဒ အများဆုံးရသူ လွှတ်တော် ကိုယ်စားလှယ်က တိုက်ရိုက် ကိုယ်စားလှယ်ဖြစ်ပြီးတော့ ဒီနောက် ပါတီအား ပေးသည့်ဆန္ဒမဲရာခိုင်နှုန်း အလိုက် ကိုယ်စားလှယ်နေရာကို တွက်ချက်ခွဲဝေ ရပါတယ်။ ဤနေရာမှာ ရှုပ်ထွေးလာသည်က ပါတီဟာ ပါတီရဲ့ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဦးရေ (၈၀) တိုက်ရိုက် အနိုင်ရခဲ့ပြီး ပါတီအလိုက်ပေးတဲ့ မဲအရေအတွက် ရာခိုင်နှုန်းအရ ကိုယ်စားလှယ် (၁၀၀) အနိုင်ရ သည်ဆိုလျှင် လိုအပ်တဲ့ (၂၀) ဦးကို ပါတီစာရင်းမှ ထပ်မံပေါင်းထည့်ပေးရပါတယ်။ ဆိုလိုသည်မှာ ကိုယ်စားလှယ် (၂၀)ဦးဟာ ပြည်သူလူထုရဲ့ တိုက်ရိုက်ဆန္ဒမဲ မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ် ဖြစ်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။

မြန်မာနိုင်ငံမှာ ဤကဲ့သို့သောနည်းစနစ်ကို ပြည်သူများက သဘောတွေ့လိမ့်မည်မထင်ပါ။ တစ်ခါတစ်ရံမှာ ထိုသို့ထပ်ပေါင်းပေးရသော ကိုယ်စားလှယ်များကြောင့် လွှတ်တော်မှာ ကိုယ်စားလှယ် နေရာအတိအကျ သတ်မှတ်ထား၍ မရဘဲ ပြဿနာများ၊ ဥပမာ လွှတ်တော်ကိုယ်စားလှယ်များ ထပ်တိုးခြင်း (overhang seat) အထိပင် ကြုံတွေ့ရတတ်ပါတယ်။ ဂျာမနီနိုင်ငံမှာ ဤစနစ်ကို ကျင့်သုံးနေတဲ့နိုင်ငံထဲမှာ ထင်ရှားတဲ့နိုင်ငံဖြစ်ပါတယ်။ ဂျာမနီနိုင်ငံရဲ့ရွေးကောက်ပွဲစနစ်မှာ မဲအများဆုံး ရသူနိုင် FPTP စနစ်အရ မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ် (၂၄၈) နေရာနှင့် အချိုးကျ ကိုယ်စားပြု (PR) စနစ်အရ ကိုယ်စားလှယ် (၂၄၈) နေရာတို့ကို သတ်မှတ်ခွဲခြားထားပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံ ဖြစ်သော်လည်း နိုင်ငံရေး မတည်ငြိမ်သော နိုင်ငံ ဖြစ်ပါတယ်။ မကြာခဏ ပြင်ဆင်နေ ရသော စနစ်ဖြစ်၍ မိမိတို့မြန်မာနိုင်ငံ ကဲ့သို့ မဖွံ့ဖြိုးသေးသော အဘက်ဘက်မှ ပြင်ဆင်ရန် လိုအပ်နေ သော နိုင်ငံတစ်နိုင်ငံအတွက် ဤစနစ်ကို ကျင့်သုံးသင့်၊ မသုံးသင့်မှာ များစွာသတိထား စဉ်းစားရမှာ ဖြစ်ပါတယ်။

ထိုသို့သောလွှတ်တော်များတွင် PR စနစ်ကြောင့် ပါတီငယ်လေးတွေ လွှတ်တော်အတွင်း ဝင်လာပြီး မည်သည့်ပါတီကမှ ကိုယ်စားလှယ်ဦးရေ (၅၀) ရာခိုင်နှုန်းထက် မကျော်လွန်ပါက

အစိုးရဖွဲ့ရန်၊ မဟာမိတ်ဖွဲ့ခြင်းများ ထိုမဟာမိတ်ပါတီများအတွင်း မည်သည့်ပါတီကို ဝန်ကြီးနေရာ မည်မျှပေးမည် စသည့်အပေးအယူများ ပြုလုပ်ခြင်းရှိလာပါလိမ့်မည်။ ထို့အပြင် ထိုသို့အစိုးရအဖွဲ့၏ ဦးဆောင်ချက်များကို ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိတို့ဆန္ဒသဘောထားနဲ့ မညီညွတ်၍ မကျေနပ်လျှင် ကျန်ပါတီဝင်များက ယာယီစုပေါင်းကာ ထိုအစိုးရအဖွဲ့များအား ပြုတ်ကျစေရန် လွှတ်တော်အတွင်း အယုံအကြည်မရှိ အဆိုတင်ခြင်း၊ မဲခွဲခြင်းတို့ကို ပြုလုပ်ကြပါလိမ့်မည်။ ထို့နောက်တွင် အစိုးရ ဖွဲ့ထားသော ပါတီမှ ပါတီဝင်များက အစိုးရအဖွဲ့အား ထောက်ခံဆန္ဒပြခြင်းများ၊ ကျန်ပါတီများ၏ ပါတီဝင်များက အစိုးရကို ကန့်ကွက်ဆန္ဒပြခြင်းများ ပြုလုပ်ကြပါလိမ့်မည်။

နောက်ထပ် ပြည်သူများအကြား မလိုလားအပ်တဲ့ ပဋိပက္ခတွေ ပေါ်ပေါက်လာနိုင်ပါတယ် ခင်ဗျား။ ဒီစနစ်ဟာ ပါတီကိုသာ အဓိက ရွေးချယ်ရခြင်းဖြစ်သဖြင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသအတွက် ကိုယ်ရွေးချယ်လိုတဲ့ကိုယ်စားလှယ်လောင်းအား တိုက်ရိုက်မဲပေးခွင့် ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ကိုယ့်မြို့နယ်မှ အရွေးခံယှဉ်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းအား နှစ်သက်သည်၊ မနှစ်သက်သည်ကို ရွေးချယ်ခွင့်မရှိတော့ဘဲ ပါတီကိုသာရွေးချယ်တာ ဖြစ်သည့်အတွက်ကြောင့် အရပ်တကာအော့ကြောလန် မြို့မေတ္တာခံယူပြီး နိုင်ငံရေးလုပ်စားသူများလည်း ကိုယ်စားလှယ်လောင်း ဖြစ်နိုင်တဲ့ အခွင့်အရေးကို ရရှိလာမှာဖြစ်ပါတယ်။ ပါတီရန်ပုံငွေများ များများထည့်ဝင်နိုင်တဲ့ ငွေရှင်၊ ကြေးရှင် စီးပွားရေးသမား များလည်း နိုင်ငံရေးဈေးကွက်မှာ ဝင်ရောက်လာနိုင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ Mixed Member Majoritarian System ကိုယ်စားလှယ်လောင်းအား တစ်ကြိမ်၊ ပါတီအား တစ်ကြိမ် မဲပေးရွေးချယ်သည်။ သို့သော် လူပုဂ္ဂိုလ်အား နေရာအများစုပေးသော စနစ်ကို ဆိုလိုတာပါ။ အထက်ပါ (၂) မှာ ဖော်ပြခဲ့တဲ့ Mixed Member Proportional System နဲ့တူသော်လည်း ကိုယ်စားလှယ်လောင်း အရေအတွက်အချိုးကို ပိုမိုသတ်မှတ်ပေးထားတဲ့ စနစ် ဖြစ်ပါတယ်။ ဒီစနစ်ကိုတော့ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ကျင့်သုံးနေတာ ဖြစ်ပါတယ်။ ယနေ့ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေဟာ မည်မျှရှုပ်ထွေးပြီး တိုင်းပြည်မငြိမ်မသက် ဖြစ်နေတယ်ဆိုတာ အားလုံးအသိပင် ဖြစ်ကြပါတယ်။ ဤစနစ် ကျင့်သုံးခြင်း၏ ပြဿနာများမှာ မကြာခဏ လွှတ်တော်တွင်း ပြဿနာများရင်ဆိုင်ရခြင်း၊ လွှတ်တော်နဲ့အစိုးရကြား ပြဿနာများ ပေါ်ပေါက်လာခြင်း၊ အစိုးရအဖွဲ့ မကြာခဏ နုတ်ထွက်ပေးရခြင်းတို့ ဖြစ်ပါတယ်။ နိုင်ငံရေးမတည်ငြိမ် ဟု ဆိုနိုင်ပါတယ်။ တိုးတက်လှပါတယ်ဆိုတဲ့ ဂျပန်နိုင်ငံပင် ဤပြဿနာများကြောင့် ဝန်ကြီးချုပ်နုတ်ထွက်၊ အစိုးရအဖွဲ့ ပြုတ်ကျ မကြာခဏ ကြုံတွေ့ရပါတယ်။ မြန်မာနိုင်ငံကဲ့သို့ သွေးနုသားနု ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ ပုံတူ ကူးသင့်၊ မကူးသင့် ဆိုတာ သတိကြီးစွာ ဆင်ခြင်ဖို့ လိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ (၄) ကတော့ Single Transferable Vote System အမတ်လောင်းများထဲမှ မိမိတို့နှစ်သက်မှုအရ ဦးစားပေးအစီအစဉ် အရ ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် တပ်ပြီးရွေးချယ်ရသည့် စနစ်ပါ။ ဒီစနစ်မှာ အမတ်လောင်းများအား မဲဆန္ဒရှင် ပြည်သူများ၏ နှစ်သက်မှုအရ ဦးစားပေးနံပါတ်တပ်၍ ရွေးချယ်ရတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်မှာ မဲကျန်များကို အနည်းအများအလိုက် ထပ်ပြီးပေါင်းထည့်ပေးရတဲ့အတွက် အလွန်ရှုပ်ထွေးလှပြီးတော့ ပြဿနာများလည်း များသည့်အတွက် အလွန်အသုံးပြုမှု နည်းပါးနေပါတယ်။

ကိုယ်စားလှယ်လောင်း အမည်နဲ့ ပါတီအမည် အမှတ်အသားဘေး ဆန္ဒပြုကွက်လပ်တွင် မိမိပေးလိုသော ကိုယ်စားလှယ်များကို မှန်ကန်စွာ မဲပေးရန် မနည်းရှင်းပြရသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားအများစု သည် ဤကဲ့သို့ ရှုပ်ထွေးပွေလီမှုများကို ရင်ဆိုင်၍ မှန်မှန်ကန်ကန် မဲပေးနိုင်ရန် မလွယ်ကူပါဘူး။

အထက်တွင်ဖော်ပြခဲ့တဲ့ PR စနစ်များထဲမှ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ သေချာပေါက်အကျိုးရှိမှာ ပါတီငယ်များဖြစ်ကြပြီး သေချာပေါက်အမတ်ဖြစ်မှာ ထိုပါတီငယ်များရဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး စတဲ့ ထိပ်ဆုံးမှ တန်းစီဇယားမှာရှိတဲ့ ပုဂ္ဂိုလ်များပင် ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပါတီကြီးနှစ်ခုဟာ လွှတ်တော်ကိုယ်စားလှယ်နေရာ (၄၀) ရာခိုင်နှုန်းစီ အနိုင်ရထားကြတယ်ဆိုပါစို့။ ပါတီငယ် (၃) ခုက (၈) ရာခိုင်နှုန်း၊ (၇) ရာခိုင်နှုန်း၊ (၅) ရာခိုင်နှုန်းအသီးသီး ရထားတယ်ဆိုပါစို့။ (၄၀) ရာခိုင်နှုန်း ရထားတဲ့ပါတီကြီးနှစ်ခုသည် (၅၀) ရာခိုင်နှုန်းမပြည့်သဖြင့် အစိုးရမဖွဲ့နိုင်။ သို့ဖြစ်ပါ၍ ထိုပါတီငယ်လေး (၃) ခုကို မိမိတို့ ပူးပေါင်းရေးအတွက် မဲဆွယ်ရတော့မှာ သေချာပါတယ်။ ထိုပါတီငယ်လေးတွေကလည်း ဤအချက်ကို နိုင်ကွက်ကိုင်ပြီး ဝန်ကြီး ဘယ်နှစ်နေရာပေးလျှင် ပူးပေါင်းမည်ဟု ကြိုက်ဈေးကိုင်ပါတော့မည်။ ထိုအခါ အစိုးရဖွဲ့လိုသော ပါတီကြီးနှစ်ခုကလည်း မိမိတို့အစိုးရဖွဲ့ နိုင်ရေးပါတီငယ်များ ကြိုက်ဈေးပေး၍ အလိုလိုက်ကြရပါတော့မည်။ အစိုးရအဖွဲ့ဖွဲ့ပြီးပြန်တော့လည်း ထိုပါတီငယ်လေးများကို မိမိတို့နှင့် လက်တွဲမဖြုတ်ရေး ပြိုင်ဘက်ပါတီဘက်ပါမသွားရေးတို့ကို အခွင့်အရေးပေး မျက်နှာချိုသွေးရတော့မှာ ဖြစ်ပါတယ်။ ဤသို့အားဖြင့် ထိုပါတီကြီးထဲမှ ကိုယ်စားလှယ်များနှင့် ပါတီငယ်ခေါင်းဆောင်များကြား ပြဿနာပေါင်းစုံ ပေါ်ထွက်လာနိုင်မှာ မြေကြီး လက်ခတ်မလွဲပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်ရဲ့တစ်ခုလုံးရဲ့ အားသာချက်၊ အားနည်းချက်။ နောက် PR စနစ်ရဲ့ အားသာချက်တွေက (၁) ပြည်သူလူထုရဲ့ဆန္ဒမဲတွေ လေလွင့်မှု နည်းစေခြင်း၊ (၂) လူနည်းစုပါတီငယ်များ လွှတ်တော်ထဲသို့ ရောက်ရှိလာနိုင်ခြင်း၊ (၃) အင်အားကြီးပါတီ တစ်ခုတည်းက လက်ဝါးကြီးအုပ်ထားမှုကို ကန့်သတ်ထိန်းညှိထားနိုင်ခြင်း၊ (၄) အမျိုးသမီး ကိုယ်စားလှယ်များ လွှတ်တော်သို့ တက်ရောက်နိုင်ခွင့် ပိုမိုရရှိနိုင်ခြင်း၊ (၅) လုပ်ဆောင်ရည်ကောင်းတဲ့ အစိုးရတစ်ရပ်ကို ဖော်ဆောင်ရန်ဦးတည်စေခြင်းနဲ့ (၆) ပါတီများကြား အာဏာခွဲဝေမှုမှာ ပို၍ထင်သာမြင်သာရှိခြင်း စသည်တို့ကို တွေ့ရှိရပြီးတော့ PR စနစ်ရဲ့ အားနည်းချက်တွေကတော့ (၁) ညွန့်ပေါင်းအစိုးရများ ဖြစ်ပေါ်စေပြီး ဥပဒေပြုရေးကိစ္စများတွင် ထွက်ပေါက်မရနိုင်သည့် အကြပ်အတည်းများ ပေါ်ပေါက်နိုင်ခြင်း၊ အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရန်လိုအပ်နေသည့် အချိန်တွင်ပင် ဆုံးဖြတ်ချက်များ ချမှတ်၍မရနိုင်ခြင်း၊ အသွင်ကူးပြောင်းရေးကာလ အစိုးရသစ်များအနေဖြင့် လူထု၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းမပေးနိုင်ဘဲ အုပ်စုကွဲများ များပြားမှုကြောင့် ဆုံးဖြတ်ချက်များ မချနိုင်ခြင်း၊ (၂) PR စနစ်သည် ပါတီစနစ်ကို မတည်မငြိမ် ဖြစ်စေပြီး အစိတ်စိတ် အမြွာမြွာ ကွဲသွားမှုကို ရှေ့ရှုနိုင်ခြင်း၊ (၃) အစွန်းရောက်ပါတီများအတွက် ပလက်ဖောင်းများ ရရှိလာနိုင်ခြင်း၊ တစ်ယူသန်ပါတီများ လွှတ်တော်သို့ ဝင်ရောက်လာနိုင်ခြင်း၊ (၄) အုပ်ချုပ်သော ညွန့်ပေါင်း ပါတီများအနေဖြင့် ပေါ်လစီချမှတ်နိုင်ရေးတွင် အဆင်မပြေနိုင်သည့်အပြင် မိမိတို့ကို ထောက်ခံသူများ အပေါ်တွင် တူညီသော ရပ်တည်ချက် လုံလောက်မှု မရှိနိုင်ခြင်း၊ တစ်နည်းအားဖြင့် ပါတီတစ်ခုနဲ့တစ်ခု အပြန်အလှန်မှီခိုနေရခြင်း၊ (၅)ပါတီတစ်ခုခုကို အာဏာမှဖယ်ရှားပစ်ရန် အခက်အခဲဖြစ်နိုင်ခြင်း၊ တစ်နည်းအားဖြင့် အချို့ပါတီများ

စွမ်းဆောင်မှု အားနည်းနေသော်လည်း အစိုးရအဖွဲ့မှ ဖယ်ရှားပစ်ရန် အခက်အခဲရှိခြင်း၊ (၆) လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များအကြား ဆက်သွယ်မှု အားနည်းစေနိုင်ခြင်း၊ (၇) လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရာတွင် ပါတီထိပ်ပိုင်းခေါင်းဆောင်များ၏ လက်ထဲတွင် အာဏာအလွန်အမင်း သက်ရောက်မှု ရှိနေခြင်း၊ (၈) ပါတီတွင်းပြဿနာများ ပိုမိုရှုပ်ထွေး စေနိုင်စေခြင်း၊ (၉) PR စနစ်၏ အချို့မူကွဲများသည် မဲဆန္ဒရှင်များအတွက် နားလည်ရန်ခက်ခဲသည့်အပြင် ရွေးကောက်ပွဲကျင်းပပေးမည့် သူတို့အတွက်လည်း အကောင်အထည်ဖော် ဆောင်နိုင်ရန် ခက်ခဲခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သုံးစွဲရန် ခက်ခဲကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် လက်ရှိမြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေကို သုံးသပ်မှာပါ။ အဲဒီတော့ ရှေ့မှာတင်ပြခဲ့တဲ့ PR စနစ်ရဲ့ အားသာချက်၊ အားနည်းချက်ကို နှိုင်းယှဉ်လေ့လာကြည့်မယ်ဆိုလို့ရှိရင် မည်သည့်အချက်က အလေးသာနေသည်ကို ချင့်ချိန်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ PR စနစ်ကို အသုံးပြုရန် သင့်/မသင့် ဝေဖန်စဉ်းစားနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိပကတိအခြေအနေကို ဆွေးနွေးသုံးသပ်သွားမှာ ဖြစ်ပါတယ်။ လက်ရှိပကတိ အခြေအနေများမှာ (၁) လူဦးရေနည်းပါးသည့်ပြည်နယ်များမှ တိုင်းရင်းသားပါတီများအတွက် ရရှိနိုင်သည့် ကိုယ်စားလှယ် အရေအတွက် နည်းပါးစေနိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားများရဲ့ တန်းတူညီမျှမှုအခွင့်အရေးကို လျော့နည်းစေနိုင်ခြင်း၊ (၂) တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ပြီး မတူညီသော ဘာသာစကားများစွာရှိပြီး အချို့ပြည်နယ်များတွင် ဗမာစာ၊ ဗမာစကားကို တတ်ကျွမ်းမှု အားနည်းနေသေးခြင်း၊ (၃) ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဘက်စုံဖွံ့ဖြိုးမှုများ နိမ့်ကျနေသေးခြင်း၊ (၄) ရွေးကောက်ပွဲစနစ်တစ်ခုမှ အခြားရွေးကောက်ပွဲစနစ်တစ်ခုသို့ ပြောင်းလဲရာတွင် လွှတ်တော်သက်တမ်းကာလတစ်ခု မပြီးဆုံးခင် လက်ရှိကျင့်သုံးနေသောစနစ်၏ ကောင်းကျိုး၊ ဆိုးပြစ်များကို သေချာစွာ သုတေသန မပြုလုပ်ရသေးဘဲ အခြားစနစ်တစ်ခုသို့ ပြောင်းလဲလိုသည်မှာ လက်တွေ့မကျခြင်း၊ တစ်နည်းဆိုသော် ယခု FPTP စနစ်ဖြင့် ရွေးချယ်ထားသော အစိုးရနှင့်လွှတ်တော်များမှာ အားနည်းချက်များစွာ ရှိနေ၍လားဟု မေးခွန်းထုတ်စရာဖြစ်နေခြင်း၊ (၅) ဖဆပလခေတ်မှသည် ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ အထိ FPTP စနစ်တစ်ခုတည်းကိုသာ အသုံးပြုခဲ့သော်လည်း ယနေ့အထိတိုင်နယ်မှပြည်သူလူထုမှာ FPTP စနစ်ကိုပင် ရင်းနှီးကျွမ်းဝင်မှု မရှိသေးခြင်းနှင့် ဆက်လက်၍ ပညာပေးရန် လိုအပ်နေသေးခြင်း၊ (၆) ပြည်သူလူထုမှာ ရွေးကောက်ပွဲ စနစ်တစ်ခုနှင့် အကျွမ်းတဝင်ဖြစ်ခါနီးမှ အခြားရွေးကောက်ပွဲစနစ် တစ်ခုကို ပြောင်းလဲသုံးစွဲရန်မှာ မသင့်လျော်သေးကြောင်း လာမည့်ရွေးကောက်ပွဲများတွင် လွှတ်တော်တိုင်းအတွက် ယခုလက်ရှိ သုံးစွဲနေသော FPTP စနစ်တစ်မျိုးတည်းကိုသာ သုံးစွဲသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း အဆိုရှင်ရဲ့ အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ကြောင်း တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီတွင် ရပ်နားပြီး (၁၁း၂၅)နာရီ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင် တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံးနဲ့ ဒီနေ့အစည်းအဝေးကိုကြွရောက်လာတဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးတို့အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ်သုံးနှုန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

ဒီနေ့ဆွေးနွေးရမယ့်အဆိုကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) က ဒေါ်ခင်ဝိုင်းကြည် တင်သွင်းထားတဲ့၊ အားလုံးလည်းသိပြီးဖြစ်နေတဲ့ အချိုးကျ ကိုယ်စားပြုစနစ် PR စနစ်နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒီအဆိုကို တင်လာတဲ့ ရည်ရွယ်ချက်ဟာ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံတွေမှာ ရွေးကောက်ပွဲစနစ်တွေ၊ မူကွဲတွေ အမျိုးမျိုးအစားစားကျင့်သုံး နေတာရှိပါတယ်။ ဒီထဲကမှ တိုင်းပြည်အတွက် သင့်လျော်မယ်လို့ထင်တဲ့ စနစ်တစ်ခုကို တင်ပြလာတယ်လို့ ဒီလိုပဲယူဆမိပါတယ်။ ဒါဟာ အဆိုရှင်ရဲ့ တင်ပြချက်တွေ ထဲမှာလည်း ဒီစနစ်ရဲ့ကောင်းတဲ့အချက်လေးတွေကို သုံးသပ်ပြီးတော့ တင်ပြသွားပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့စေတနာကို လေးစားပါတယ်ဆိုတာကိုတော့ ဦးစွာတင်ပြ လိုပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ လက်တွေ့ မြန်မာနိုင်ငံရဲ့ အနေအထားနဲ့ ကိုက်ညီမှု ရှိ၊ မရှိအပေါ်မှာ သုံးသပ်တင်ပြပြီးတော့ ဒီအဆိုကိုတော့ ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

အဆိုရှင်ရဲ့တင်ပြလာချက်တွေထဲမှာ အဓိကအချက် (၃) ချက် ပါ ပါတယ်။ မဲဆန္ဒရှင်တွေရဲ့ ဆန္ဒမဲတွေ ဆုံးရှုံးမှုမရှိဖို့၊ အလဟဿ ဖြစ်မသွားဖို့ဆိုတာ တစ်ချက်ပါ။ နောက်ပါတီတွေရဲ့ ပါဝင်မှုအချိုးအစား ပိုမိုတိုးတက်လာစေဖို့ဆိုတာကလည်း တစ်ချက်ပါ။ နောက်အဓိကအကျဆုံးနဲ့ နောက်ဆုံးတစ်ချက် ကတော့ ရွေးကောက်ခံပါတီကြီး အာဏာရှင်စနစ်မျိုး ဖြစ်မလာစေရန်ဆိုတဲ့ ဒီအချက်ကြီး (၃) ချက်ကို ဦးတည်ပြီးတော့ တင်ပြသွားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြုဆွေးနွေး တင်ပြလိုတာကတော့ နိုင်ငံရေးပါတီဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့ ရှေ့ခရီးကို ဦးဆောင်ဖို့အတွက် ပြည်သူလူထုကိုစည်းရုံးပြီးတော့ လှုပ်ရှားရတဲ့ ပါတီ အနေအထားမျိုးဖြစ်ပါတယ်။ အဲဒီအခါမှာ လူထုထောက်ခံမှုများတဲ့ ပါတီဟာ First Past The Post စနစ်ပဲ ကျင့်သုံးကျင့်သုံး၊ PR စနစ်ကိုပဲ ကျင့်သုံးကျင့်သုံး လူထုထောက်ခံမှုကတော့ အများဆုံးရရှိတဲ့ ပါတီဟာ အများဆုံးပဲရရှိမှာဖြစ်ပါတယ်။ အနည်းဆုံးရရှိတဲ့ပါတီကလည်း အနည်းဆုံးပဲ။ သူ့အဆင့်နဲ့သူ ရှိမှာပါ။ အဲဒီတော့ ရွေးကောက်ခံပါတီကြီး အာဏာရှင်စနစ်မျိုးဆိုတာ ဒီနေ့ ကမ္ဘာမှာ ပြန်ကြည့်ရင် ဖြစ်ဖို့ရာ အတော်ခဲယဉ်းသွားပါပြီ။ ကျွန်တော်တို့ ဒီမိုကရေစီအထွန်းကားဆုံးနိုင်ငံလို့ ညွှန်းဆိုလေ့ရှိတဲ့ အမေရိကန်ပြည်ထောင်စုမှာ ဆိုလို့ရှိရင် Democratic နဲ့ Republican ပါတီကြီး နှစ်ခုဟာ တစ်လှည့်တစ်ပြန်စီ လူထုရဲ့ထောက်ခံမှုအပေါ်မှာ မူတည်ပြီးတော့ပဲ အာဏာရယူ ဆောင်ရွက် နေရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံကြီး ကမ္ဘာပေါ်မှာ အကြီးဆုံးသော လူဦးရေ အများဆုံးသော ဒီမိုကရေစီနိုင်ငံကြီးလို့ပြောလို့ရတဲ့ အိန္ဒိယနိုင်ငံကြီးမှာဆိုရင်လည်း အခု ကွန်ဂရက်ဆိုင်ပါတီဟာ လူထုရဲ့ ထောက်ခံမှုကို မရရှိတော့တဲ့အတွက်ကြောင့်မို့လို့ ရှုံးနိမ့်သွားပါပြီ။ BJP ပါတီ ကနေပြီးတော့ ဒါ အာဏာကို တစ်လှည့်ရယူပြီးတော့ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အဲဒီတော့ ပါတီကြီးတစ်ခုတည်းပဲ အမြဲတမ်းအာဏာရှင်စနစ် ပုံသေဖြစ်ဖို့ဆိုတာကတော့ ဒီ ၂၁ ရာစုကြီးမှာကတော့ ဖြစ်နိုင်ဖွယ်ရာမရှိပါဘူးလို့ပဲ သုံးသပ်တင်ပြလိုပါတယ်။ နောက်တစ်ခါ ပါတီကြီး၊ ပါတီငယ်ဆိုတာကိုလည်း သုံးသပ်တင်ပြလိုပါတယ်။ ပါတီငယ်ဆိုပေမယ့်လည်း လူထုရဲ့ထောက်ခံမှုကို ရရှိလာတဲ့အချိန်မှာ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အင်အားဟာ ကြီးထွားလာမယ်။ တိုးတက်များပြား လာပြီးတဲ့အခါမှာ ပါတီငယ်ကလည်း ပါတီကြီးဖြစ်လာနိုင်ပါတယ်။ ဘယ်လောက်ပဲအင်အားကြီးမားတဲ့ ပါတီကြီးပဲဖြစ်ဖြစ် ပြည်သူလူထုရဲ့ အကျိုးစီးပွားကို မသယ်ပိုးနိုင်ဘူး ပြည်သူ့ဆန္ဒကိုဆန့်ကျင်တယ်ဆိုရင် ပြည်သူလူထုက ဒဏ်ခတ်မှာပါပဲ။ အဲဒီအခါကျရင် ဒီပါတီကြီးဟာလည်း ကျဆုံးသွားပြီးတော့ တစ်နေ့တစ်ချိန်မှာ ပါတီကြီးဘဝကနေပြီးတော့ ပါတီငယ်ဘဝကို ရောက်သွားမှာပါ။ နောက်တစ်ခု သုံးသပ်တင်ပြချင်တာကတော့ ပါတီငယ်တွေရဲ့ အနေအထားပါ။ ကျွန်တော်တို့ ပါတီတွေမှာ ဖြတ်သန်း ခဲ့တဲ့ သမိုင်းကြောင်းတွေ ရှိပါတယ်။ ပါတီကို ဘယ်အချိန်ကတည်းကစပြီးတော့ တည်ထောင်ခဲ့သလဲ။ ဘယ်အချိန်ကတည်းက ဖြတ်သန်းခဲ့သလဲ။ ဒီလိုရှိပါတယ်။ အဲဒီအချိန်မှာလည်း ကျွန်တော်တို့ ပါတီငယ်လေးတွေလို့ ညွှန်းဆိုနေတဲ့ အခု ကျွန်တော်တို့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်ကမှ ဖွဲ့စည်း တည်ထောင်တဲ့ ပါတီတွေအနေနဲ့ဟာ ရွေးကောက်ပွဲဝင်ဖို့ အခက်အခဲရှိပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲ ဥပဒေများအရ အနည်းဆုံးမဲဆန္ဒနယ် (၃) နယ်မှာ ဝင်ရမယ်ဆိုတဲ့အခါမှာ ဒီမဲဆန္ဒနယ် (၃)နယ်တောင်မှ မဝင်ရောက်နိုင်လို့ ကျွန်တော်တို့ ဆက်လက်မရပ်တည်နိုင်တဲ့ ပါတီတွေရှိပါတယ်။

အဲဒီတော့ ဒီလိုမျိုး PR စနစ်ကိုသာ ကျင့်သုံးပြီးတော့ တစ်တိုင်းပြည်လုံးမှာ သတ်မှတ်ထားမယ့် ဒီလိုကျယ်ပြန့်တဲ့ မဲဆန္ဒနယ်ကြီးတွေမှာ ဆိုလို့ရှိရင် ဒီပါတီငယ်တွေအတွက်ဟာ ပိုပြီးတော့တောင်

အခက်အခဲ ရှိပါလိမ့်မယ်။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်ကြောင့်လေး ဆိုတာမျိုး ဖြစ်လာမယ် ဆိုတာလည်း သတိချပ်ဖို့တင်ပြလိုပါတယ်။

နောက် အရေးကြီးဆုံးတစ်ချက်ကတော့ တိုင်းရင်းသား ကိုယ်စားပြုပါတီတွေရဲ့ အနေအထား ပါ။ မနေ့ကပဲ တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးကြီးက Facts and Figure အပြည့်အစုံနဲ့ ဆွေးနွေးတင်ပြသွားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အချိုးတစ်ခုကို ပုံသေ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဒီအချိုးတစ်ခုကို လူဦးရေပေါ်မှာမူတည်ပြီးတော့ ပုံသေသတ်မှတ်လိုက်မယ်ဆိုရင် တိုင်းရင်းသားဒေသတွေအတွက် အင်မတန်မှ လျော့နည်းသွားပါလိမ့်မယ်။ ချင်းပြည်နယ်တို့၊ ကယားပြည်နယ်တို့လို လူဦးရေနည်းပါးတဲ့ ဒေသတွေအတွက် အင်မတန်မှ အနည်းငယ်မျှသော ကိုယ်စားပြုအနေအထားကိုပဲ ရရှိမှာပါ။ ဒါမှမဟုတ်လည်း နောက်ထပ် တိုင်းနဲ့ပြည်နယ်ကိုပဲ အချိုးပြုပြီး သတ်မှတ်မယ်ဆိုရင်လည်း မဲဆန္ဒရှင်အရေအတွက်ဟာ အဆမတန်ကို ကွာဟသွားမှာပါ။ ရန်ကုန်တို့၊ မန္တလေးတို့လို မြို့ကြီးမျိုးတွေမှာ ကျွန်တော်တို့ လူဦးရေ (၂၅၀၀၀၀) ကျော်လောက်မှ ကိုယ်စားပြု မဲဆန္ဒတစ်နေရာ ရမယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်တွေမှာကျတော့ လူဦးရေ (၁၀၀၀၀) မပြည့်တပြည့်နဲ့ တောင်မှ ရမယ်ဆိုတဲ့အနေအထားမျိုး ဒီဟာတွေကို ညီညွတ်မျှတအောင် အားလုံး ညီညွတ်မျှတအောင် စီစဉ်ဖို့ဆိုတာဟာ အတော်ခက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိ အနေအထားအရ ရွေးကောက်ပွဲ (၆) ကြိမ်ပဲ ကျင်းပဖူးပါသေးတယ်။ ဒါဟာ လွတ်လပ်ရေး ရပြီးတော့ နှစ်ပေါင်း (၇၀) နီးနီးမှာမှ (၆)ကြိမ်ပဲ ရှိသေးတာပါ ။ ပါလီမန် ဒီမိုကရေစီခေတ် မှာ (၃) ကြိမ်ကျင်းပခဲ့ပါတယ်။ ၂၀၁၀ မှာ (၁) ကြိမ် ဒါတွေဟာ ကျွန်တော်တို့ ပါလီမန် ကျွန်တော်တို့လွှတ်တော် ပေါ်ထွန်းလာနိုင်တဲ့ လွှတ်တော်တစ်ခုကို ဖွဲ့စည်းနိုင်တဲ့ ရွေးကောက်ပွဲ (၄) ကြိမ်ပါ။ ၁၉၉၀ ပြည့်နှစ်တုန်းက ပါတီစုံအထွေထွေ ရွေးကောက်ပွဲ (၁) ကြိမ် ကျင်းပခဲ့ပေမယ့် လွှတ်တော်ခေါ်ယူပေးနိုင်ခဲ့ခြင်းမရှိပါဘူး။ ၂၀၁၂ ရွေးကောက်ပွဲကတော့ ဒါ ကြားဖြတ်ရွေးကောက်ပွဲသာဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲ (၆) ကြိမ်စလုံးမှာလည်း ကျွန်တော်တို့တွေဟာ first past the post ဆိုတဲ့စနစ်တစ်မျိုးတည်းကိုပဲ ကျွန်တော်တို့ ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ တင်ပြလိုတာကတော့ နှစ်ပေါင်း (၇၀) နီးနီးမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ရွေးကောက်ပွဲ (၆) ကြိမ်ပဲ ကျင်းပဖူးပါသေးတယ်။

အဲဒီတော့ ဒီအပေါ်မှာအခြေခံပြီးတော့ နောက်ထပ်စနစ်တစ်ခုကို ထပ်ဆင့်ကူးပြောင်းဖို့ သင့်/မသင့် ဆိုတာ ကိုယ်စားလှယ်တော်ကြီးများ အားလုံး လေးလေးနက်နက်စဉ်းစားပေးဖို့ ဥက္ကဋ္ဌကြီး မှ တစ်ဆင့်လေးစားစွာ တင်ပြလိုတာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အနေအထားနဲ့ လက်တွေ့ကျကျသုံးသပ်ရရင်တော့ ခုလို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ အဆိုရှင်က တင်ပြခဲ့တာက အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာမှာ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်ဆိုတော့ ကျွန်တော် တို့တိုင်းပြည် မှာ ယနေ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် (၃) ရပ်စနစ်နဲ့ ကျွန်တော်တို့ ကျင့်သုံးနေတာပါ။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် လွှတ်တော်တွေပါ။ အဲဒီတော့ ကျန်တဲ့လွှတ်တော်တွေမှာရော ဒီစနစ်မျိုး မကျင့်သုံးဘူးလား။ ကျွန်တော်တို့ ဒီမှာ ရွေးကောက်ပွဲ အားလုံး၊ လွှတ်တော်အားလုံး ရဲ့ တန်းတူညီမျှမှုကိုလည်း ကျွန်တော်တို့ စဉ်းစားရမှာပါ။ ဒီလိုစဉ်းစား

မယ်ဆိုရင် ရှေ့ကကိုယ်စားလှယ်ကြီးတွေလည်း တင်ပြပြီး သွားပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေနဲ့ကိုက်ညီမှု မရှိနိုင်ပါဘူး။ ဒီဟာကိုလည်း သုံးသပ်ရမှာ ဖြစ်ပါတယ်။ အဓိက ကတော့ မဲပေးမှုစနစ် ရှုပ်ထွေးမှုပါ။ ကျွန်တော်တို့နိုင်ငံမှာ မြို့နေလူတန်းစားထက် (၇၀) ရာခိုင်နှုန်းကျော်သော ကျေးလက်နေပြည်သူတွေဟာ ဒီစနစ်နဲ့ ဘယ်လိုမှအံဝင်ဂွင်ကျ မရှိနိုင်သေးပါဘူး။ ဒီစနစ်ကိုသာ ပြောင်းလဲကျင့်သုံးလိုက်မယ်ဆိုရင် မဲပေးတဲ့နေရာမှာ အင်မတန်မှ အခက်အခဲတွေ ရှိလာမှာပါ။ ဒါက လက်တွေ့ဆောင်ရွက်ရမယ့် မဲပေးရမယ့်ပုဂ္ဂိုလ်တွေပါ။

နောက်တစ်ဖက်ကကျတော့ ဒီကိစ္စတွေ ဒီ process တွေကို တာဝန်ယူစီစဉ် ဆောင်ရွက်ပေးရမယ့် တာဝန်ရှိတဲ့အဖွဲ့အစည်းဖြစ်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၂၀၁၃ ခုနှစ် ၊ မေလ ၁၃ ရက်နေ့ ရက်စွဲပါ စာနဲ့ ပြည်ထောင်စုလွှတ်တော် နာယကကြီးဆီကို တင်ပြထားတာရှိပါတယ်။ အဲဒီထဲမှာ ရှင်းရှင်းလင်းလင်းကို ဖော်ပြထားတာ ရှိပါတယ်။ ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။ အကယ်၍ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပြောင်းလဲကျင့်သုံးမည်ဆိုပါက ယခု ၂၀၁၃ ခုနှစ် အတွင်း ဆုံးဖြတ်အတည်ပြုပေးမှသာ အချိန်မှီ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း လို့ဖော်ပြထားပါတယ်။ အခုဟာက ၂၀၁၃ ကိုကျော်လွန်လို့ ကျွန်တော်တို့ ခု ၂၀၁၄ ရဲ့ နှစ်တစ်ဝက်တောင် ကျိုးနေပါပြီ။ အဲဒီတော့ ၂၀၁၅ ရွေးကောက်ပွဲကို ဦးတည်ပြီးတော့ ဒီကိစ္စကို စဉ်းစားလိုက်မယ်ဆိုရင် ရွေးကောက်ပွဲ နောက်တစ်ကြိမ်ကျင်းပဖို့ရာ ကျွန်တော်တို့ (၁၄) လလောက်ပဲ ကျန်ပါတော့တယ်။ ဒီအချိန်မှာ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမယ့် အဖွဲ့အစည်းအနေနဲ့ ဘယ်လိုမှ ဒီတာဝန်ကိုဆောင်ရွက်ဖို့ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ တော်တော်လေး အခက်အခဲရှိမှာဖြစ်ပါတယ်။ ဒါပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌရဲ့ တင်ပြချက်မှာလည်း ဒီသဘောထားဟာ အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်တွေဟာ ဥပဒေပြုရပါတယ်။ နောက်တစ်ခါ နိုင်ငံတော်အတွက် အရေးကြီးတဲ့ မူဝါဒတွေကို ချမှတ်ပေးရပါတယ်။ ဒီလို ရွေးကောက်ပွဲစနစ် ပြောင်းလဲခြင်း ဆိုတာကလည်း တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးတဲ့အနေအထား၊ အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ဒါကိုဆုံးဖြတ်ပေးတဲ့အခါ Implementable or not ၊ Implement လုပ်လို့ရပါ့မလား။ လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးလို့ရပါ့မလား ဆိုတဲ့အချက်ဟာ အဓိကအချက်ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ပြီးတော့လည်း ဒီဆုံးဖြတ်မှုကို လက်တွေ့အကောင်အထည် မဖော်နိုင်ဘူး။ လက်တွေ့အကောင်အထည်ဖော်ဖို့ဟာ ခဲယဉ်းမယ်ဆိုရင် ဒါကိုကျွန်တော်တို့ အလေးအနက် ထားပြီးတော့ သုံးသပ်ရမှာဖြစ်ပါတယ်။ PR မှာ စနစ်အမျိုးမျိုး ရှိပါတယ်။ ဒီစနစ်တွေထဲကမှ ဘယ်လိုစနစ်မျိုးကို ရွေးချယ်မှာလဲ။ ခုနတုန်းက ရှေ့ဦး တင်ပြခဲ့သလိုပါပဲ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ လူဦးရေများပြားတဲ့နေရာတွေနဲ့ လူဦးရေ နည်းပါးတဲ့နေရာတွေ တိုင်းရင်းသား လူမျိုးစုတွေအားလုံး မျှတတဲ့စနစ်တစ်ခုကို ဖော်ဆောင်ဖို့ဆိုရင် အချိန်ယူပြီးတော့ ဆောင်ရွက်ရမှာပါ။ ဒီကြားထဲမှာ အမြန်အဖြေရှာပြီးတော့ ဆောင်ရွက်လိုက်မယ် ဆိုရင်တော့ မြန်မာနည်း၊ မြန်မာဟန် PR စနစ်တစ်ခုပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်တုန်းက အသုံးအနှုန်းအတိုင်းပဲ တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တုန်းကလည်း Burmese Way to Socialism ဆိုပြီးတော့

မြန်မာ့နည်း၊ မြန်မာဟန် ဆိုရှယ်လစ်စနစ်တစ်ခုကို ကျွန်တော်တို့ထူထောင်ခဲ့တာ အောင်မြင်မှုမရဘဲနဲ့ ကျရှုံးခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အခုလို ရွေးကောက်ပွဲ စနစ်တစ်ခုကို ပြောင်းတဲ့နေရာမှာလည်း ဘက်စုံထောင့်စုံက သုံးသပ်ပြီးတော့ စဉ်းစားသင့်ပါတယ်။ အချိန်ယူပြီးတော့ ဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ခု လွှတ်တော်တွေ ပါတီစုံစနစ် လွှတ်တော်တွေနဲ့ ကင်းဝေးနေတာဟာ နှစ်ပေါင်း (၅၀) ကြာခဲ့ပါပြီ။ အခုမှပြန်စလို့ ပထမအကြိမ်လွှတ်တော်ပဲရှိပါသေးတယ်။ ဒီပထမအကြိမ်လွှတ်တော်တောင် မပြီးဆုံးသေးခင်မှာ ဒီစနစ်ကြီးကတော့ မသင့်တော်ဘူးဆိုပြီးတော့ နောက်တစ်မျိုးကို ပြောင်းလဲဖို့ဆိုတာကတော့ ဘယ်လိုမှ သင့်မြတ်ခြင်း မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။

နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေဆိုတာ ပြည်သူကို ကိုယ်စားပြုရတာပါ။ အဲဒီတော့ ပြည်သူတွေကလည်း သူတို့ရဲ့လွှတ်တော်ကိုယ်စားလှယ်တွေကို တိုက်ရိုက် မည်သူမည်ဝါဆိုပြီးတော့ မည်သူ့ကိုတော့ ဒါတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုပြီးတော့ တိုက်ရိုက် ရွေးကောက်တင်မြှောက်နိုင်တဲ့ စနစ်ကိုပဲ ပိုပြီးတော့ လိုလားပါတယ်။ ပြည်သူလူထု အနေနဲ့ကတော့ First The Post တွေ Propotional Representative တွေ ဒီဟာတွေကို နားလည်မှုအနေအထားက အလှမ်းဝေးနေဆဲ အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူသိတာကတော့ ကိုယ့်အတွက် ဆောင်ရွက်ပေး နိုင်မယ့် ကိုယ့်ရဲ့မဲဆန္ဒနယ်မြေအတွက် ဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်းကိုတော့ မဲပေးချင် တာ သူတို့ရဲ့ရင်ထဲက ဆန္ဒဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာ ကတော့ ပြည်သူတွေကို ရှုပ်ထွေးသွားစေမယ့် စနစ်မျိုးကို ယနေ့အချိန်မှာ ကျင့်သုံးခြင်းမပြုသေးဘဲနဲ့ မဲဆန္ဒရှင်တွေက တိုက်ရိုက် ကိုယ်ကြိုက်တဲ့ကိုယ်စားလှယ်ကို သူတို့ ယုံယုံကြည်ကြည်၊ သူတို့ရင်ထဲက ဆန္ဒတွေကို ဖော်ထုတ်ခွင့်ပြုနိုင်တဲ့ First Past The Post စနစ်ကိုပဲ ဆက်လက်ကျင့်သုံးပြီးတော့ လက်တွေ့အကောင်အထည် ဖော်နိုင်မှုလည်း မရှိသေးတဲ့ PRစနစ်ကိုတော့ ကျွန်တော်တို့ လွှတ်တော် သက်တမ်းတွေ ဖြတ်သန်းသွားပြီးတော့ အနည်းဆုံး နှစ်(၂၀)လောက် စနစ်ကို တည်ငြိမ်သွားပြီ၊ နိုင်ငံရေးလည်း တည်ငြိမ်မှုရှိသွားပြီ တိုင်းပြည်ဟာ ဒီမိုကရေစီစနစ်နဲ့ အခြေကျသွားပြီဆိုတဲ့အချိန် ပဉ္စမအကြိမ် လွှတ်တော်လောက်မှသာ ကျင့်သုံးမယ်ဆိုရင် ဒါ တစ်မျိုးဖြစ်ပါလိမ့်မယ်။ အခုချိန်မှာတော့ လုံး၀ လုံး၀ကို အချိန်မသင့်သေးပါဘူး၊ အချိန်မတန်သေးပါဘူးလို့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ အချိန်မတန်သေးတဲ့ စနစ်တစ်ခုကို တိုင်းပြည်နဲ့ လက်တွေ့ပကတိ အနေအထားနဲ့ ကိုက်ညီမှု မရှိတဲ့အတွက်ကြောင့်မို့ ဒီအဆိုကို မှတ်တမ်းအဖြစ်နဲ့သာ ထားရှိပေးပါရန်နဲ့ ဒီအဆိုကို ကန့်ကွက်ပါကြောင်း လေးစားစွာဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် တစ်ရပ်လုံး မင်္ဂလာပါလို့

နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော့်ရှေ့မှာလည်း အင်မတန်မှ ပြည့်ပြည့်စုံစုံ လွှတ်တော် ကိုယ်စားလှယ်တွေ အများကြီး ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် အချင်းအရာတွေနဲ့ ပတ်သက်လို့ အသေးစိတ် ကျွန်တော် မဆွေးနွေးချင်တော့ပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကြီးက ထည့်သွင်းစဥ်းစားသင့်တယ်လို့ ယူဆတဲ့ အခြေခံအချက်ကလေး (၄)ချက်ပေါ်မှာပဲ ကျွန်တော် ဆွေးနွေးချင်ပါတယ်။

ပထမဆုံး တစ်ချက်ကတော့ စိုးရိမ်ချက်က တစ်ချိန်ချိန်မှာ ရွေးကောက်ပွဲအာဏာရှင်ကြီး စနစ်မျိုး ပေါ်ပေါက်လာမှာစိုးရိမ်တယ် စတဲ့ အားနည်းချက်ကလေး ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ရှိတဲ့အခြေအနေတွေက အကုန်လုံးကို ပြန်ပြီး လေ့လာကြည့်တဲ့အခါမှာ FPTP စနစ် ကျင့်သုံးတဲ့ အတွက်ကြောင့် ရွေးကောက်ပွဲအာဏာရှင်စနစ်ကြီး ပေါ်လာမယ်ဆိုတဲ့ စိုးရိမ်ချက်ရဲ့ ထောက်ပြချက်ကို ပြန်ကြည့်တဲ့အခါမှာ ခြွင်းချက်ကိစ္စအနေအထားလောက်ကို တွေ့ရပါတယ်။ FPTP ကျင့်သုံးတဲ့နိုင်ငံတွေမှာ ဒီလိုစနစ်ကြီးပေါ်လာတယ်ဆိုတာ တကယ်လိုက်ကြည့်တော့ အင်မတန်မှ ရှားရှားပါးပါးပဲ ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံမှာလည်း အခုအချိန်အထိ မပေါ်ပေါက်သေးဘူး။ နောင်ဆိုရင်လည်း ပေါ်ပေါက်လာဖို့ ဆိုတာ မျှော်လင့်နိုင်မယ့် အနေအထားမျိုး မရှိပါဘူး။

ဒါကြောင့် ကျွန်တော့်အနေအထားနဲ့ လွှတ်တော်ကြီးက ဆွေးနွေးသင့်တဲ့ အဓိကအချက်က ဘာလဲဆိုတော့ တစ်ခါတစ်ရံသာ ဖြစ်တတ်တဲ့ ခြွင်းချက်အပေါ်မှာ မူတည်ပြီးတော့ ဥပဒေများ၊ စနစ်များကို ပြောင်းလဲတည်ဆောက်ရခြင်း မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ထည့်သွင်းစဥ်းစားသင့်တယ်လို့ ကျွန်တော် အကြံပြု တင်ပြလိုခြင်း ဖြစ်ပါတယ်။

တကယ်တော့ ၁၉၂၀ ခုနှစ်က အာဏာရှင် ဟစ်တလာ ပေါ်လာတာ PR စနစ်ရဲ့ အောက်ကပဲ ပေါ်ထွက်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါလည်း ခြွင်းချက်ပါပဲ။ ဒါကြောင့် ကျွန်တော့်အနေအထားနဲ့ ခြွင်းချက်တွေပေါ်မှာ မူတည်ပြီးတော့ စနစ်တွေကို သို့မဟုတ် ဥပဒေတွေကို ပြောင်းလဲဖို့ လုပ်ခြင်းဟာ မှန်ကန်တဲ့ ချဥ်းကပ်နည်းမဟုတ်ဘူးလို့ ကျွန်တော် သုံးသပ်တင်ပြလိုခြင်း ဖြစ်ပါတယ်၊ ဒါ ပထမတစ်ချက်ပါ။

ဒုတိယတစ်ချက်ကတော့ ရွေးကောက်ပွဲနည်းစနစ်တိုင်းမှာ အကောင်းတွေ ရှိတယ်။ လိုအပ်ချက်တွေ ရှိတယ်။ အဲဒီအထဲမှာ ကျွန်တော့်အမြင်အရပြောရရင် ရွေးကောက်ပွဲတစ်ခုရဲ့ အားနည်းချက်ထဲမှာ၊ လိုအပ်ချက်ထဲမှာ အဆိုးရွားဆုံးနဲ့ အရှောင်လွှဲသင့်ဆုံး လိုအပ်ချက်က ဘာလဲဆိုရင် ပြည်သူတွေ နားလည်စွာ ရွေးချယ်တင်မြှောက်နိုင်ခြင်း မရှိတဲ့ ချို့ယွင်းချက်၊ အားနည်းချက်ဟာ အရေးကြီးဆုံး ချို့ယွင်းအားနည်းချက် ဖြစ်မယ်လို့ ကျွန်တော် သုံးသပ်တင်ပြချင်ပါတယ်။ တခြား၊ တခြား အားနည်းချက်တွေ ရှိကောင်းရှိပါမယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ရွေးချယ်လိုက်ရမယ့် ပြည်သူလူထုတွေကိုယ်တိုင်က ကိုယ်ဘယ်လိုရွေးချယ်ရမလဲဆိုတာ နားမလည်နိုင်လောက်အောင် ခက်ခဲတဲ့ အားနည်းချက် ဟာ အဓိက ရှောင်လွှဲသင့်ဆုံး အားနည်းချက် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ PR ဟာ ရွေးချယ်ဖို့ မသင့်ဘူးလို့ ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။

တတိယအချက်က ဘာလဲဆိုတော့၊ အများစုရွေးကောက်တင်မြှောက်တဲ့၊ ကျင့်သုံးနေတဲ့ FPTP စနစ်နဲ့ အခု တင်ပြလာတဲ့ PR စနစ်ရဲ့အခြေခံသဘောတရားအရ ကွဲလွဲတဲ့ ယူဆစရာ တစ်ခု ကျွန်တော် သုံးသပ် တင်ပြချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ FPTP စနစ်က ပြည်သူလူထု လိုလားထောက်ခံမှုကို အခြေခံပြီးတော့၊ အင်အားတွေ တဖြည်းဖြည်း စုစည်းပြီးတော့ လုပ်ရတဲ့စနစ် ဖြစ်ပါတယ်။ အများစုမဲ ရအောင် ကြိုးစားကြရတာ ဖြစ်ပါတယ်။ စောစောက ကျွန်တော့်အရှေ့က

ဆွေးနွေးသွားတဲ့ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးသွားသလိုပါပဲ၊ ဒီကနေ့ ပါတီငယ်ဆိုပေမယ်လို့ တကယ်တမ်းပြည်သူလူထုကို အလေးထားပြီးတော့ ပြည်သူလူထုက ထောက်ခံလာရင် ဒါဟာ ပါတီကြီး ဖြစ်သွားရမှာပဲ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ပါတီတွေဟာ ပြည်သူလူထုကို အလေးထားပြီးတော့ ရှင်သန်အောင် ကြိုးစားရမှာလို့ ကျွန်တော် ဒီလိုပဲ စဉ်းစားလို့ရပါတယ်။ ဒီကနေ့ ပါတီကြီးတွေကလည်း တစ်ချိန်ချိန်မှာ ပြည်သူလူထုက လက်မခံဘူးဆိုရင် ပါတီငယ်တွေ ဖြစ်သွားရုံ မက ပျောက်ဆုံးသွားနိုင်တာတွေလည်း ရှိပါတယ်။

အဲဒီတော့ FPTP စနစ်ရဲ့ အားသာချက်တစ်ခုကို စဉ်းစားကြည့်တဲ့အခါမှာ ဘယ်ကို ဦးတည်သလဲဆိုတော့ ပါတီငယ်တွေဟာ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပူးပေါင်းကြရတယ်၊ ဆွေးနွေးညှိနှိုင်းပြီးတော့ သွားရတဲ့၊ ဒီမိုကရေစီအစဉ်အလာကို သွားရတဲ့ Integration ကို ဦးတည်တယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ အခုလက်ရှိ မြန်မာနိုင်ငံမှာ ဆိုရင်ကိုပဲ တိုင်းရင်းသားလူမျိုးစုပါတီတွေမှာ အခြေခံတိုင်းရင်းသားလူမျိုးစုတွေဟာ သူတို့ရဲ့ ဒေသတွေမှာ ရှိတဲ့ ပါတီတွေကို ကွဲကွဲပြားပြား ဖြစ်နေတာကို မလိုချင်ဘဲနဲ့ အားလုံး တစ်စုတစ်စည်းတည်း အမျိုးသားရေးကို ဆောင်ရွက်ဖို့ရာ စုစည်းကြပါလို့ တွန်းအားပေးလာတဲ့၊ တိုက်တွန်းလာတဲ့အတွက် ပါတီတွေဟာ တဖြည်းဖြည်းနဲ့ စုစည်းပြီးတော့ ပြည်သူလူထုကို အင်နဲ့အားနဲ့ အကျိုးပြုအောင် လုပ်သွားရပါမယ်။ Integration လို့ခေါ်မယ်။ စုစည်းဦးတည်ရတဲ့ စနစ်လို့ သုံးသပ်လို့ရပါတယ်။ တကယ်လို့ PR စနစ်ကို သွားကြည့်တဲ့အခါ အကုန်လုံးကို လေ့လာကြည့်တဲ့အခါ ရှေ့ကလည်း တပ်မတော်သားကိုယ်စားလှယ်တွေရော၊ တိုင်းရင်းသားကိုယ်စားလှယ်တွေရော တင်ပြပြီး သွားပါပြီ။

PR စနစ်ရဲ့ အနေအထားက ဘာလဲဆိုတော့ အမျိုးမျိုးကွဲပြားနေတဲ့ အယူအဆတွေကို လွှတ်တော်ထဲအထိ ရောက်အောင် ခွင့်ပြုလိုက်တဲ့သဘော ဖြစ်ပါတယ်။ အမျိုးမျိုးသော အယူအဆတွေကို လွှတ်တော်ထဲအထိရောက်အောင် ခွင့်ပြုလိုက်တဲ့သဘော ဖြစ်ပါတယ်။ အမျိုးမျိုးသော အယူအဆတွေကို အစိုးရတွေထဲအထိ ရောက်အောင် ခွင့်ပြုလိုက်တဲ့သဘော ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကွဲလွဲချင်သလောက် ကွဲလွဲကြ၊ ကွဲလွဲတဲ့သူတွေ အကုန်လုံးလည်း လွှတ်တော်ထဲကို ရောက်ပါစေလို့ သွားတဲ့ Idea မျိုးဖြစ်နေတာကို သွားတွေ့ရပါတယ်။ တစ်နည်းအားဖြင့် Disintegration ကို ဦးတည်နေတယ်လို့ ကျွန်တော်တို့ သုံးသပ်လို့ ရပါတယ်။

ဒါကြောင့်မို့လို့ တကယ့် Democracy Process နဲ့သွားမယ်ဆိုရင်တော့ဖြင့်ရင် ဒီကနေ့ နိုင်ငံအများစုကလည်း ကျင့်သုံးနေတယ်၊ FPTP စနစ်ဟာ ဒီမိုကရေစီလမ်းကြောင်းအတွက် ပိုပြီးတော့ အဆင်ပြေမယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ပိုပြီးတော့ သင့်တော်မယ့်အချိန်အခါပဲ ဖြစ်နေသေး တယ်လို့ ကျွန်တော်တင်ပြချင်တာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီလိုအခြေအနေမျိုး ဖြစ်လာရင် နိုင်ငံရေးပါတီတွေကို ထူထောင်တဲ့အခါမှာ ပြည်သူတစ်ရပ်လုံးရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက်ထက် ကျွန်တော်တို့ ပါတီတွေ တည်ထောင်တဲ့အခါမှာ ဘာတွေဖြစ်လာ နိုင်တာတွေ ရှိသေးလဲဆိုရင် လူမျိုးရေးအရသော်လည်းကောင်း၊ ကိုးကွယ်ရာ ဘာသာအရ သော်လည်းကောင်း သို့မဟုတ်ရင် Interest အကျိုးစီးပွားတစ်ခုခုကြောင့်သော်လည်းကောင်း တူညီတဲ့လူတွေဟာ စုဖွဲ့ခွင့်ရရင် ဒါ စုဖွဲ့မှာပဲ ဖြစ်ပါတယ်။ အဲဒီလို စုဖွဲ့လာတဲ့အခါမှာ ဒီလို

တဖြည်းဖြည်းနဲ့ သူ စုဖွဲ့လာရင်၊ အင်အားတစ်ခုခု ရှိလာပြီဆိုရင် အဲဒီ အင်အားရှိလာတဲ့ လူတွေဟာ ကိန်းဂဏန်းပေါ်မှာ အခြေခံပြီး ခွဲတမ်းတွေလည်း ရလာမယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်လာတဲ့အတွက် ပညာရှင်တွေ သုံးသပ်တဲ့အတိုင်းပဲ ဒီစနစ်ပေါ်မှာမူတည်ပြီး တစ်ချိန်မှာ အစွန်းရောက်အဖွဲ့အစည်းတွေ၊ နောက် အကြမ်းဖက်အဖွဲ့အစည်းတွေသည်ပင်လျှင် အစိုးရအဖွဲ့ထဲတွေ၊ လွှတ်တော်အဖွဲ့ထဲတွေ ရောက်လာနိုင်မယ့်အနေအထားမျိုးဟာလည်းပဲ ကျွန်တော်တို့ အလေးအနက်ထားပြီး ထည့်သွင်း စဉ်းစားသင့်တယ်လို့ ထင်ပါတယ်။

ကျွန်တော် ပြောချင်တာက ညောင်သီးလည်း စားပါ။ မြားသံလည်း နားထောင်သင့်တယ်လို့၊ အလေးအနက် စဉ်းစားသင့်တယ်လို့ တင်ပြလိုပါတယ်။ နောက်ဆုံးအချက်ကတော့ ဒီကနေ့ ဒီလိုစနစ်ကို ပြောင်းလဲဖို့ဆိုတဲ့ကိစ္စဟာ တကယ်ပဲ အရေးပေါ်လိုအပ်ချက်အရ တောင်းဆိုနေပြီလား ဆိုတဲ့ မေးခွန်း မေးချင်တာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့နိုင်ငံတော် ဘယ်အဆင့်မှာရှိပြီး ဘယ်ကို သွားနေကြတယ်ဆိုတာ အားလုံးသိပြီးသားဖြစ်တဲ့အတွက် ကျွန်တော် အကျယ်မပြောတော့ပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာ အခုတကယ်လိုတာက တကယ့်စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတွေ ပေါ်ပေါက်အောင် ဘယ်လိုလုပ်မလဲ။ ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေးတွေရအောင် ဘယ်လိုလုပ်မလဲ။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို တစ်ဆင့်ထက်တစ်ဆင့် ချောချောမွေ့မွေ့ သွားအောင် ဘယ်လိုလုပ်မလဲလို့ သွားရမယ့် တကယ့်တောင်းဆိုနေတဲ့အခြေအနေမျိုးမှာ အင်အား တောင့်တင်းတဲ့ အစိုးရများ၊ အင်အားတောင့်တင်းတဲ့ လွှတ်တော်များ ဒါဟာ မလွှဲမသွေ လိုအပ်နေသေးတယ်လို့ ကျွန်တော်တော့ ဒီလိုပဲ သုံးသပ်လို့ ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အခုလောလောဆယ်မှာ ဒီအခြေအနေရောက်ပြီးတော့ အရေးတကြီး လိုအပ်နေတဲ့ ဒီလိုအခြေအနေမျိုး ရှိနေတဲ့အချိန်မှာလည်း ရွေးကောက်ပွဲစနစ်တစ်ခုကို ပြောင်းလဲမယ်ဆိုတဲ့ ရှုပ်ထွေးတဲ့ အနေအထားမျိုးကို ဖန်တီးလာတာလည်း မသင့်တော်ဘူးလို့ သုံးသပ်လို့ရပါတယ်။ အဲဒီအပြင် စောစောက ရှေ့က ဆွေးနွေးသွားပါတယ်။ ကျွန်တော် ထင်ပါတယ်၊ ဦးခင်မောင်လတ် ထင်ပါတယ်။ နယူးဇီလန်ရဲ့ အခြေအနေကို ပြောပါတယ်။ ကျွန်တော် ဒီလို စဉ်းစားကြည့်ပါတယ်။ နယူးဇီလန်နိုင်ငံကို စပြီးတော့ ပြောင်းလဲတာ ၁၉၉၆ ခုနှစ်မှာမှ PR စနစ်ကို စပြီးတော့ သုံးပါတယ်။ သူက သုံးတော့ သူ့နိုင်ငံရဲ့အနေအထားကို ပြန်ကြည့်ရင် နယူးဇီလန်နိုင်ငံဟာ ၁၈၅၂ ခုနှစ်ကနေပြီးတော့ ၁၉၉၃ ခုနှစ်အထိ၊ ၁၉၀၈ ခုနှစ်နဲ့ ၁၉၁၁ ခုနှစ်က လွဲပြီးတော့ စုစုပေါင်းနှစ်ပေါင်း (၄၀)၊ ၁၉၉၃ နှစ်အထိ FPTP နဲ့ပဲ သွားခဲ့ပါတယ်။ ဒါ ဆွစ်ဇာလန်နိုင်ငံရဲ့ အနေအထားပါ။

ကျွန်တော်တို့နိုင်ငံမှာ၊ ရှေ့ကလည်း တင်ပြပြီးပါပြီ။ အခု FPTP နဲ့သွားတဲ့ လွှတ်တော် သက်တမ်းဟာ နည်းနည်းပဲရှိပါသေးတယ်။ ဆွစ်ဇာလန်နိုင်ငံဟာ နှစ်ပေါင်း (၁၄၀) FPTP နဲ့ သွားတဲ့ အခါမှာ ဘာသွားတွေ့ရမလဲဆိုတော့ National Party နဲ့ Labour Party (၂)ခု ဒီအတိုင်းပဲ နောက်ပိုင်းမှာ အင်အားကြီးပါတီ (၂)ခုပဲ တက်လာပါတယ်။ အဲဒီမှာ သူ့နိုင်ငံမှာ ဘာဖြစ်လို့ PR စနစ်ကိုပြောင်းလဲဖို့ ပေါ်ပေါက်လာရတာလဲဆိုတာ စိတ်ဝင်စားစရာ သွားတွေ့ပါတယ်။ အဲဒါ အချက်(၂)ချက်ပါပဲ။ တစ်ချက်က ဘာလဲဆိုတော့ အဲဒီလို အင်အားကြီးပါတီ (၂)ခု၊ နှစ်ပေါင်း (၁၄၀)၊

၁၉၉၃ ခုနှစ်အထိ ဒီလိုဦးစီးလာနိုင်ခဲ့တယ်ဆိုပေမယ်လို့ ၁၉၆၀ ခုနှစ်၊ ၁၉၇၀ ခုနှစ်တွေမှာ ဘာပေါ်ပေါက်လာလဲဆိုရင် အဲဒီအင်အားကြီး ပါတီ (၂)ခုဟာ တကယ့်ဒေသခံဖြစ်တဲ့ ကျွန်တော်တို့ ဌာနေတိုင်းရင်းသား မအိုရီလူမျိုးများရဲ့ အခွင့်အရေးများနဲ့ပတ်သက်လို့ သူတို့ တာဝန်ယူမှုတွေ အားနည်းနေတဲ့အတွက် မအိုရီလူမျိုးများရဲ့ လှုပ်ရှားမှုကို ပေါ်ပေါက်လာပါတယ်။

နောက်တစ်ခုက ဘာလဲဆိုတော့ အပြင်ကဝင်လာတာပါ။ ပစိဖိတ်သမုဒ္ဒရာထဲကနေ ရွှေ့ပြောင်းပြီးတော့ ဝင်ရောက်လာတဲ့လူက တဖြည်းဖြည်းများလာတယ်။ အဲဒီလိုများလာလို့ အင်အားစုကြီးတစ်ခု ဖြစ်လာပါတယ်။ အဲဒီအင်အားစုကတစ်ခါ ပါတီတွေ တည်ထောင်လာတယ်။ အဲဒီတော့ ဒီလို တည်ထောင်လာတဲ့အတွက်ကြောင့် ဘာဖြစ်လာလဲဆိုတော့ မအိုရီလူမျိုးများနဲ့ရော၊ ပြင်ပက ရောက်လာတဲ့လူတွေက နိုင်ငံရေးအင်အားစုတွေ သူတို့တွေရဲ့ ဖိအားပေး တောင်းဆိုမှုကြောင့် ပေါ်ပေါက်လာတာဟာ PR စနစ်ကို ပြောင်းဖို့ရာအတွက် တွန်းအားဖြစ်လာရတယ်လို့ ကျွန်တော် သုံးသပ်လို့ ရပါတယ်။ အဲဒီလို ပြောင်းလဲလို့ရတဲ့နေရာမှာတောင်မှ လွယ်လွယ်ကူကူ ပြောင်းလဲရခဲ့ရဲ့လားဆိုတာ မဟုတ်ဘူး။ တကယ်ပြန်ကြည့်လိုက်တဲ့အခါမှာ တခြားနိုင်ငံတွေလည်း ဒီလိုပါပဲ။

နယူးဇီလန်နိုင်ငံမှာလည်း ဒီစနစ်ပြောင်းဖို့ရာအတွက် အဓိကက ပြည်သူတွေကို အများကြီး အဓိကထားပြီးတော့၊ အခြေခံပြီးတော့ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲသွားတာ တွေ့ရပါတယ်။ အဲဒီလို ပြုပြင်ပြောင်းလဲသွားတဲ့ သက်တမ်းကို ပြန်ကြည့်မယ်ဆိုရင် PR စနစ်ကို ပြောင်းလဲဖို့ရာအတွက် နှစ်အားဖြင့် (၁၁)နှစ်နီးပါး ကြာပါတယ်။ လွှတ်တော်သက်တမ်းအားဖြင့် (၄)ခု ကြာပါတယ်။ ဒီလိုပြောင်းလဲဖို့ ပေါ်ပေါက်ရတဲ့ အကြောင်းအရင်း တစ်ခုကလည်း မြန်မာနိုင်ငံနဲ့ အလွန်ခြားနားတာက နယူးဇီလန်နိုင်ငံက လွှတ်တော် တစ်ရပ်တည်း ကျင့်သုံးတဲ့နိုင်ငံ ဖြစ်ပါတယ်။ ပါတီတွေဟာ ဒီလွှတ်တော်ထဲမှာမှ လာပြီးတော့ မပြောရင် တခြားပြောစရာ မရှိဘူးဆိုတဲ့ အခြေအနေမျိုး ရှိပါတယ်။ အဲဒီတော့ လွှတ်တော် တစ်ရပ်တည်းလည်း ဖြစ်တယ်။ လွှတ်တော် သက်တမ်းကလည်း (၃)နှစ်ပဲ ဖြစ်တယ်။ ဒါကြောင့်မို့လို့ သူတို့ပါတီဝင်တွေက လွှတ်တော်ထဲမှာ ပါဖို့ရန်အတွက် PR စနစ်ကို ကျင့်သုံးတာ သွားတွေ့ပါတယ်။

မြန်မာနိုင်ငံရဲ့အနေအထားမျိုးမှာကျတော့ တိုင်းဒေသကြီးတွေ၊ ပြည်သူ့နဲ့ အမျိုးသားနဲ့ ဆိုပြီးတော့ ဒီလိုရှိပါတယ်။ နောက် အဲဒီအပြင်ကို တကယ်လို့ရွေးကောက်ပွဲထဲမှာ မပါခဲ့ဘူး ဆိုရင်တောင်မှ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီကနေ့ လွှတ်တော်က ကျင့်သုံးတဲ့ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနဲ့ ပြည်သူ့ရဲ့ရည်ရွယ်ချက်တွေကို လွှတ်တော်က တာဝန်ယူပြီးတော့ ဖော်ဆောင်ပေးနေတဲ့ အနေအထားမျိုး ရှိပါတယ်။

အဲဒီတော့ ဒီလိုပြောင်းလဲတဲ့အခါမှာ ၁၉၈၄ ခုနှစ်မှာ Labour Party ကနေ စပြီးတော့ ဒီစနစ်ကို ပြောင်းသင့်၊ မပြောင်းသင့်ကို တော်ဝင်ကော်မရှင် ဖွဲ့ပါတယ်။ တော်ဝင်ကော်မရှင် က စစ်ဆေးတယ်။ အစီရင်ခံစာတွေတင်တယ်။ ပြီးတဲ့အခါကျတော့၊ ဒါဆိုရင် ဒါနဲ့ပတ်သက်ပြီးတော့ လူထုဆန္ဒခံယူဖို့ လုပ်တယ်။ ပထမတစ်ကြိမ် လုပ်တဲ့အခါကျတော့ လူထုဆန္ဒခံယူပွဲမှာ၊ ၁၉၉၂ ခုနှစ်မှာ လူထုဆန္ဒခံယူပွဲလုပ်တော့ (၅၅) ရာခိုင်နှုန်းပဲ လာပြီးတော့ မဲပေးတာ ရှိတယ်။ ဒါကြောင့်မို့လို့ အဲဒီရဲ့ ဆုံးဖြတ်ချက်ကို မယူဘူး။ ၁၉၉၃ ခုနှစ်မှာကျတော့ တစ်ခါ နောက်ထပ် ဆန္ဒခံယူဖို့ လုပ်ကြတယ်။ အဲဒီလိုလုပ်ကြတဲ့အခါကျတော့မှ ပြည်သူလူထုက ဝင်ပြီးတော့ ဆန္ဒပြုကြတယ်။ MMP ကို၊

ပူးတွဲပြီးတော့ ကျင့်သုံးတဲ့စနစ်ကို (၅၄) ရာခိုင်နှုန်း ထောက်ခံပြီးတော့ FPTP ကို (၃၆) ရာခိုင်နှုန်းပဲ ထောက်ခံတယ်။ အဲဒီလိုထောက်ခံတဲ့အခါကျတော့မှ ပြောင်းလဲလာတော့ နောက်ဆုံး ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လွှတ်တော်ကျတော့မှသာ MMP စနစ်နဲ့ စပြီးတော့ သုံးခဲ့တာ သွားတွေ့ရပါတယ်။ ဆိုချင်တာက လုံလောက်တဲ့အချိန်ကို ယူခဲ့တယ်။ ပြည်သူလူထုနဲ့ အများကြီး ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်သွားခဲ့တယ်ဆိုတာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က အရေးပေါ်လိုအပ်ချက်အရ တောင်းဆိုချက်လည်း မရှိတဲ့ အတွက်ကြောင့်မို့လို့ ပါတီတစ်ရပ်ရပ်ရဲ့ အခွင့်အလမ်းကို ကိန်းဂဏန်းတွေပေါ်မှာ မူတည်ပြီးတော့ ခွဲတမ်းချ ရယူဖို့ ကြိုးစားခြင်းထက် ပြည်သူလူထုကို အလေးအနက်ထားပြီးတော့ ပြည်သူလူထုရဲ့ ထောက်ခံမှုကိုရယူအောင် ဆောင်ရွက်ခြင်းနဲ့သာ တိုးတက်ပြီးတော့သွားအောင် လုပ်တဲ့နည်းဟာ အသင့်တော်ဆုံးဖြစ်လိမ့်မယ်လို့ ပြောလိုတဲ့အတွက် ဒီအဆိုကို ဆိုင်းငံ့ထားဖို့ရာ ကန့်ကွက်ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါမယ်။

[အစည်းအဝေးကို (၁၂း၀၀)နာရီတွင် ရပ်နားပြီး (၁၃း၀၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားတဲ့ ပုဂ္ဂိုလ်များ ရှိတဲ့အတွက်စာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း အစည်းအဝေး ရှိပါတယ်၊ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ၎င်းအတိုင်းပဲ၊ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း၊ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ၎င်းအတိုင်း၊ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း၊ ဦးတင်ယု၊ ရန်ကုန်(၁၁) ၎င်းအတိုင်း၊ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း၊ ဦးစိုးမြင့်၊ မကွေး(၆) ၎င်းအတိုင်း၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်းအတိုင်း ဖြစ်ပါတယ်။ (၁၀)ယောက်က ဒါ ဥပဒေကြမ်း အစည်းအဝေး သွားတာဖြစ်ပါတယ်။ ဒုတိယဗိုလ်မှူးကြီး မင်းသူ၊ တပ်မတော်၊ အရေးကြီးတာဝန် ဖြစ်ပါတယ်။ ဦးဝင်းမောင်၊ မန္တလေး(၄) ကျန်းမာရေး ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ ]

သဘောတူတဲ့အတွက် နေ့တစ်ဝက်ခွင့်များကို လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၃။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တက်ရောက်သူများအားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုဖြစ်တဲ့ လာမည့် ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်ရာမှာ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအဆို တင်တဲ့အတွက်လည်း တော်တော်လေး ဂယက် ရိုက်ခဲ့ပါတယ်။ အဆိုကို တင်တဲ့နေ့က ထောက်ခံမှု ရာနှုန်းပြည့်နီးပါးနဲ့ အဆို အတည်ဖြစ်တဲ့အတွက်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။ သို့သော် ဒေါ်ခင်ဝိုင်းကြည် က ယခုမှ ဒီအဆိုကို တင်တယ်ဆိုပေမယ့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကတည်းက ဒီမိုကရေစီမိတ်ဆွေပါတီများ ဆိုပြီးတော့ ပါတီ (၁၀) ခုကနေပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို တင်သွင်းခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါလည်း အားလုံး သိပြီးဖြစ်ပါတယ်။ ပါတီ (၁၀) ခုထဲမှာ လွှတ်တော်ထဲမှာ ရောက်နေတဲ့ ပါတီ (၆) ခု ဒေါ်ခင်ဝိုင်းကြည် တို့ရဲ့ NDF ပါတီအပါအဝင်ပေါ့၊ ပြင်ပမှာရှိတဲ့ ပါတီ (၄) ခု ပါ ပါတယ်။ ဒီနေ့ ဆွေးနွေးတဲ့အထဲမှာလည်း အဲဒီပါတီက ကိုယ်စားလှယ်တွေလည်း ပါ ပါတယ်။ ဒီပါတီများရဲ့ တောင်းဆိုမှုအပေါ်မှာ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့နဲ့ ကျွန်တော်တို့ နာယကကြီးထံကို လိပ်မူပြီးတော့ ပန်ကြားလွှာပို့ခဲ့ပါတယ်။ အဲဒါကတော့ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးမည်၊ မကျင့်သုံးမည်ကို အဆုံးအဖြတ်ပေးပါရန် တင်ပြတဲ့အခါမှာ ဒီကိစ္စဟာ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်တဲ့အတွက်ကြောင့် နာယကကြီးသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနဲ့ တိုင်ပင်ပြီး ဒီအဆိုကို ဆိုင်းငံ့ထားခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ အခြေခံဥပဒေနဲ့အညီ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ လွှတ်တော်ရဲ့ အများစုဆန္ဒမဲဖြင့် အတည်ပြုခြင်း လုပ်တဲ့အတွက်ကြောင့် အခုလို ဆွေးနွေးခွင့်ရတာ ဖြစ်ပါတယ်။ ဒီလို ဆွေးနွေးတဲ့ နေရာမှာလည်း မိမိကိုယ်စားပြုတဲ့ ပါတီအဖွဲ့အစည်းရဲ့ ရပ်တည်မှုအပေါ်မှာ မူတည်ပြီး ထောက်ခံ ဆွေးနွေးတာတွေ ရှိပါမယ်၊ ကန့်ကွက်ဆွေးနွေးတာတွေရှိပါမယ်။

ကျွန်တော်တို့ ဆွေးနွေးသွားတဲ့အချက်တွေကို ပြန်ကြည့်လိုက်လို့ရှိရင်လည်း အချက်ကလေး အချို့ကို သွားတွေ့ပါတယ်။ တူညီတဲ့အချက်လေးတွေကို ထုတ်နုတ်ကြည့်တာ ဖြစ်ပါတယ်။ ဒါကတော့ PR စနစ်ရဲ့ အားနည်းချက်၊ အားသာချက်ကို ထောက်ပြတယ်။ ကျင့်သုံးတဲ့စနစ်ရဲ့ ရှုပ်ထွေးမှုဆိုတာကို အဓိကထားပြီး ပြောသွားတာ ရှိပါတယ်။ နောက်တစ်ခုကတော့ FPTP စနစ်နဲ့ အောင်မြင်နေတဲ့ အမေရိကန်တို့၊ UK တို့လို နိုင်ငံတွေကို ထောက်ပြတာလည်း ရှိပါတယ်။ ပြင်ဆင်ရမယ့် လုပ်ငန်းရဲ့ ခက်ခဲမှု နက်နဲမှု နဲ့ ရှုပ်ထွေးမှု ဝန်ထုပ်ဝန်ပိုးကြီးမားမှု စသည်ဖြင့် ဒါတွေကိုလည်း ဆွေးနွေးသွားတာ ရှိပါတယ်။ စနစ်တစ်ခုဟာ ပြောင်းလဲကျင့်သုံးရန် စောလွန်းတယ် ဆိုတဲ့ သဘောလည်း ပါ ပါတယ်။ အဲဒီလို ပြောရရင် နှစ်ပေါင်းများစွာ အချိန်ယူ ရေးလာတဲ့ အခြေခံဥပဒေကိုတောင်မှ လွှတ်တော် သက်တမ်းတစ်ခု မတိုင်ခင်မှာ ပြင်နေရပါတယ်။ လိုအပ်လို့ ပြင်တာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ စနစ်ကလေးတစ်ခု မဟုတ်ဘူး။ အင်မတန် မထိတို့သင့်တဲ့ နိုင်ငံတော်အခြေခံမူကိုပင် ပြင်နေရတာတွေ ရှိပါတယ်။ ပြင်သင့်ပြင်ထိုက်တဲ့အချိန်မှာပြင်တယ်လို့ မြင်ရမှာဖြစ်ပါတယ်။ စောတယ်၊ နောက်ကျတယ် ဆိုတဲ့ ကာလသတ်မှတ်ချက်တော့ မရှိဘူးလို့ ကျွန်တော့်ဘက်က ရိုးသားစွာ မြင်ပါတယ်ခင်ဗျာ။ နောက်ပြီးတော့ ငြိမ်း/စု/စီ ဥပဒေ ထွက်လာတုန်းက Media Reform လုပ်တုန်းက နောက်ပြီးတော့ ဒီလိုကိစ္စတွေမှာလည်း ဖြစ်ပါ့မလားဆိုတဲ့ ပူပန်မှုတွေ ရှိတယ်ဆိုပေမယ့် နောက်ပိုင်းမှာ အေးအေး ဆေးဆေး  တည်တည်ငြိမ်ငြိမ်နဲ့ သူ့ဟာနဲ့သူ ဖြစ်သွားတာတွေ ရှိပါတယ်။ ဒါ မဖြစ်ခင်တော့ ပူပန် တတ်ကြတာတွေ ရှိပါတယ်။

နောက်တစ်ခုကလည်း အစွန်းရောက်တွေ ရောက်လာမယ်ဆိုတဲ့ ကိစ္စအပါအဝင် ပူပန်မှုတွေ ထဲမှာ PR စနစ်ရဲ့ အားသာချက်ထဲက အားနည်းချက်တွေချည်းပဲ ထုတ်နုတ်ပြီးတော့ ဆွေးနွေးတာ ဖြစ်တဲ့အတွက်ကြောင့်တော့ PR စနစ်ဘက်က အားနည်းနေသလို ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆိုလို့ရှိရင် PR စနစ်မှာ Party List စနစ်ရဲ့ မလိုလားအပ်တာတွေ threshold လို့ ခေါ်တဲ့ အနိမ့်ဆုံး ရရမယ့်  ရာခိုင်နှုန်းတွေကို ထောက်ပြရမယ့်ဟာတွေ နောက်ပြီးတော့ MMP စနစ်ရဲ့ မလိုလား အပ်တာတွေ စသည်ဖြင့် ဒါတွေကို ထောက်ပြဆွေးနွေးသွားတာ ကျွန်တော်တို့ ကြားလိုက်ပါတယ်။ ဒါပေမဲ့ အမှန်ကတော့ ကျွန်တော်တို့က အဲဒါတွေကို ပုံတူကူးချမယ်လို့ နဂိုကတည်းက ပြောထားတာမှ မဟုတ်ဘဲ။ မိမိနိုင်ငံအခြေအနေနဲ့ ပြည်သူနဲ့ ပြည်သူ့အကျိုးစီးပွားနဲ့ ကိုက်ညီမယ် စနစ်ကို ရွေးမယ်ဆိုတဲ့ သဘောပဲ ရှိတဲ့အတွက်ကြောင့် ဒါတွေဟာ ဆွေးနွေးသွားလို့ရှိရင် ပြေလည်သွားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်နဲ့ ပတ်သက်လို့  ပြောစရာ မရှိတော့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်စားလှယ် တော်တော်များများက အချက်အလက် အပြည့်အစုံနဲ့ ရှင်းလင်းသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီထဲမှာလည်း ဒီကိစ္စ လေးလေးနက်နက် အချိန်ယူစဉ်းစားချပြီး ဖြစ်ပါတယ်။ ကျွန်တော့်ကို မီဒီယာတစ်ခုက မေးပါတယ်။ ပါတီကြီးတစ်ခု ဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ ဒီ PR စနစ်ကို ထောက်ခံသလဲ ဒီလို မေးပါတယ်။ ပါတီကြီး မှန်ပါတယ်၊ကျွန်တော်တို့က မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပြည်ထောင်စုတစ်ဝှမ်းလုံးက မဲဆန္ဒနယ်အားလုံးမှာ အင်အားပြည့်တဲ့ပါတီ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြင်ပြီး ဆင်ပြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် ထောက်ခံသလဲဆိုတဲ့ အကြောင်း (၃ ၊ ၄) ချက်တော့  ရှိပါတယ်။ (၁) က စောစောတုန်းက ကျွန်တော် တင်ပြအစီရင်ခံခဲ့တဲ့ ဒီမိုကရေစီ ပါတီ (၁၀) ခုရဲ့ ကော်မရှင်ကို တင်ပြခဲ့တဲ့အချက် ရှိတယ်။ လွှတ်တော်ထဲ မရောက်သေးတဲ့

ပြင်ပမှာဆို ပါတီ အခု (၆၀) ကျော်နေပါပြီ။ အဲဒီ ပါတီထဲကလည်း PR စနစ်ကို ကျင့်သုံးချင်တဲ့ ပါတီတွေ ရှိနေတယ်။ အဲဒီဆန္ဒကို ကျွန်တော်တို့အနေနဲ့ လက်တွဲခေါ်ဆောင်သင့်တယ်။ လွှတ်တော်ထဲ ရောက်လာမယ့် နည်းလမ်းကို လက်တွဲခေါ်ဆောင်သင့်တယ်လို့ ခံယူတာ ရှိပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ အရေးကြီးတဲ့ နိုင်ငံတော်နဲ့ပတ်သက်တဲ့ Issue တော်တော်များများကို ကျွန်တော်တို့က ဦးဆောင်ဆွေးနွေးတဲ့ဆိုတာလည်း အားလုံးအသိပါ။ ဥပမာအားဖြင့် အခြေခံဥပဒေပြင်ဆင်ရေး ကိစ္စလို အရေးကြီးတဲ့ကိစ္စ ကျွန်တော်တို့ ပါတီကနေ ဦးဆောင်ဆွေးနွေး အတည်ပြုဆုံးဖြတ် လုပ်နေတာ ဖြစ်ပါတယ်။ အလားတူပဲ Peace Making ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းတွေ ဝန်ထမ်းလစာ တိုးတဲ့ကိစ္စတွေ၊ လယ်သမား မြေရာသိမ်းတဲ့ကိစ္စတွေလို အရေးကြီးတဲ့ ကိစ္စတွေမှာလည်း ကျွန်တော်တို့ ပါတီကပဲ ဦးဆောင်ဦးရွက်ပြုပြီးတော့ အင်အားအလျှောက် တွဲခေါ်တာဖြစ်တဲ့ အတွက်ကြောင့် ဒီကိစ္စမှာလည်း All Inclusive ပေါ့။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ် စကားလေးများပါရင် ခွင့်ပြုပေးပါ။ အားလုံး ပါဝင်နိုင်မယ့် စနစ်ဖြစ်ရင်တော့ ဒီမိုကရေစီရဲ့ မူအရတော့ ကြိုဆိုရမှာ ဖြစ်တဲ့အတွက်ကြောင့် ထောက်ခံခြင်းဟာ အချက်နံပါတ် (၁) ဖြစ်ပါတယ်။ ဒုတိယအချက်က ကမ္ဘာပေါ်မှာ ဒီမိုကရေစီ ကျင့်သုံးတဲ့နိုင်ငံ (၁၆၀) ကျော်နေပြီ။ အဲဒီထဲမှာ (၉၀) လောက်၊ (၉၀) ဆိုတာ (၈၇) ဆိုရင် မှန်မယ်ထင်ပါတယ်။ လက်ခံကျင့်သုံး နေမယ့်ကိစ္စဖြစ်ပါတယ်။ ဒေသတွင်းမှာလည်း ကျင့်သုံးပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အင်ဒိုနီးရှား ကျင့်သုံးတယ်။ ကမ္ဘောဒီးယားကျင့်သုံးတယ်။ ထိုင်းလည်း ကျင့်သုံးတယ်။ နီပေါ ကျင့်သုံးတယ်။ သီရိလင်္ကာ ကျင့်သုံးတယ် ဆိုတဲ့အခါကျတော့ ဒီနိုင်ငံတွေ ပြန်ကြည့်တော့လည်း အောင်မြင်နေတယ်။ ထိုင်း တစ်နိုင်ငံတည်းကိုတော့ ထောက်ပြရင် ရတာပေါ့။ ဒါ အာဏာသိမ်းတဲ့ကိစ္စ ဒါ ဒီစနစ်နဲ့မဆိုင်ပါဘူး။ အစိုးရခေါင်းဆောင် တာဝန်ယူသွားတဲ့ပုဂ္ဂိုလ်များရဲ့ ကိုယ်ရေးကိုယ်တာတွေနဲ့ ကိုယ်ကျိုးစီးပွားတွေ ပါ ပါတယ်။ ဒါကြောင့် ပြည်သူမကျေနပ်တာတွေ ပါ ပါတယ်။

နောက် တတိယအချက်ကတော့ FPTP စနစ် ပြန်ကြည့်ရင် အဓိက ကျွန်တော်တို့ စဉ်းစား ရမယ့်အချက် ရှိတယ်။ (၁) အချက်ကတော့ အင်အားကြီးပါတီရဲ့ လွှမ်းမိုးမှုအောက်ကို ရောက်သွား တတ်တယ်။ ရောက်သွားတတ်ဆိုတဲ့ အချက် တစ်ချက် နောက်ပြီးတော့ ရွေးကောက်ခံ အာဏာရှင်စနစ် ဖြစ်ထွန်းတယ်ဆိုတဲ့ အချက်၊ အဲဒီအချက်တွေဟာ ပါတီများရဲ့ ရှင်သန်ခွင့်၊ ရပ်တည်ခွင့်၊ ကိုယ်စားပြုခွင့် ပျောက်ဆုံးသွားစေနိုင်တဲ့အပြင် ပြည်သူ့ဆန္ဒမဲ အရာမရောက်နိုင်တဲ့ ကိစ္စတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီအချက်က ဘာနဲ့သွားပြီးတော့ ဝိရောဓိ ဖြစ်သလဲဆိုတော့ ကျွန်တော်တို့ ဦးတည်ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတွေ၊ အမျိုးသား ပြန်လည် သင့်မြတ်ရေးနဲ့ ရင်ကြားစေ့ရေးကိစ္စတွေ၊ တန်းတူညီမျှ အခွင့်အရေး ရရှိစေရေးကိစ္စတွေကို FPTP စနစ်ရဲ့ အားနည်းချက်များ အထောက်အကူ မပြုနိုင်ဘူးဆိုတာ သေချာတဲ့အတွက်ကြောင့် ကျွန်တော် ဒါတွေနဲ့ပတ်သက်လို့ ထောက်ခံပေးခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒါ ကိုယ်တိုင် ကြားတာပါ။ သာမန်ပြည်သူ မဟုတ်ပါဘူး။ ပညာတတ်၊ ပညာရှင်၊ နိုင်ငံရေးနဲ့ပတ်သက်လို့ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်တွေကို အင်တာဗျူးလုပ်တဲ့ အခန်းတွေမှာ အမေရိကမှာ တစ်ခု၊ အင်္ဂလန်မှာ တစ်ခု ကြားလိုက်ပါတယ်။ UK မှာ တစ်ခု၊ ဘာပြောလဲဆိုတော့ သိပ်ကံဆိုးတယ်တဲ့၊ USA ကလည်း ပါတီနှစ်ခုပဲရှိတော့ One of the Lesser Evil

အဆိုးထဲက နည်းနည်းသက်သာတာပဲ ရွေးနေရတဲ့ စနစ်ဖြစ်နေတယ်ပေါ့ ရွေးစရာလမ်း မရှိဘူးပေါ့။ UK လည်း အဲဒီအတိုင်းပဲ ကြာတော့ ဘာဖြစ်လဲဆိုတော့ ရွေးကောက်ပွဲပေါ်မှာ ပြည်သူက စိတ်ဝင်စားမှု ကျလာပြီးတော့ Voter turn out လို့ခေါ်တဲ့ ရွေးကောက်ပွဲကို လာရောက်မဲထည့်တဲ့ ပုဂ္ဂိုလ် စာရင်းဟာ ကျ ကျ ကျလာတာ လက်တွေ့ ဖြစ်ပါတယ်။ FPTP စနစ်ရဲ့ အားနည်းချက်ထဲမှာ ဒါလည်း ပါ ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီလို ပြောတဲ့အတွက်ကြောင့် PR စနစ်ဟာ ရာနှုန်းပြည့် ကောင်းတယ်လို့ ထောက်ခံနေတာလားလို့ မေးရင် ဒါတော့ မဖြစ်နိုင်ပါဘူး။ ဘယ်ဥစ္စာမှ Perfect မဖြစ်ပါဘူး။

အလားတူပဲ PR စနစ်ကို နိုင်ငံပေါင်း ၉၀ လောက်မှာ ကျင့်သုံးတဲ့အခါမှာလည်း မတူကွဲပြားတဲ့စနစ်တွေ အများကြီးထဲက ဘယ်စနစ် အကောင်းဆုံးလဲလို့ မေးရင်လည်း ပြောနိုင်တဲ့ သဘော မရှိပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်အခြေအနေ၊ ကိုယ့်လူမျိုးရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ ကိုက်ညီမယ့် စနစ်ကို ရွေးနိုင်ဖို့သာလျှင် အဓိက ဖြစ်ပါတယ်။ ဒီထက်ပိုပြီး ရှင်းတာက ကျွန်တော်တို့ရဲ့ အခြေခံဥပဒေကို မွှေနှောက်ပြန်ကြည့်ရင် တစ်နေ့ကတော့ ကိုယ်စားလှယ်တစ်ယောက် ဆွေးနွေး သွားတာ ကြားလိုက်ပါတယ်။ အခြေခံဥပဒေ ခွင့်မပြုဘူးဆိုတာ မှားပါတယ်။ အခြေခံဥပဒေမှာ အခန်း (၄) ရွေးကောက်တင်မြှောက်ခြင်း ဥပဒေပြုအာဏာနဲ့ ပတ်သက်တဲ့ အချက်မှာဆိုရင် ပုဒ်မတွေ ရှိပါ တယ်။ ပုဒ်မ ၁၀၉ ကနေ ၁၄၀ ထိ ပုဒ်မ ၃၂ ခုမှာ ပြည်သူ့လွှတ်တော်နဲ့ ပတ်သက်ပါတယ်။ ပုဒ်မ ၁၄၁ ကနေ ၁၆၀ ဟာ ပုဒ်မ ၂၀ ဟာ အမျိုးသားလွှတ်တော်နဲ့ပတ်သက်ပါတယ်။ ပုဒ်မ ၁၆၁ က ၁၉၅၊ ပုဒ်မပေါင်း ၃၅ ခုဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်နဲ့ ပတ်သက်ပါတယ်။ ဒီမှာ လွှတ်တော် ကိုယ်စားလှယ် အရေအတွက် သတ်မှတ်တာက လွဲရင် ဘယ်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် မပါရှိသလို ဘယ်စနစ်ကို မသုံးရဘူးဆိုတဲ့ ပိတ်ပင်မှုလည်း မရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့် အခြေခံဥပဒေနဲ့မညီဘူးဆိုတဲ့ဟာလည်း မဖြစ်နိုင်ပါဘူး။ နောက်တစ်ခုက တစ်ချက်ပဲ ရှိတယ်။ ရွေးကောက်တင်မြှောက်တဲ့ပုဂ္ဂိုလ် ရွေးတဲ့အခါမှာ ဆန္ဒမဲအများဆုံးရမယ့် ပုဂ္ဂိုလ် ရွေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ပဲ ရှိတဲ့အတွက်ကြောင့် FPTP ပဲ သုံးရမယ်။ PR စနစ် မသုံးရဘူး ဆိုတဲ့ဟာမျိုး မရှိကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ နောက်တစ်ချက်က ဒါကို တာဝန်ယူကျင်းပ တယ်လို့ ပြောတဲ့ ရွေးကောက်တင်မြှောက်ပွဲ ကော်မရှင်၊ စောစောကလည်း ကျွန်တော့် ညီတော်မောင် တစ်ယောက် ဆွေးနွေးသွားပါတယ်။ ကျွန်တော် ဝမ်းသာပါတယ်။ သူ ဆွေးနွေးသွားတဲ့အချက်ကလေး ကော်မရှင်ရဲ့ တာဝန်ဝတ္တရားတွေ ပြန်ကြည့်ပါ။ ဒါလည်း ပုဒ်မတွေ ရှိပြီးသားပဲ ပုဒ်မအားဖြင့် ဆိုလို့ရှိရင် ၃၉၁ ကြားထဲက ၄၀၃ ကြားထဲမှာ အခန်း (၉)မှာ ပါပြီးသား ရွေးကောက်ပွဲစနစ်ကို သတ်မှတ်ဖို့ သူ့မှာ တာဝန် မရှိပါဘူး။ အခြေခံဥပဒေကို မူတည်ပြီး နည်းဥပဒေ ထုတ်နိုင်တယ်။ အခြားတည်ဆဲ ဥပဒေ တွေကို တည်ပြီးတော့ သူက အမိန့်ညွှန်ကြားချက်တွေ ထုတ်နိုင်တယ်ဆိုတဲ့ လုပ်ပိုင်ခွင့်နဲ့ ရွေးကောက်ပွဲ ကို တာဝန်ယူကြီးကြပ်ပေးရတဲ့ ကိစ္စတွေနဲ့ ပြဿနာများကို ဖြေရှင်းတဲ့ ကိစ္စမှလွဲရင် ဘယ်စနစ်ကို ကျင့်သုံးနိုင်တဲ့ဆိုတဲ့ဟာ သူ့မှာ လုပ်ပိုင်ခွင့် မရှိပါဘူး။ ဒါ တစ်ချက် သေချာပါတယ်။

ဒါဖြင့်ရင် နိုင်ငံတော်၊ မိဘပြည်သူများ မဲဆန္ဒရှင်များနဲ့ ပါဝင်ပတ်သက်တဲ့ Stake Holder အားလုံးရဲ့ ဆန္ဒနဲ့အညီ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းဖို့အတွက် အသင့်တော်ဆုံးဖြစ်မယ့် ရွေးကောက်ပွဲ စနစ်တစ်ခုကို ရွေးချယ်ပြုစုပြီးတော့ ရွေးကောက်ပွဲကော်မရှင်ကို ပေးပို့ဖို့ တာဝန်သည် ကျွန်တော်တို့ လွှတ်တော်ရဲ့ တာဝန် လုံးလုံး ဖြစ်လာပါတယ်။ ဥပဒေပြုရေးရဲ့ အာဏာ ဖြစ်လာပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဘက်က ဒီအဆို ဒီမှာတင်တာ မှန်ကန်ပါတယ်ဆိုတဲ့ အချက်ကို တစ်ချက် တင်ပြလိုပါတယ်။ ရွေးကောက်ပွဲကော်မရှင်က ပြောထားတယ်။ ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှာ ပြီးအောင် လုပ်ပေးမှ မီမယ်လို့ပြောရင် ဒါတော့မှားပါလိမ့်မယ်။ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ရှိလာရင် ရွေးကောက်ပွဲကော်မရှင်က လိုက်နာဆောင်ရွက်ဖို့ Obligation ရှိပါတယ်။ လွှတ်တော်ရဲ့ အတည်ပြုချက်ကို လုပ်ပေးဖို့တော့ တာဝန်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိနိုင်ငံတွေမှာ ကျင့်သုံးတဲ့ PR စနစ်ရဲ့ ကောင်းကျိုး ဆိုးပြစ်တွေကိုတော့ အများကြီးပြောသွားတဲ့အတွက်ကြောင့် ကျွန်တော် ဒါတွေကို မပြောတော့ပါဘူး။ ဆွေးနွေးတာကလည်းပဲ အားနည်းချက်တွေဘဲ ဆွေးနွေးတဲ့အတွက်ကြောင့် ကျွန်တော် ထပ်ပြီး စောဒက တက်စရာ မရှိပါဘူး။ အချက် (၃) ချက်ပဲ ထောက်ပြပါမယ်။ (၁) ကတော့ အဲဒီစနစ်ထဲမှာ ကျင့်သုံးတဲ့ PR Party list စနစ် ပါတယ်။ Party list စနစ်ထဲမှာတော့ ဒီ Closed List မကောင်းဘူးဆိုတာတော့ ကျွန်တော်တို့လည်း ခံယူပြီးသား ဖြစ်ပါတယ်။ Party list စနစ်တော့ ကျင့်သုံးရမှာပဲ ဘာကြောင့်လဲ ဆိုတော့ နိုင်ငံရေးပါတီဆိုတာ ကိုယ်စားလှယ်ကို ပါတီက လောင်းတာ သဘာဝပါပဲ၊ အစဉ်အလာပါပဲ။ သို့သော် Closed List ဆိုရင်တော့ ဒါဟာ ပါတီရွေးကောက်ခံ ကိုယ်စားလောင်းများရဲ့ ပူပန်သောက တွေ ရှိပါတယ်။ အဲဒီသောကမှုကို ပြေပျောက်စေနိုင်တာကတော့ Open List ပဲ ဖြစ်ပါတယ်။ မဟုတ်ရင်တော့ ပါတီခေါင်းဆောင်ပိုင်းရဲ့ လုပ်ပိုင်ခွင့်တွေ မြင့်မားသွားတာ ကိုယ်စားလှယ်လောင်း ပိုင်ခွင့်ရှိတဲ့ လုပ်ပိုင်ခွင့်ကို အလွန်အကျွံ ကျင့်သုံးရင် အောက်ခြေမှာဖြစ်နေတဲ့ ပကတိအခြေအနေနဲ့ ကွာဟတာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့ ကွာဟတာတွေ ဖြစ်တတ်တဲ့အတွက်ကြောင့် ဒီစနစ် Closed list စနစ်ကတော့ မကောင်းပါဘူး။ Open List System ပဲ ကျင့်သုံးသင့်တယ်ဆိုတဲ့ အချက်ကလေး တစ်ချက် ကျွန်တော် တင်ပြလိုပါတယ်။

ဒုတိယအချက်ကလည်း MMPR စနစ် Mixed Member Propostional System ဒီစနစ်မှာလည်း အားနည်းချက်တွေ ရှိပါတယ်။ သူကတော့ ပါတီနဲ့ကိုယ်စားလှယ်ကို ပြိုင်စဉ်းစားပြီး ပါတီကိုလည်း ရွေး၊ ကိုယ်စားလှယ်ကို ရွေး၊ ကိုယ်စားလှယ်အနေနဲ့ ပုဂ္ဂိုလ်ရေးရတဲ့နေရာက ဘယ်နှစ်နေရာ၊ ပါတီရဲ့ ရတဲ့ရာခိုင်နှုန်းအချိုးအရ ဘယ်နှစ်နေရာ ဆိုတဲ့ဟာကလည်း ဒါ Seat မငြိမ်တတ်တဲ့သဘော ရှိတဲ့အတွက်ကြောင့် ဒါလည်း ကျင့်သုံးရန် မသင့်ဘူးဆိုတဲ့ အဖြေတစ်ခု ထွက်ပါတယ်။ ဥပမာအားဖြင့် ပါတီတစ်ခုက ကိုယ်စားလှယ်အနေနဲ့ ဝင်ရွေးခံတဲ့အခါမှာ ကိုယ်စားလှယ်ကိုပေးတဲ့မဲအရ (၃) ယောက်ရတယ်။ ဒါပေမဲ့ သူ့ပါတီကရတဲ့ အချိုးအစားက (၁.၄၈)ပဲ ရတယ်ဆိုရင် သူက (၂)ယောက်ပဲ ရခွင့်ရှိတယ်။ အဲဒီတော့ (၂) ယောက်နဲ့ (၃) ယောက်မှာ (၃) ယောက် ဘက်က အလျှော့ပေးမလား (၂) ယောက်ဘက်က တိုးယူမလားဆိုတဲ့ ပြဿနာ ပေါ်ပါတယ်။ (၃) ယောက်ဘက်ကလည်း အလျှော့မပေးချင်တာ အမှန်ပဲ (၁) ယောက်ဘက်က တိုးယူရင်လည်း သတ်မှတ်တဲ့ Seat ထက် များသွားနိုင်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ အကန့်အသတ် ရှိတဲ့ Constitution နဲ့ကျရင် ဒါ မကိုက်ပါဘူး။

နောက်တစ်ခုကတော့ -Threshold Percentage လို့ ခေါ်တဲ့ ကိုယ်စားလှယ်တစ်ဦး အနိမ့်ဆုံးရ ရမယ့် ရာခိုင်နှုန်း သတ်မှတ်ချက် ရှိသင့်၊ မရှိသင့် ဆိုတဲ့ အချက်ပဲ စဉ်းစားဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်လောက် ရာခိုင်နှုန်းမှမရရင် လွှတ်တော်ထဲမဝင်ရဘူးဆိုလို့ စနစ်

သတ်မှတ်လိုက်ရင် သူ့ကိုထည့်တဲ့ မဲဆန္ဒရှင်တွေရဲ့မဲကို ပြစ်ပယ်ရာရောက်ပါတယ်။ ပြည်သူ့ရဲ့ ဆန္ဒကို မျက်ကွယ်ပြုရာ ရောက်ပါတယ်။ ဒါကြောင့် ဒီ စနစ်ကလည်း ကျင့်သုံးရန် သင့်/မသင့် ဆိုတဲ့ဟာကို စဥ်းစားပြီးတော့ သူရတဲ့ ရာခိုင်နှုန်းတွေ အကုန်လုံးတန်းစီလိုက်၊ မျှမျှတတ၊ များရာက နည်းရာ In order of merit စီလိုက်ပြီးတော့ များရာက နည်းရာကို ချတဲ့အချိုးအတိုင်း (၆)နေရာရရင် အပေါ်ဆုံး (၆)ယောက်ကို ရွေးသွားတာကို ပိုပြီးအမျှတဆုံး ဖြစ်မယ်ဆိုတဲ့ဟာလည်း စဥ်းစားရန်သင့်ပါတယ်။ အထူးသဖြင့် လူဦးရေနည်းတဲ့ မဲဆန္ဒနယ်တွေမှာ ဒီစနစ်က သိပ်အရေးကြီးပါတယ်။ ဒီ (၃)ချက်ပဲ ဒီစနစ်နဲ့ ပတ်သက်လို့ စဥ်းစားရန် ထောက်ပြပါတယ်။

နောက်တစ်ခု ကျွန်တော် အကြံပြုမှာကတော့ ကျွန်တော်တို့ လက်ရှိအခြေခံဥပဒေကို Referendum ယူရမယ်တို့၊ (၇၅)ရာခိုင်နှုန်းမဲ ဘာမှမလိုဘဲနဲ့ အဲဒါတွေ ပြင်စရာမလိုဘူး။ အခြေခံဥပဒေနဲ့ လည်း မကွဲရဘူး။ မကွဲပြားရဘူး။ မဲဆန္ဒရှင်တွေ အတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်စေမယ့် ရှုပ်ထွေးပွေလီမယ့် အင်မတန်ခက်ခဲတဲ့ စနစ်လည်း မဖြစ်ရဘူး။ လက်ရှိ ယဥ်ပါးနေတဲ့စနစ်နဲ့လည်း အလွန်အကျူး ကွာမသွားဘဲနဲ့ အလွယ်တကူလိုက်ပြီးတော့ ပြောင်းလဲနိုင်မယ့် တစ်နည်းအားဖြင့် တစ်နေ့က ပြောတဲ့ Voter Education ဆိုတဲ့ မဲဆန္ဒရှင်တွေကို ပညာပေးတဲ့ အခါမှာ ခက်ခက်ခဲခဲ မရှိနိုင်မယ့် စနစ်ကလေးတစ်ခု ကျွန်တော်တို့ စဥ်းစားပြီးတော့ ဖော်ထုတ်ကြည့်ရင် ကောင်းမလားလို့ တွက်ပါတယ်။

(၁)ကတော့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာပါတဲ့အတိုင်းပဲ အမျိုးသား လွှတ်တော်မှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုပေါ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု ရှိမယ်။ နောက်ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခုရှိမယ်။ အဲဒီလို ပြည်နယ်/တိုင်းတွေမှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနဲ့တိုင်းတွေမှာတော့ လက်ရှိ FPTP စနစ်နဲ့ပဲ ကိုယ်စားလှယ်ရွေးရမှာ၊ သူက တစ်နေရာထဲ ရွေးရမှာ ဖြစ်တဲ့အတွက်ကြောင့် သူကိုတော့ FPTP စနစ်နဲ့ပဲ ရွေးတာပိုပြီးတော့ ဆီလျော်မယ်ဆိုတာ ကျွန်တော် မြင်ပါတယ်။

ဒါဆိုရင်တော့ ဘာမှ အခြေခံဥပဒေနဲ့လည်း ဆန့်ကျင်စရာအကြောင်း မရှိပါဘူး။ ဒုတိယ အချက်က ကျွန်တော် စောစောက တင်ပြခဲ့တဲ့အတိုင်းပဲ ကျန်တဲ့ တိုင်းနဲ့ပြည်နယ်တွေမှာတော့ ဒါ party list စနစ်ကိုပဲ ကျင့်သုံးမယ်။ ကျင့်သုံးလို့ရှိရင်လည်း Open List စနစ်ကိုပဲ ကျင့်သုံးမယ်ဆိုတဲ့ အချက်တစ်ချက်က ဒုတိယအချက်ဖြစ်ပါတယ်။ တတိယအချက်ကတော့ ဆန္ဒမဲပေးတဲ့အခါမှာ ဒီမှာ Power Point နဲ့ ထိုးပြသွားတာ တွေ့လိုက်ပါတယ်။ အင်မတန်ရှုပ်ထွေးတဲ့ ပုံစံတွေ၊ ဟို အစဥ် Priority ပေးတဲ့ ပုံစံရှိတယ်။ ပါတီနဲ့ လူနဲ့ ပေးတာရှိတယ်။ လူတွေ ရှုပ်ထွေးနိုင်တယ်။ ကျွန်တော်တို့နိုင်ငံက လူတွေရဲ့ မြန်မာစကား မတတ်ကျွမ်းတာ၊ နောက်ပြီးတော့ ပညာအခြေခံနိမ့်တာ၊ ဆွေးနွေးသွားတာတွေ အများကြီးပါ။ ဒါတွေ ဘာမှ မပတ်သက်လာနိုင်မယ့် လက်ရှိကျင့်သုံးနေတဲ့၊ လက်ရှိယဥ်ပါးနေတဲ့ FPTP စနစ်မှာသုံးတဲ့ မဲပြားစနစ်ဟာ သုံးလို့ရပါတယ်။ ကိုယ်စားလှယ် နာမည်ပါမယ်။ ပါတီ Logo ပါမယ်။ ပါတီနာမည် ပါမယ်။ ဘေးမှာ ကွက်လပ်တစ်ခုရှိမယ်။ ကြိုက်တဲ့ ကိုယ်စားလှယ်နာမည်ဘေးမှာ ဆန္ဒပြုလိုက်ရုံပါပဲ။ ဒီမဲပြားစနစ်ကို ကျင့်သုံးမယ်ဆိုရင် အထူးတလည် ပြောင်းရန် မလိုတဲ့အတွက်ကြောင့် Voter education မှာ ဘာဝန်ထုပ်ဝန်ပိုးမှ မရှိဘဲနဲ့ ငွေကြေးကုန်ကျရန် အကြောင်းလည်း တစ်စုံတရာ မရှိပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ဒီစနစ်ဟာ စောစောတုန်းက ပြောတဲ့

ဒီမိုကရေစီရဲ့ အခြေခံဖြစ်တဲ့ မဲဆန္ဒရှင်က ကိုယ့်ရဲ့ ကိုယ်စားလှယ်ကို တိုက်ရိုက်ရွေးချယ်ခွင့် ရတာဖြစ်တဲ့အတွက်ကြောင့် ဘာမှထူးခြားစွာ မထိခိုက်ဘူးဆိုတာ သွားတွေ့ပါတယ်။

ဒါကြောင့် တတိယအချက်ကတော့ လက်ရှိဆန္ဒမဲပြား ပုံစံအတိုင်းပဲ မဲဆန္ဒပေးတဲ့စနစ်က ကျင့်သုံးလို့ ရပါတယ်ဆိုတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် တစ်ခုချင်းမှာ ကိုယ်စားလှယ်လောင်းတွေရတဲ့ ပါတီတစ်ခုက ကိုယ်စားလှယ်လောင်းရတဲ့ မဲတွေ အကုန်စုပေါင်း၊ အဲဒါကို အချိုးချ၊ ပြီးမှ လွှတ်တော်နေရာသတ်မှတ်တယ်။ ဒါကတော့ PR ရဲ့ သဘောပါပဲ။ အဲဒီလိုသတ်မှတ်တဲ့အခါမှာ ဒသမ(၂)နေရာထိအောင် တွက်၊ တွက်ပြီးလို့ရှိရင် အဲဒါကို များရာက နည်းရာကို စီပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုချင်းစီအလိုက် ပါတီတစ်ခုချင်းက ရမယ့် Seat ကို တွက်တဲ့ စနစ်ဖြစ်ပါတယ်။ ဥပမာအားဖြင့် တိုင်းဒေသတစ်ခုမှာ (၁၂)နေရာမှာ ပါတီ (A) က (၆)နေရာရမယ်။ ပါတီ(B) က (၄)နေရာရမယ်။ ပါတီ (C) က (၂)နေရာရမယ် စသည်ဖြင့် ဒီလိုတွက်တဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလည်းပဲ မျှတတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကိုယ်စားလှယ်တွေရတဲ့ ခိုင်လုံမဲ ရာခိုင်နှုန်းပေါ့၊ ခိုင်လုံမဲ ရာခိုင်နှုန်းဆိုတာ ပျောက်မဲ မပါ၊ ပယ်မဲ မပါ။ တကယ်တရားဝင်တဲ့ မဲနဲ့ ကိုယ်စားလှယ်ရတဲ့ မဲနဲ့ အချိုးချပြီး ရာခိုင်နှုန်း တွက်လိုက်တဲ့အခါမှာ အဲဒီရာခိုင်နှုန်းတွေ အားလုံးကို ပါတီတစ်ခုချင်းစီအတွက်ကို တစ်ခါတည်း In order of merit ပေါ့၊ များရာက နည်းရာကို ကော်မရှင်ကနေ စီပေးဖို့ ဖြစ်ပါတယ်။ ကော်မရှင်ကစီပြီး တရားဝင် ကြေညာလိုက်ရုံပါပဲ။ ကြေညာလိုက်ရင် ဒီပါတီကလည်း (၁၂)ယောက်ဝင်တယ်။ ဟိုပါတီကလည်း (၁၂) ယောက်ဝင်တယ်။ ဒါပေမဲ့ ဒီဘက်ပါတီက နဂိုက အချိုးအရ (၆)ယောက်ပဲ ရတယ်။ ဒါဖြင့် အပေါ်ဆုံး (၆)ယောက်ပါလာလိမ့်မယ်။ ဒီ ဘက်ပါတီက အချိုးအရ (၄)ယောက် ရမယ်ဆိုရင် အပေါ်ဆုံး(၄)ယောက် ပါလိမ့်မယ်။ အဲဒီအခါကျတော့ ဘယ်သူ့ကိုမှ ချဉ်းကပ်စရာ မလိုဘဲနဲ့ မဲဆန္ဒနယ်ထဲမှာ နဂိုကတည်းက အဆိုပြုထားတဲ့ ကိုယ်စားလှယ်လောင်းရဲ့ စာရင်းအတိုင်းပဲ ဖြစ်တဲ့အတွက်ကြောင့် ပါတီခေါင်းဆောင်ပိုင်းကို ချဉ်းကပ် ရတာတို့၊ လျှို့ဝှက်ပြီး နောက်မှ ဟိုလူထည့်တာ၊ ဒီလူထည့်တာတွေလည်း မရှိတဲ့အတွက်ကြောင့် ရှုပ်ထွေးမှု မရှိနိုင်ဘူးလို့ ကျွန်တော့်အနေနဲ့ စဉ်းစားကြည့်ပါတယ်။ ဆိုလိုတာကတော့ လက်ရှိနိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စနစ်တွေရဲ့ အားနည်းချက်တွေကို ပုံတူကူးတာ မဟုတ်ဘဲနဲ့ ကိုယ့်နိုင်ငံနဲ့ ကိုက်ညီမယ့် စနစ်ဖြစ်တဲ့အတွက်ကြောင့် PR မြန်မာဆိုပြီးတော့ စနစ်တစ်ခုထွင်တဲ့သဘောလည်း ဖြစ်မယ်ဆိုရင် ပိုပြီးကောင်းနိုင်ပါတယ်။

ဒီနေရာမှာ စောစောက ကိုယ်စားလှယ်တစ်ယောက် ဆွေးနွေးသွားတာ ကျွန်တော် ကြားပါတယ်။ မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ တီထွင်တဲ့ဟာကလည်း ကျဆုံးသွားတာ ရှိတယ်ဆိုပြီးတော့ ပါတီတစ်ခုနာမည် ကြားလိုက်ပါတယ်။ ဒါ လမ်းစဉ်ပါတီပေါ့လေ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီကျဆုံးတာဟာ စနစ်နဲ့ မဆိုင်ပါဘူး။ ပါတီဘက် စီးပွားရေးဆိုင်ရာ မနိုင်နင်းမှုတွေ၊ အာဏာမက်မောမှုတွေ၊ ပြည်သူကို လျစ်လျူရှုမှုတွေ ဒါတွေနဲ့ပဲ ဆိုင်ပါတယ်။ ဒါဟာ စနစ်နဲ့ ဘာမှမဆိုင်ပါဘူး။ ဒါ ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော်အခု Power Point ကလေး (၃)ခုကို တင်ပြခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးအား ပန်ကြားပါတယ်။

ဒီ ပထမ Power Point က ကျွန်တော်တို့ ဧရာဝတီတိုင်းရဲ့ (၂၆)မြို့နယ် လူဦးရေ အခြေအနေပြတာပါ။ ဒါ as of 2010 ပါခင်ဗျား။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတုန်းက ကောက်ထားတဲ့ သန်းခေါင်စာရင်းပါ။ ကျွန်တော်အခု လူဦးရေကို မပြောတာက အတည်မပြုရသေးလို့ပါ။ (၂၆)မြို့နယ် လူဦးရေ(၃)သိန်းကျော်ရှိတဲ့ မြို့က အဲဒီတုန်းက တစ်မြို့ ရှိပါတယ်။ လပွတ္တာပါ။ မြို့နယ် တစ်မြို့ ဖြစ်ပါတယ်။ (၂)သိန်းနဲ့ (၃)သိန်းကြားက (၃)မြို့နယ် ရှိပါတယ်။ ဟင်္သာတ၊ ပုသိမ်၊ ဗိုလ်ကလေး ဖြစ်ပါ တယ်။ (၂)သိန်းနဲ့ (၃)သိန်းဆိုတော့ (၂၅၀၀၀၀)အောက်မှာပဲ ရှိပါတယ်။ (၂၅၀၀၀၀)တောင် မကျော် ပါဘူး။ခုတော့ ကျော်နေနိုင်ပါတယ်။ နောက်တစ်ခုက (၁၅၀၀၀၀)နဲ့ (၂၀၀၀၀၀)ကြားမှာဆိုရင် (၇)မြို့နယ် ရှိပါတယ်။ ဖျာပုံ၊ ပန်းတနော်၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျုံပျော် ဖြစ်ပါတယ်။

အလားတူ တစ်သိန်းနဲ့ တစ်သိန်းခွဲကြားမှာ (၁၄)မြို့ ရှိပါတယ်။ ခြောက်သောင်း နဲ့ တစ်သိန်း ကြားမှာ (၄)မြို့နယ်ပဲ ရှိပါတယ်။ အဲဒီထဲမှာ ကြံခင်းနဲ့ လေးမျက်နှာ အနည်းဆုံး ခြောက်သောင်းကျော်ပဲ ဖြစ်ပါတယ်။ ဆိုတော့ ဒါတွေဟာ မြို့နယ်(၂၆)မြို့နယ်မှာ ရှိတဲ့ လူဦးရေကွာရင် မဲဆန္ဒရှင် အရေအတွက် ကွာနိုင်တယ် ဆိုတာကို တိုင်းဒေသကြီးတစ်ခုနဲ့ ထောက်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ စောစောက ပြောခဲ့တဲ့ (၂၆)မြို့နယ် စောစောကတော့ မျက်စိထဲမှာ မှန်းကြည့်ရင်သိပါတယ်။ ဘယ်မြို့တွေက လူဦးရေများတယ်ဆိုတာ၊ အဲဒီမြို့တွေက ခရိုင်(၆)ခုထဲမှာ ဘယ်လိုတည်ရှိနေတဲ့ဟာကို ပျံ့နှံ့တယ်ဆိုတာ ပြတာဖြစ်ပါတယ်။ ဥပမာအားဖြင့် လူဦးရေအများဆုံး လပွတ္တာ၊ အောက်ဆုံးက လပွတ္တာခရိုင်ထဲမှာ ရှိပါတယ်။ ဒုတိယအများဆုံးဖြစ်တဲ့ ပုသိမ်၊ ဟင်္သာတ။ ဗိုလ်ကလေးက ဖျာပုံခရိုင်မှာ ရှိတယ်။ ဟင်္သာတက ဟင်္သာတခရိုင်မှာရှိတယ်။ ပုသိမ်က ပုသိမ်ခရိုင်မှာရှိတယ်။ နောက် (၂)သိန်းအောက်မှာ ရှိတဲ့ မြို့နယ်တွေက ဘယ်လိုပျံ့နှံ့တယ်ဆိုတာ ဒါတွေ ကြည့်လိုက်ရင် ဘာသွားတွေ့လဲဆိုတော့ ခရိုင်တစ်ခုတည်းမှာ များတဲ့ မြို့နယ်တွေလည်း စုနေတာလည်း ရှိတယ်။ နည်းတဲ့ မြို့နယ်တွေလည်း စုနေတာရှိတယ်။ နည်းတဲ့မြို့နဲ့ များတဲ့မြို့နဲ့ မျှတာရှိတယ်။

ဒါကို ကျွန်တော် စဉ်းစားနိုင်အောင် တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဘာကြောင့် ကျွန်တော် ဒါကို တင်ပြရလဲဆိုရင် စောစောတုန်းက ပြောခဲ့တဲ့ မဲဆန္ဒရှင် အနည်း၊ အများ မကွာဟစေရေးဆိုတဲ့ ဟာကို ကျွန်တော် ပြောလိုခြင်း ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဆိုရင်တော့ မဲဆန္ဒနယ်များကို လူဦးရေ အလွန်အမင်း မကွာအောင် ညှိနှိုင်းဖို့ တာဝန်ကတော့ ဒါ အုပ်ချုပ်ရေးနဲ့လည်း ပတ်သက် ပါတယ်။ နယ်မြေဆက်စပ်မှုနဲ့လည်း ပတ်သက်ပါတယ်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတုန်းက တိုင်းဒေသကြီးတစ်ခုရဲ့ ရွေးကောက်ပွဲက အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များရတဲ့ မဲတွေပါ။ ဒါ ကျွန်တော်သတင်းစာထဲက ကူးထားတာဖြစ်တဲ့ အတွက်ကြောင့် လျှို့ဝှက်ချက် ဘာမှ မပါ ပါဘူး။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ကျွန်တော်တို့ (၁၂)ယောက်၊ ဒါ ပါတီတစ်ခုတည်းရဲ့ ဟာကို ကူးထားတာပါ။ အဲဒီမှာ ဆိုလို့ရှိရင် ဦး (က) က ခိုင်လုံမဲ ရာခိုင်နှုန်းအားဖြင့် (၈၁.၉၁)ရတဲ့အတွက်ကြောင့် အများဆုံးမဲ။ သူက နံပါတ်(၁)ပဲ။ ဟိုအောက်ဆုံးက ဦး (ထ) ကျ သူက (၄၈.၀၇) ဘာလို့ အဲဒီလို ကွာရလဲလို့ ကြည့်လိုက်တဲ့အခါကျတော့ ဘာသွားတွေ့ မလဲဆိုရင် ခိုင်လုံမဲလို့ ခေါ်တဲ့ လူဦးရေပေါ့၊ မဲဆန္ဒရှင်ပေါ့ သိပ်ကွာတာ တွေ့ရပါလိမ့်မယ်။ အပေါ်ဆုံးက ဦး (က) က (၁၇၉၉၄၄) ယောက်ပဲ ရှိပြီးတော့ ၁၂ မှာကျတော့ (၃၆၆၅၇၀) ကို ကိုယ်စားပြုရတာ ဖြစ်ပါတယ်။ ဒါကြောင့်သူက အောက်က ပိုင်းခြေကြီးသွားရင် သင်္ချာ သဘောတရား

အရ ရာခိုင်နှုန်းက လျှော့ကျသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒနယ်ရှင် အနည်းအများ အများအပြား သိပ်ကွာရင်တော့ဖြင့် နည်းနည်းလေး စဥ်းစားရန်ရှိတယ် နိဂုံးချုပ်ပါမယ် ခင်ဗျား။

ကျွန်တော် ဒါကြောင့်မို့ ဒီအဆိုကို ဆွေးနွေးတဲ့အခါမှာ ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုဖြစ်တဲ့ PR စနစ် ပြောင်းလဲကျင့်သုံးဖို့ အဆိုကို ထောက်ခံဆွေးနွေးပါတယ်။ နည်းနည်း ပြည့်စုံအောင် အချက် ကလေးတစ်ချက်ပဲ ကျွန်တော်ထည့်ပြောပါတယ်။ လွှတ်တော်က အတည်ပြုခဲ့ပြီးပြီဆိုရင် ဒီအချိုးကျ စနစ်ကို ကျင့်သုံးဖို့ နိုင်ငံတော်ရဲ့ ပကတိအခြေအနေ အရပ်ရပ်နဲ့ လိုက်လျောညီထွေရှိမယ့် အချိုးကျ ကိုယ်စားပြုစနစ်ကို ဒီဇိုင်းတစ်ခုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြံပြုပေးပို့ သွားနိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ အတွေ့အကြုံရှိသူများပါဝင်သော ကော်မရှင်တစ်ရပ်ကို လွှတ်တော်က ဖွဲ့စည်းတာဝန် ပေးအပ်သင့်ပါကြောင်း ဖြည့်စွက်အကြံပြုရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၀။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည် တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဒေါ်ခင်ဝိုင်းကြည် အဆိုတင်သွင်း ထားတဲ့ လာမယ့် ပါတီစုံ မည်သည့် ရွေးကောက်ပွဲများတွင် မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ် ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို အကြံပြုဖြည့်စွက်ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ အဆိုရှင် ဒေါ်ခင်ဝိုင်းကြည် ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ PR စနစ်နဲ့ FPTP စနစ်တွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို ရှေ့က ကိုယ်စားလှယ်များက အချက်အလက်အပြည့်အစုံ slide အဖုံဖုံနဲ့ ပြည့်စုံစွာ တင်ပြသွားပြီဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ကွက်ပြီးတော့ မူနဲ့ အခြေခံသဘောကိုပဲ တင်ပြဆွေးနွေးသွား မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ဆိုတာ အများသဘော ပြည်သူ့ဆန္ဒဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ ပါတီတွေဟာ လူထုရဲ့ကိုယ်ပွားတွေ ဖြစ်ပါတယ်။ ဒီပါတီတွေရဲ့ အသက်ဟာလည်း ရွေးကောက်ပွဲပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့ ရလာဒ်ဟာလည်းပဲ ပြည်သူတွေရဲ့ အနာဂတ်ဘဝကို ပုံဖော်ပေးမယ့် ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီ ရွေးကောက်ပွဲကို ကျင်းပမယ့် ရွေးကောက်ပွဲစနစ်ဟာ ပါတီစုံဒီမိုကရေစီစနစ်မှာ အရေးကြီးဆုံးသော အချက်ပဲဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံနဲ့ နိုင်ငံသားတွေဟာ နှစ်ပေါင်း(၆၀)နီးပါးလောက်ကို ပြန်စဉ်းစားကြည့်တဲ့အခါမှာ ခေတ်စနစ်တွေရဲ့ ရိုက်ပုတ်မှုဒဏ်တွေနဲ့ နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ လူမှုဘဝတွေဟာ နိမ့်ကျခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံသားတွေဟာ ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ ကံကြမ္မာပဲ ဆိုပြီးတော့ ကံကိုပဲ ပုံချခဲ့ကြတာ များပါတယ်။ အုပ်ချုပ်တဲ့ အစိုးရ၊ ကျင့်သုံးတဲ့ မူဝါဒ စနစ်တွေကို ပြစ်တင်ဝေဖန်တဲ့ ရာခိုင်နှုန်း အင်မတန် နည်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ ထူးခြားတဲ့ သမိုင်းဟာ ပြီးခဲ့တဲ့ တပ်မတော်အစိုးရဟာ ဒီကနေ့ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်ကို တစ်ခြားသော နိုင်ငံများနဲ့ မတူဘဲနဲ့ ညင်သာစွာ ကူးပြောင်းပေးနိုင်ခဲ့တဲ့ အချက်တစ်ချက်ကို အားလုံးထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဒါကြောင့်မိုလို့ ဒီရွေးကောက်ပွဲစနစ်ကို ပြုပြင်ပြောင်းလဲ ကျင့်သုံးတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ အထက်က လွှတ်တော် ကိုယ်စားလှယ်ကြီးများ စိုးရိမ်ကြောင့်ကျမှုတွေ FPTP စနစ်ရဲ့ ကောင်းတဲ့ အချက်တွေ၊ PR စနစ်ရဲ့ အားနည်းချက်တွေကို ထောက်ပြပြီးတော့ နိုင်ငံရဲ့ ပထဝီအနေအထား၊ လူဦးရေ၊ လူမျိုးစု၊ ဘာသာရေး၊ နိုင်ငံရေးပြဿနာတွေကြောင့် နှစ်ပေါင်းများစွာ FPTP နဲ့ ရင်းနှီးခဲ့ကြတယ်ဆိုပြီးတော့ နောက်စနစ်တစ်ခုကို ပြောင်းလဲ ကျင့်သုံးဖို့အတွက် လက်တွံ့နေးနေတယ်လို့လည်း ထင်မြင်မိပါတယ်။

အဲဒီတော့ ဒီကနေ့ ၂၀၁၀ ရွေးကောက်ပွဲက ပေါ်ပေါက်လာတဲ့ ကျွန်တော်တို့ လွှတ်တော်၊ အစိုးရပိုင်းက (၃)နှစ်ကျော်ကာလမှာ ကျွန်တော်တို့ ဒီမိုကရေစီရဲ့ Indicator လို့ ပြောလို့ရတဲ့ Liberty လွတ်လပ်မှု၊ တရားမျှတမှု (Justice)၊ တန်းတူညီမျှမှု (equality) ဆိုတဲ့ လုပ်ငန်းပိုင်းတွေ၊ social contract လို့ခေါ်တဲ့ လူမှုကတိကဝတ်တွေ၊ ကျွန်တော်တို့ ဘယ်လောက်များများ ပြည်သူအတွက် ဆောင်ရွက်ပြီးပြီလဲ။ လက်ရှိ ကျွန်တော်တို့သည် လွှတ်တော်ပထမသက်တမ်းကာလမှာပဲ နောင်လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာ နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အကျိုးတကယ်ရှိမယ့် ကျွန်တော်တို့ ရွေးကောက်ပွဲ ဖြစ်ဖို့ လိုတယ်။ ကျွန်တော်တို့ မိမိတို့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲတွေနဲ့ ဒီ FPTP တွေ၊ PR စနစ်တွေ၊ အခြေခံဥပဒေတွေ၊ နည်းဥပဒေတွေရဲ့ အကာအကွယ်နဲ့ ဆုံးဖြတ်နေကြမယ့်အစား ဒီ ရွေးကောက်ပွဲစနစ်တစ်ခုသည် ပြည်သူအတွက် ဘယ်လောက်အကျိုးရှိမယ်၊ နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် ဘယ်လောက်အထိ တိုးတက်ကောင်းမွန်မယ်ဆိုတဲ့ အချက်ကို ဦးတည်စဉ်းစားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ခုနကျွန်တော့် အထက်က ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့သလို ပါတီပိုင်းတွေ၊ လွှတ်တော်ပိုင်း၊ နိုင်ငံတော်အစိုးရပိုင်း အဘက်ဘက်ကနေပြီးတော့ နိုင်ငံနဲ့နိုင်ငံသားတွေရဲ့ အကျိုးရှိမယ့် ရွေးကောက်ပွဲစနစ်တစ်ခုကို လည်း အခုအချိန်ကတည်းက စတင်ပြီးတော့ ဆောင်ရွက်ရမယ့်တာဝန် ကျွန်တော်တို့က တာဝန်ပဲဖြစ်တယ်လို့ ထောက်ပြဆွေးနွေးလိုပါတယ်။

ဒါကြောင့်မိုလို့ ကျွန်တော်တို့ ခေတ်စနစ်မျိုးစုံကို ဖြတ်သန်းခဲ့ရတဲ့ ပြည်သူတွေဟာလည်းပဲ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံကို ဒီမိုကရေစီ နုနယ်တယ်။ ဒီမိုကရေစီရဲ့ အလေ့အကျင့်တွေ အားနည်းတယ်ဆိုပြီးတော့ တော်တော်များများ ပြောဆိုပါတယ်။ တကယ်တမ်း ကျွန်တော်တို့ နိုင်ငံနဲ့ နိုင်ငံသားတွေဟာ ဒီမိုကရေစီရဲ့ အလေ့အထ၊ ဒီမိုကရေစီရဲ့ စရိုက်သဘာဝတွေကို ထွန်းကားတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေဟာ ခုန နှစ်ပေါင်း(၆၀)ကျော်ရဲ့ ရိုက်ပုတ်မှုဒဏ်တွေကြောင့် အထိုက်အလျောက် အတွေ့အကြုံတွေ ရရှိနေပါပြီ။ ၂၀၁၅ မှာလည်းပဲ ဘယ်လို မဲပေးရမယ်ဆိုတဲ့ အတွေးအခေါ်တွေ ရှိသင့်သလောက် ကျွန်တော်တို့ ရှိနေပါပြီး၊ အဲဒီတော့ ဒီ PR နဲ့ FPTP စနစ်ကို ကျွန်တော်အနေနဲ့ ထောက်ခံရတဲ့ အကြောင်းကတော့ ဒီစနစ်ကို PR စနစ်ရဲ့ အဓိကရည်ရွယ်ချက်က မဲဆန္ဒရှင် ပြည်သူများရဲ့

မဲလေလွင့်ဆုံးရှုံးမှုကို ကာကွယ်ခြင်းဆိုတာ တစ်ချက် လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ မဲအနည်းငယ်နဲ့ ရှုံးနိမ့်သွားခဲ့တဲ့ ကိုယ်စားလှယ်ကို မဲပေးခဲ့ကြတဲ့ ပြည်သူများရဲ့ Loss of civil right ဆိုတဲ့ ကိုယ်စားပြုမှု ဆုံးရှုံးခြင်းဆိုတဲ့ အချက်ကိုလည်း အဓိက ကာကွယ်တဲ့ စနစ်ဖြစ်တယ် ဆိုတာ အားလုံးငြင်းပယ်လို့ မရပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လူမျိုးစုတွေ၊ လူနည်းစု အများဆုံးရှိတဲ့ နိုင်ငံ၊ လူမျိုးစုပေါင်း (၁၃၅)စုရှိတယ်။ နိုင်ငံရေးပါတီတွေကို ထူထောင်တဲ့ နေရာမှာလည်း ပါတီမှတ်ပုံတင် တော်တော်များတဲ့ နိုင်ငံပါ၊ ဒီ အချိုးကျစနစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်းဟာ ဒီမိုကရေစီနည်းလမ်းကျ တယ်လို့ ပညာရှင်များကလည်း သုံးသပ်ထားကြတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံနဲ့ ပတ်သက်ပြီးတော့ ရွေးကောက်ပွဲမှာ မှတ်ပုံတင်ထားကြတဲ့ ပါတီတွေအားလုံး အခြေခံဥပဒေ၊ နည်းဥပဒေတွေ၊ FPTP, PR ရဲ့ အားနည်းချက်၊ အားသာချက်တွေကို ကာကွယ်ပြောဆိုကြမယ့်အစား နိုင်ငံ နဲ့ နိုင်ငံသားတွေ အကျိုးရှိမယ်ဆိုရင် ဥပဒေ၊ ညွှန်ကြားချက်၊ နည်းဥပဒေတွေကို ပြင်ဆင်ဖြည့်စွက် ပြောင်းလဲလို့ရတယ်။ လုပ်ပိုင်ခွင့်တွေရှိတဲ့ ကျွန်တော်တို့ လွှတ်တော်တွေကနေပဲ ပြည်သူနဲ့၊ နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အကျိုးရှိအောင် အားလုံးဝိုင်းဝန်းပြီးတော့ ဆောင်ရွက်သင့်တယ်လို့ ပြုပြင် ပြောင်းလဲမယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ခုန မြန်မာ့နည်း မြန်မာ့ဟန်၊ အခြားနိုင်ငံတွေရဲ့ ရွေးချယ်တဲ့ စနစ်တွေကို ပုံတူကူးချဖို့၊ အခြားနိုင်ငံတွေမှာ ဒီစနစ်တွေ ကျင့်သုံးလို့ ရင်ဆိုင်ရတဲ့ ပြဿနာတွေလည်း ကျွန်တော်တို့ နိုင်ငံမှာ ဖြစ်ချင်မှ ဖြစ်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အားလုံးသော ကျွန်တော်တို့ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအားလုံးက ပညာရှင်များက နိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးရှိမယ့် အစိုးရအဖွဲ့တစ်ခု ကို ဖွဲ့စည်းနိုင်တဲ့ ရွေးကောက်ပွဲစနစ်မျိုး၊ ပြည်သူလူထု အကျိုးစီးပွားကို၊ ပြည်သူလူထုကို ခုတုံးမလုပ်ဘဲ ဆောင်ရွက်နိုင်မယ့် အစိုးရမျိုး ပေါ်ထွန်းဖို့အတွက် ပြင်ဆင်ပြောင်းလဲသင့်တဲ့ နိုင်ငံရေးရွေးချယ်တင် မြှောက်တဲ့ စနစ်ကို ပြင်ဆင်ပြောင်းလဲသင့်ပါတယ်လို့ ထောက်ခံတင်ပြရင်း ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွှန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဦးမန်းကံညွှန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွှန့် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် ဆွေးနွေးသွားမယ့် အကြောင်းအရာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် အဆိုပြုတင်ပြသွားသော လာမည့်ပါတီစုံ၊ မည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော် အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို လိုအပ်သလို ဆက်လက် ဆောင်ရွက်

ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ကျွန်တော့် ဆွေးနွေးချက်များကို ဖတ်ကြားဆွေးနွေးခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ အဓိကအချက်ကတော့ နောင်လာမယ့် ပါတီစုံ ရွေးကောက်ပွဲ များတွင် အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ (က) အချိုးကျ ကိုယ်စားပြု စနစ်ကိုကျင့်သုံးရန်၊ (ခ) လိုအပ်သော ဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန် ဖြစ်ပါ တယ်။ ဒီအဆိုအောင်ရင် လိုအပ်သောဥပဒေများကို ပြင်ဖို့၊ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့နဲ့ ဆိုင်တဲ့ ကိစ္စတွေကို ယှဉ်တွဲသုံးသပ်ဆွေးနွေးရန် မလိုပါဘူး။ အမျိုးသားလွှတ်တော်အတွက်သာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီတော့ ဖြစ်နိုင်/မဖြစ်နိုင်၊ နောင်လာမယ့် အနီးဆုံးရွေးကောက်ပွဲအမီ ကျင့်သုံးနိုင်ခြင်း ရှိ/မရှိ စဉ်းစားရမယ်။ ကျွန်တော်ကတော့ ဒီလိုစဉ်းစားပါတယ်။ ၂၀၁၄ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပရန် ရှိပါသလား။ ရှိမယ်ဆိုရင် (၇)လသာ ကျန်ပါတော့တယ်။ ဒါကလည်း ဒီဇင်ဘာလအထိ တွက်တာပါ။ ကျင်းပရန် ရှိမယ်ဆိုရင် ယခုအမျိုးသားလွှတ်တော်မှာ လိုအပ်နေတဲ့ လွှတ်တော် ကိုယ်စားလှယ်(၆)နေရာအတွက် ရွေးချယ်နိုင်မလား။ အချိန်မီ ဥပဒေကို ပြင်ဆင်နိုင်မလား။ မပြင်ဆင် နိုင်ဘူးလို့ထင်ပါတယ်။

ဒါကြောင့် ၂၀၁၄ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ အဆိုရှင်တင်ပြတဲ့ စနစ် ဆောင်ရွက်ဖို့ အဆင်မပြေ ခက်ခဲလိမ့်မယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။ ဒါဆိုရင် ၂၀၁၅ ခုနှစ်မှာ ကျင်းပမယ့် ပါတီစုံရွေးကောက်ပွဲ ကျင့်သုံးနိုင်မလား။ ကျွန်တော် သုံးသပ်ကြည့်ပါတယ်။ ပထမ သုံးသပ်ရမှာကတော့ ယခုကျင့်သုံးနေသော ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြတဲ့ အမျိုးသားလွှတ်တော်နဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်များကတော့ ပုဒ်မ ၁၄၁မှ ၁၆၀ အထိ ဖြစ်ပါတယ်။ ပုဒ်မ ၁၄၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးကျစီ တူညီစွာဖြင့် ရွေးကောက် တင်မြှောက်ရမှာဖြစ်ပါတယ်။ ဘယ်လိုစနစ်မျိုးဖြင့် ရွေးကောက်ရမယ်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။ အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်းအခန်း ပုဒ်မ ၃၉၁ မှ ၄၀၂ အထိသည် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ ပြဋ္ဌာန်းချက်တွေမှာလည်း ဘယ်စနစ်နဲ့ ရွေးကောက်တင်မြှောက်ရမယ်လို့ ပြဋ္ဌာန်းထားချက်မရှိပါဘူး။ ဒါကြောင့် လက်ရှိ ကျင့်သုံးဆဲဖြစ်သော နိုင်သူအကုန်ယူ FPTP စနစ် ဖြစ်ဖြစ်၊ အချိုးကျကိုယ်စားပြုစနစ်ဖြစ်သော PR စနစ် ဖြစ်ဖြစ် ကျင့်သုံးနိုင်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို မကျော်လွန်ကြောင်း၊ ပြင်ဆင်ရန်မလိုအပ်ကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့က လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ဦး ဆွေးနွေးသွားပါတယ်။ ဒီကနေ့ တစ်ဦးဆွေးနွေးသွားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၃ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်လို့ ဆိုထားတာကြောင့် PR စနစ် ကျင့်သုံးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီလို့ ဆွေးနွေးသွားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မဲဆန္ဒနယ်ကို သတ်မှတ်ထားခြင်းမရှိပါ။ မဲဆန္ဒနယ် သတ်မှတ်ရန် တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉၊

ပုဒ်မခွဲ(ဂ)မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များအဖြစ် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက် ပုဒ်မ ၃၉၃(ခ)ဆိုတဲ့ မဲဆန္ဒနယ်ကို အမျိုးသားလွှတ်တော်အတွက် ပြည်နယ်၊ တိုင်းဒေသကြီး(၁၄)ခုကို ထူးခြားတဲ့ ပြည်နယ်၊ တိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်၊ တိုင်းဒေသကြီးများကို မဲဆန္ဒနယ် တစ်ခုစီဟု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်တယ်ဆိုရင် PR စနစ်နဲ့အညီ ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်း၏ ယှဉ်ပြိုင်မှုသည် မဲဆန္ဒနယ် တစ်ခုသာဖြစ်ပါတယ်။ ဒီနေရာမှာ မဲဆန္ဒနယ် တစ်ခုကို ကိုယ်စားလှယ်လောင်း ယှဉ်ပြိုင်ခွင့် အရေအတွက် သတ်မှတ်ထားတာမရှိလို့ အားလုံးယှဉ်ပြိုင်နိုင်ပါတယ်။

ဒါဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မကိုက်ညီဘူးလို့ ပြောလို့မရနိုင်ပါဘူး။ ဒုတိယ တစ်ချက်ကတော့ ကိုယ်စားလှယ်တော်ကြီး(၂)ဦးခန့် တင်ပြသွားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများအတွက် ကိုယ်စားလှယ် တစ်ဦးကျစီလို့ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ ဒီနေရာမှာလည်း မဖြစ်မနေ တစ်ဦးကျစီလို့ ဆိုထားတဲ့အတွက် ဥပမာ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မှာ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် မဲဆန္ဒနယ်တစ်ခု၊ ကျန် စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံးအတွက် မဲဆန္ဒနယ်တစ်ခု ပေါင်း(၂)ခုသတ်မှတ်မယ်ဆိုရင် PR စနစ်ကျင့်သုံးတာသည် အခြေခံဥပဒေနဲ့ ညီပါတယ်။ အဲဒီလိုပဲ ရှမ်းပြည်နယ်နေရာမျိုးမှာ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် မဲဆန္ဒနယ် တစ်ခု၊ ပအိုဝ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မဲဆန္ဒနယ်တစ်ခု၊ ပလောင် အုပ်ချုပ်ခွင့်ရဒေသသည် မဲဆန္ဒနယ်တစ်ခု၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မဲဆန္ဒနယ်တစ်ခု၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မဲဆန္ဒနယ်တစ်ခု စသည်ဖြင့် မဲဆန္ဒနယ်(၆)ခုနဲ့ ကျန်နေရာ အားလုံးအတွက် ကိုယ်စားလှယ်(၆)ဦးဖြင့် မဲဆန္ဒနယ်တစ်ခု သတ်မှတ်ပြီးတော့မှ ရှမ်းပြည်နယ်မဲဆန္ဒနယ်ကို မဲဆန္ဒနယ်(၇)ခုသတ်မှတ်ရင် ရှမ်းပြည်နယ်ဟာ PR စနစ်ကျင့်သုံးလို့ မရဘူး၊ အခြေခံဥပဒေနဲ့ မညီဘူးလို့ ငြင်းလို့မရဘူးလို့ ကျွန်တော် တင်ပြချင်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်စဥ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအဆို အောင်သွားရင်တော့ ၂၀၁၀ ခုနှစ် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်း ပြုရပါ့မယ်။ ဒီလို ပြင်ဆင်၊ပယ်ဖျက်၊ အသစ်ရေးဆွဲဖို့ အချိန်လုံလောက်ပါသလား။ ၂၀၁၄ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကျင့်သုံးဖို့ အချိန်မလုံလောက်ပေမယ့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ အတွက်ဆိုရင်တော့ ဥပဒေပြင်ဖို့ အချိန်လုံလောက်ပါတယ်။ သို့သော် ဥပဒေပြုသူများ ကိုယ်တိုင် စိတ်အားထက်သန်ဖို့တော့ လိုအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုသည် အောင်ခဲ့ရင် ဥပဒေများပြင်ဆင်ရန် အချိန်လုံလောက်တယ်ဆိုရင်တော့ ဒီစနစ်ကို ကျင့်သုံးသင့်/မသင့် ဆွေးနွေးသုံးသပ်ရပါမယ်။ နောင်လာမည့် ပါတီစုံမည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် အဆိုကို ကျွန်တော် ထောက်ခံထားပါတယ်။ ထောက်ခံရတဲ့အကြောင်းရှိပါတယ်။ ၂၀၁၀ပြည့်နှစ် ပါတီစုံ

ရွေးကောက်ပွဲ အမျိုးသားလွှတ်တော်အတွက် ကရင်ပြည်နယ်ကိုယ်စားလှယ်ရွေးချယ်ရာမှာ မဲဆန္ဒနယ် (၂)၊ မဲပေးခွင့်ရှိသူ ၉၄၃၆၂ ဦးအနက် ခိုင်လုံမဲ ၆၂၀၈၈ ဦး မဲရှိခဲ့ပါတယ်။ ပါတီ(၃)ခုမှာ ကျွန်တော် အပါအဝင် ကိုယ်စားလှယ်(၃)ဦးယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်တော်က မဲပေးသူများအနက် (၂၃၀၈၁) မဲနဲ့ (၃၇.၁၇) ရာခိုင်နှုန်းရရှိပြီးတော့မှ နောက်ပါတီတစ်ခုက (၂၂၅၂၂) မဲနဲ့ (၃၅.၅၁) ရာခိုင်နှုန်း ရပါတယ်။ နောက်ဆုံးတစ်ဦးကတော့ (၁၆၉၅၆) မဲနဲ့ (၂၇.၃၀) ရာခိုင်နှုန်း အသီးသီးရရှိခဲ့ပြီး ကျွန်တော်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ကရင်ပြည်နယ်အတွင်း လွှတ်တော်(၃)ရပ်မှာ ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်း ဝင်ပြိုင်ပြီးတော့မှ သင့်တင့်တဲ့ မဲအရေအတွက်များ ရရှိပေမယ့် FPTP စနစ်ကြောင့် ကျွန်တော့်ကို အဖြစ်မှန်ကို ကျွန်တော်တင်ပြမှာဖြစ်တဲ့အတွက် ပါတီအမည်ကို သုံးခွင့်ပြုဖို့အတွက် ကျွန်တော် ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပါတီအမည်ကို မသုံးပါနဲ့။

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်ကဲ့။ ကျွန်တော် ဒါဆိုရင် ပါတီနာမည်မသုံးတော့ပါဘူး။ အဲဒီပါတီသည် တစ်ဦးမှ အနိုင်မရလို့ လွှတ်တော် (၃)ရပ်လုံးအတွက် ကိုယ်စားလှယ်တစ်ဦးမှ မရရှိခဲ့ပါဘူး။ ထိုပါတီကို ထောက်ခံတဲ့ ပြည်သူတွေကို ကိုယ်စားပြုဖို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် တစ်ဦးမှမပါတဲ့အတွက် ထောက်ခံ ခဲ့တဲ့ ပြည်သူများအတွက် အလွန်စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်မကောင်း ပါဘူး။ ပြည်နယ်လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် တစ်ခုခုမှာ တစ်ဦးစီပါရင် သူ့ပါတီကိုထောက်ခံတဲ့ ပြည်သူတွေအတွက် ကိုယ်စားပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အဖြေကို ဒီအဖြေဟာမှန်တတယ်လို့ ကျွန်တော်တို့ ခေါ်လို့မရနိုင်ပါဘူး။ အားလုံးပါဝင်နိုင်အောင် ပြည်ပ ရောက်နေသူများကို ပြန်ခေါ်ပါတယ်။ ထောင်ထဲရောက်နေသူတွေကို လွှတ်ပေးပြီးတော့ သူတို့ကိုယ်စား ပြောရေးဆိုခွင့်ရှိတဲ့ လွှတ်တော်မှာ ကိုယ်စားလှယ်မရှိဘဲ ကျွန်တော်တို့ဘယ်လိုပြောမှာလဲ။ ဘယ်လိုအဆို တင်မှာလဲ။ ဘယ်လိုမေးခွန်းတွေမေးမှာလဲ။ ဘယ်လိုဥပဒေပြုမှာလဲ။ ကျွန်တော်တို့ အခုပဲကြည့်ပါ။ ရွေးကောက်ပွဲစနစ်ကို ပြင်ဆင်ပေးဖို့ ရွေးကောက်ပွဲကော်မရှင်ကို တင်ပြခဲ့တဲ့ မြန်မာ့ဒီမိုကရေစီ မိတ်ဆွေများပါတီဖြစ်တဲ့ (၁၀)ပါတီအနက် ဒီစနစ်ကိုဆွေးနွေးခွင့်ကို (၁) ဒီမိုကရက်တစ် ပါတီမြန်မာ၊ (၂) ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ (၃) ပြည်ထောင်စုဒီမိုကရေစီပါတီ၊ (၄) ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ပါတီများဟာ ဒီလွှတ်တော်ထဲမှာ ကိုယ်စားလှယ်မရှိပါဘူး။ လာရောက် ဆွေးနွေးတင်ပြနိုင်ခြင်း မရှိပါဘူး။

ဒါဆိုရင် အခုကျင့်သုံးတဲ့ FPTP စနစ်ဟာ ပြည်သူအားလုံးကို ကိုယ်စားပြုတယ်လို့ ဆိုနိုင် ပါ့မလား။ ဒီကနေ့ ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အချို့ဟာ ခက်ခဲရှုပ်ထွေးလို့ ဒီစနစ်ကို မကျင့်သုံးဘူးလို့၊ မကျင့်သုံးသင့်ဘူးလို့ ပြောဆိုဆွေးနွေးတာတွေ ကြားရပါတယ်။ ပြည်သူတွေအတွက် အကျိုးရှိမယ်။ ပြည်သူတွေအားလုံး မျှတစွာကိုယ်စားပြုမယ့်စနစ်တစ်ခု ဖော်ဆောင်ဖို့ လွယ်ကူမှ လုပ်ရတော့မှာလား။ ဒါဆိုလို့ရှိရင် အလွယ်ဆုံး ဘာမဲမှလဲ ထည့်စရာမလိုဘူး၊ ဘယ်ဥပဒေမှလည်း လွှတ်တော်လိုနေရာမျိုးမှာ ငြင်းခုံဆွေးနွေးစရာမရှိတဲ့ အဲဒီလိုစနစ်ကို ကျင့်သုံးမှာ လား။ လွယ်တိုင်း ကျင့်သုံးလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ PR စနစ်ကို ကျင့်သုံးဖို့အတွက် ကျွန်တော်တို့ ပြည်သူတွေကို အထင်သေးနေတာလား။ အိန္ဒိယအထက်လွှတ်တော်မှာ ကျင့်သုံးလို့ ရတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံသားတွေက အိန္ဒိယ ပြည်သူတွေလောက်၊ ထိုင်းနိုင်ငံမှာ ကျင့်သုံးလို့

ရတယ်ဆိုရင် ကျွန်တော်တို့ပြည်သူတွေဟာ ထိုင်းနိုင်ငံသားတွေလောက် ဉာဏ်ရည်မရှိကြဘူးလား။ ပညာမတတ် ကြဘူးလို့ ဆိုလိုချင်တာလား။ အိမ်နီးချင်းနိုင်ငံတွေက ပြည်သူတွေလောက် အရည်အချင်း မရှိကြ ဘူးလို့  နှိုင်းယှဉ်ခံရသလိုမျိုး ခံစားရပါတယ်။ ကျွန်တော်တို့ ပြည်သူတွေကို အထင်မသေး စေချင်ပါဘူး။ အလုပ်တစ်ခုကို မလုပ်ကြည့်ရသေးဘဲနဲ့ ခက်တယ်ကွာ၊ လုပ်လို့မရဘူးလို့၊ ရမှာ မဟုတ်ဘူးလို့ ညီးတွားနေခြင်းဟာ ဆင်ခြေပဲဖြစ်ပါတယ်။ ဘယ်စနစ်မှာပဲကြည့်ကြည့် အားသာချက်၊ အားနည်းချက် ဆိုတာရှိတာပါပဲ။ ကျွန်တော် တပ်မတော်မှာ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ စစ်ဦးစီးတက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းတွေ တက်ခဲ့ပါတယ်။ စစ်ရေး သုံးသပ်ချက်တွေ အများကြီး ရေးခဲ့ပါတယ်။ အဲဒီတုန်းက သင်တန်းသားတွေဟာ စီမံချက်ဆွဲဖို့ နည်းလမ်း ရွေးတဲ့အခါ အကျိုးအပြစ်ကို သေချာစွာဖော်ထုတ်ပြီး နည်းလမ်းရွေးချယ်ခြင်းထက် နည်းလမ်းကို အရင်ရွေးပြီးတော့မှ ကိုယ်လုပ်ချင်တဲ့နည်းလမ်းပေါ် မူတည်ပြီး အကျိုးအပြစ်ကို ဖော်ပြကြတယ်။ ဒါတွေဟာ အမှားပါပဲ။ ဘယ်လောက်ကောင်းတဲ့ စနစ်မှာဖြစ်ဖြစ် အကျိုးအပြစ် ရှိတာပဲ။ ကိုယ်မလုပ်ချင်တဲ့စနစ်အပေါ် မကောင်းတဲ့အပြစ်တွေ အများကြီးဖော်ပြရေးရင် အဲဒီစနစ်ဟာ မကောင်းတာပဲဖြစ်သွားရော။ ကျွန်တော်တို့ တကယ်ကြည့်ရမှာက ပြည်သူအားလုံး ကိုယ်စားပြုတဲ့စနစ် ဖြစ်ဖို့၊ အနာဂတ်မှာ ရွေးကောက်ခံ တစ်ပါတီအာဏာရှင်စနစ် မဖြစ်ဖို့၊ အင်အားကြီးပြီး လွှတ်တော် တစ်ခုလုံးကို လွှမ်းမိုး ချုပ်ကိုင်တဲ့ စနစ်မဖြစ်ဖို့ အဓိကဆွေးနွေးရမှာ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ အနာဂါတ်ကိုမြင်အောင် ကြည့်ကြပါ။ ဖြစ်နိုင်တဲ့ အခက်အခဲအားလုံးကို ကြိုတင်ကာကွယ်ဖို့ ပြင်ဆင်ရမယ်။ တပ်မတော်မှာ ကြိုတင်ပြင်ဆင်ခြင်းဆိုတာ အလွန်အရေးကြီး တယ်။ စစ်ပွဲတစ်ပွဲမတိုက်မီ ကြိုတင်ပြင်ဆင်မှုကို ကြည့်ပြီး စစ်ပွဲရဲ့ အနိုင်အရှုံး ၅၀ ရာခိုင်နှုန်းကို ကြိုတင်ဟောလို့ရတယ်။အဲဒီလိုကိစ္စတွေကို လျစ်လျူရှုမယ်ဆိုရင်တော့ စစ်မြေမြင်က နောင်တ ဆိုတာ ဒီဘဝမှာ မရနိုင်တော့ပါဘူး။ အခုလည်း တိုင်းပြည်ရဲ့ အနာဂတ်အတွက် ပြည်သူအားလုံးရဲ့ ကိုယ်စား ပြုခွင့်ကို ဆုံးရှုံးသွားရင် နောင်ဘယ်တော့ရနိုင်မလဲ။ သတိပြုကြဖို့ တင်ပြချင်ပါတယ်။ PR စနစ် ကျင့်သုံးမယ် ဆိုရင်လည်း ရှေ့ကတင်ပြခဲ့တဲ့ PR စနစ်အမျိုးမျိုးထဲမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ တိုင်းရင်းသားများ အားလုံးနဲ့ကိုက်ညီတဲ့စနစ်ကို ရွေးချယ်ကျင့်သုံးရင် အမှားမရှိနိုင်ပါဘူး။ ဥပဒေ ရေးဆွဲတဲ့ အခါမှာသာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ပြည်သူနဲ့ သင့်တော်တဲ့ စနစ်ဖြစ်အောင် ဥပဒေကို ရေးဆွဲရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ PR စနစ်ကို အလေးထားတင်ပြခဲ့တဲ့ ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ခေါင်းဆောင် ဒေါက်တာသန်းငြိမ်း ကွယ်လွန်သွားခဲ့ပါပြီ။ ဒေါက်တာသန်းငြိမ်းရဲ့ နောက်ဆုံးစကားကို ကိုးကားပြီး တင်ပြလိုပါတယ်။ PR စနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းသည် ယင်းနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့်စနစ်ကိုသာ သုံးကြပါသည်။ စင်စစ် ကမ္ဘာတွင် PR စနစ်ကို (၁၂၄)နိုင်ငံ ကျင့်သုံးသည်ဆိုလျှင် PR စနစ် အမျိုးအစား (၁၂၀)လောက် ရှိပါလိမ့်မယ်။ ဒါဟာ သူရေးတဲ့အတိုင်းပဲ ကျွန်တော်ဖော်ပြတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ PR စနစ်ကို ညှိယူရမှာပဲ။ ဟိုနိုင်ငံမှာ ဟိုလိုသုံး၊ ဒီနိုင်ငံမှာ ဒီလိုသုံး အဲဒီအတိုင်း လိုက်သုံးလို့ ဆိုးကျိုးတွေရှိနိုင်တယ်။ အဲဒီဆိုးကျိုးတွေမဖြစ်အောင် ဘယ်လိုလုပ်ကြမှာလဲ။ လေ့လာ တယ်ဆိုရင်လည်း အဆုံးအထိ လေ့လာကြတာပေါ့ဗျာလို့ ပြောခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဒီကနေ့ ဒီအဆိုကိုဆွေးနွေးကြပါတယ်။ တချို့လည်း ကန့်ကွက်ဆွေးနွေးတယ်။ တချို့လည်းထောက်ခံဆွေးနွေးတယ်။ ကန့်ကွက်ဆွေးနွေးသူ အများစုက တော့ PR စနစ် မကျင့်သုံးသင့်သေးဘူးလို့၊ မကျင့်သုံးသင့်ဘူးလို့မဆိုဘဲ ယခုလတ်တလော မကျင့်သုံး သင့်သေးဘူး၊ မှတ်တမ်းတင်ပေးပါလို့ ဆွေးနွေးကြပါတယ်။ ကျွန်တော်ကတော့ ပြည်သူတွေအတွက် အကျိုးရှိမယ့်ကိစ္စဆိုရင် လက်နှေးနေလို့မသင့်ဘူး။ ဘယ်လောက်ဖြစ်ဖြစ် လုပ်သင့်တဲ့ အချိန်၊ လုပ်ခွင့်ရချိန်မှာ အမြန်လုပ်ရမယ်။ အခုအဆိုအောင်ရင်တောင် ဆက်လုပ်ရမယ့်အလုပ်တွေများစွာ ရှိနေပါတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကိုတော့ သေချာပေါက်ပြင်ရမယ်။

ဒါကြောင့် မလုပ်မိလို့ နောင်တရမယ့် အဖြစ်မျိုးကြုံလာရင် ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းကံညွန့်သည် ပြည်သူအားလုံးကို ကိုယ်စားပြု နိုင်တဲ့စနစ်ဖြစ်ဖို့ ထောက်ခံဆွေးနွေးခဲ့တယ်ဆိုတာ လွှတ်တော်မှတ်တမ်းမှာရှိနေမယ်လို့ တင်ပြလိုက် ပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် တင်ပြသော လာမည့်ပါတီစုံ မည်သည့် ရွေးကောက်ပွဲတွင်မဆို အမျိုးသား လွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြုရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃:၄၃။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၄၃။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော် ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပေးအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒယ်အမှတ်(၉)မှ ဦးစောအုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်ဝိုင်းကြည် ရဲ့အဆိုကို၊ PR စနစ်ကို လာမည့်ရွေးကောက်ပွဲတွေမှာ အမျိုးသားလွှတ်တော် အတွက် ကျင့်သုံးဖို့၊ အချိုးကျကိုယ်စားပြုစနစ်နဲ့ ကျင့်သုံးဖို့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘာကြောင့် ထောက်ခံဆွေးနွေးမယ်ဆိုတာကိုလည်း သမိုင်းကြောင်း အချက်အလက် တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်လေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီ ဖော်ဆောင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ ဘာလဲလို့ အမေရိကန် (၁၆) ယောက်မြောက် သမ္မတ အီဗရာဟင်လင်ကွန်းက မေးတဲ့အခါမှာဖြေခဲ့တဲ့ စကားလေးတစ်ခွန်းရှိပါတယ်။ Of The People, By The People၊, For The People လို့ ပြောပါတယ်။ ဒါ ကျယ်ကျယ်ပြန့်ပြန့် ဘာကိုဆိုလိုသလဲဆိုရင် အာဏာဟာ ပြည်သူမှာသာရှိပါတယ်။ ပြည်သူက ပြည်သူ့အာဏာကိုလွှဲပေးဖို့ အဖွဲ့ကိုကိုယ်စားပြုအုပ်ချုပ်ဖို့၊ ဒီအာဏာကိုအပ်ဖို့ ပြည်သူ

တွေရဲ့ အတွက်ကို လုပ်ဆောင်ပေးဖို့ဆိုတာ ကျွန်တော်တို့ ပြည်သူ့အာဏာကို ပြည်သူကရွေးကောက်တင်မြှောက်တဲ့အဖွဲ့ကို အပ်ပါတယ်။

အဲဒီအဖွဲ့ကသာလျှင် ဒီအာဏာကို ကျင့်သုံးပြီးတော့ ကျန်တဲ့ပြည်သူတွေကို စီမံခန့်ခွဲအုပ်ချုပ်သွားတာဖြစ်ပါတယ်။ ဒီတော့ ပြည်သူ့အာဏာကို ပြည်သူကို၊ အာဏာကို အဖွဲ့အစည်းကို အပ်တဲ့အခါမှာ ကျွန်တော်တို့ အများသဘောတူနဲ့ ရွေးချယ်တင်မြှောက်ပွဲတွေနဲ့ အပ်ရတာဖြစ်ပါတယ်။ ဒါကြောင့် ရွေးချယ်တင်မြှောက်ပွဲဆိုတာ ရှိပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်မှာ ရွေးချယ်တင်မြှောက်ပွဲက ရှိတယ်။ ရွေးချယ်တင်မြှောက်ပွဲ ရှိတဲ့အခါမှာ ရွေးချယ်တင်မြှောက်တဲ့နည်းက ဆိုရင်တော့ (၂)နည်းပေါ့။ First Past The Post နဲ့ ဒီPR စနစ်၊ အချိုးကျကိုယ်စားပြုစနစ် First Past The Post ဆိုတာကတော့ တစ်မဲအသာနဲ့လည်း သူက အနိုင်ရတယ်။ PR စနစ်ကျတော့ မဲဆန္ဒတွေပေးတဲ့ အရေအတွက် ရဲ့ အချိုးကျ သူက သွားရမယ်။ ကျွန်တော်တို့နိုင်ငံမှာ ဟုတ်ပါပြီ။ ကျွန်တော်တို့ လွတ်လပ်ရေးရပြီး နောက်ပိုင်း ဒီကနေ့အထိကို ကျွန်တော်တို့က First Past The Post နဲ့ပဲ ရွေးကောက်ပွဲကို ဆောင်ရွက်တာပါ။ ဒီကနေ့ဆိုရင် ဒီမိုကရေစီဖော်ဆောင်တဲ့နေရာမှာ ဒီစနစ်ပဲ ကျွန်တော်တို့ ကျင့်သုံးခဲ့ပါတယ်။ အဲဒီတော့ အများက ဆွေးနွေးသွားတဲ့အထဲမှာ PR စနစ်မှာလည်း ချို့ယွင်းချက်၊ အားနည်းချက် ရှိတယ်။ အားသာချက်ရှိတယ်။ First Past The Post ဆိုတဲ့ တစ်မဲအသာနဲ့ အနိုင်ယူတဲ့စနစ်မှာလည်း ချို့ယွင်းချက်၊ အားသာချက်၊ အားနည်းချက်တွေ ဒီလို ရှိပါတယ်။

ဒီလိုရှိတဲ့နေရာမှာ ကျွန်တော်တို့တိုင်းပြည်ရဲ့ လက်ရှိဖြစ်နေတဲ့အခြေအနေအပေါ် မူတည်ပြီးတော့ ဘယ်စနစ်ကိုကျင့်သုံးမလဲ၊ ဘယ်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် အကောင်းဆုံးဖြစ်မလဲ။ ဒီအပေါ်မှာပဲ ကျွန်တော်တို့ အဖြေရှာရမယ်။ ၂၀၁၀ မှာ ကျွန်တော်တို့က First Past The Post ကို ရွေးချယ်တယ်။ ၂၀၁၅ ကျတော့ တိုင်းပြည်အခြေအနေကြောင့် PR စနစ်ကို ကျင့်သုံးသင့်တယ်လို့ ကျွန်တော်က ယူဆပါတယ်။ ဘာကြောင့် ကျွန်တော် ယူဆရသလဲဆိုတာ အကျိုးအကြောင်းတွေ ရှိပါတယ်။ ကျွန်တော်တို့ သမိုင်းကြောင်း၊ သမိုင်းကြောင်းဆိုတာက မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းပါပဲ။ ကျွန်တော်တို့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ First Past The Post နဲ့ ရွေးချယ်တဲ့စနစ်မှာ၊ ရွေးကောက်ပွဲစနစ်တွေမှာ ချို့ယွင်းချက်၊ အားနည်းချက်ရှိလို့ သမိုင်းစာမျက်နှာမှာ ပြောင်းလဲသွားတဲ့အချက်ကို ကျွန်တော် ထောက်ပြပါမယ်။ ဒါကတော့ ၁၉၅၆ ခုနှစ်က ကျင်းပတဲ့ ရွေးကောက်ပွဲ တစ်ခုကို ကျွန်တော် ထောက်ပြပါမယ်။

အဲဒီမှာ ဖဆပလ အဖွဲ့ချုပ်က မဲ (၁၈၄၄၆၁၄) မဲ ရပါတယ်။ ပမညတက (၁၁၇၀၀၁၃) မဲ ရပါတယ်။ First Past The Post နဲ့ တွက်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ဖဆပလ အဖွဲ့ချုပ်က (၁၄၈) မဲ၊ ပမညတ က (၄၈) မဲပါ။အဲဒီအချိန်က အမတ်ဦးရေက (၂၅၀) ပါ အဲဒီမှာ (၂၅၀) မှာ First Past The Post ကို သုံးတဲ့အတွက်ကြောင့် ဖဆပလ အဖွဲ့ချုပ်က (၁၄၈) ရတော့ သူက ပါလီမန်မှာ သူက အင်အားကြီးတဲ့ အစိုးရအဖွဲ့ သူက ဖြစ်သွားပါတယ်။ တကယ်လို့သာ ဒီနေရာမှာ ကျွန်တော်တို့က PR စနစ်ကိုသာ ကျင့်သုံးမယ်ဆိုရင် ဖဆပလအဖွဲ့ချုပ်က (၁၁၉) ဦးပဲရမှာပါ။ (၁၁၉) ဦးဆိုတာ (၂၅၀) ရဲ့ တစ်ဝက် အောက်မှာ ရှိပါတယ်။

အဲဒါကြောင့် သူက အများစုမရလို့ သူက အစိုးရမဖွဲ့နိုင်ဘူး။ ညွန့်ပေါင်းအစိုးရ ဖွဲ့ရင် ဖွဲ့။ ဒါမှမဟုတ်ရင် ကျန်တဲ့ (၁၃၁) ဦးရတဲ့ တခြားပါတီ ပမညတအပါအဝင် တခြားပါတီက ညွန့်ပေါင်းဖွဲ့လို့ရတယ်။ ဒီအဖြေကို ဘာသွားရလဲဆိုရင် ကျွန်တော်တို့ ဒီလို PR စနစ်ကို မကျင့်သုံးလို့ First Past The Post နဲ့ ကျင့်သုံးတဲ့အခါကျတော့ ဒီဖဆပလအဖွဲ့ချုပ်က အစိုးရဖြစ်တယ်။ အဲဒီမှာ ပုဂ္ဂိုလ်စွဲတွေ၊ အာဃာတတွေ ဒီလိုနည်းနဲ့ ကျွန်တော်တို့ ဖဆပလ နှစ်ခြမ်းကွဲသွားပါတယ်။ တကယ်လို့သာလျှင် PR စနစ် နဲ့သုံးပြီးတော့ ကျွန်တော်တို့ ဖဆပလအဖွဲ့က ညွန့်ပေါင်းအစိုးရပဲ ဖြစ်ဖြစ်၊ တခြားနဲ့ညွန့်ပေါင်းလို့ ညွန့်ပေါင်းအစိုးရပဲဖြစ်ဖြစ်၊ တခြားညွန့်ပေါင်းအစိုးရပဲ အစိုးရ ဖြစ်ဖြစ် ဖဆပလအဖွဲ့ချုပ်က နှစ်ခြမ်းကွဲစရာအကြောင်း မရှိတော့ဘူးလို့ နှစ်ခြမ်းကွဲသွားတဲ့အခါမှာလည်း နုတင် နဲ့ ဆွေငြိမ်း၊ သန့်ရှင်း နဲ့ တည်မြဲ ကွဲသွားတယ်။ အဲဒီလို ကွဲတဲ့အခါမှာ လက်ရှိအစိုးရက နှစ်ခြမ်းကွဲတဲ့အတွက်ကြောင့် ရွေးကောက်ပွဲတစ်ခုကို ပြန်ပြီး ကျင်းပရမလိုဖြစ်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ရွေးကောက်ပွဲကျင်းပဖို့ ဖဆပလအစိုးရကလည်း မစွမ်းဆောင်နိုင်တော့ပါဘူး။ အိမ်စောင့်အစိုးရ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလမှာ အိမ်စောင့်အစိုးရကို လွှဲတယ်။ လွှဲပြီးတော့ အိမ်စောင့်အစိုးရက ၁၉၆၀ ခုနှစ်မှာ ရွေးကောက်ပွဲပြန်ကျင်းပရတယ်။

အဲဒီမှာ သန့်ရှင်းအုပ်စုက ဒီလိုဖြစ်တဲ့အချိန်မှာ တိုင်းပြည်ကြီးကလည်း တော်တော်လေးကို ကျွန်တော်တို့ ဒီလိုဖဆပလ နှစ်ခြမ်းကွဲရတဲ့အတွက်ကြောင့် တိုင်းပြည်အခြေအနေကလည်း တော်တော်လေး ကျွန်တော်တို့ ယိမ်းယိုင်သွားတာ ရှိပါတယ်။ စာစောင်တစ်ခုမှာ ဒီအတိုင်းမှာ ကျွန်တော် ဖတ်ပြပါမယ်။ ဖဆပလ အဖွဲ့ချုပ် နှစ်ခြမ်းကွဲတဲ့ ဂယက်က တပ်မတော်အတွင်းကိုလည်း ရိုက်ခတ်ခဲ့တယ်။ တပ်အတွင်းမှာ သန့်ရှင်းလိုလားသူနဲ့ တည်မြဲလိုလားသူ ကွဲပြားလာပါတယ်။ ဆက်လက်၍ အစိုးရ အုပ်ချုပ်မှု အားပျော့လာပြီး ဦးနုအစိုးရလက်ထက်တွင် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးယိုယွင်းလာပြီး ပြိုင်ဘက်နိုင်ငံရေးပါတီများနှင့် အစွန်းရောက် အမျိုးသားရေး ဝါဒီများဖြစ်သော တိုင်းရင်းသား အင်အားစုများကိုလည်း ထိန်းသိမ်းစုစည်းနိုင်မှု မရှိတော့ဘဲ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလထဲမှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေ မရှိတော့တဲ့အတွက်ကြောင့် အိမ်စောင့်အစိုးရကို ပေးလိုက်ရတာပါ။

ဒါဟာ First Past The Post ရဲ့ဆိုးကျိုးပါ။ တကယ်လို့သာ ဒီစနစ်ကို မကျင့်သုံးဘဲ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် ဖဆပလလည်း မပြိုကွဲဘူး။ ကျွန်တော်တို့ တောတွင်းရောက်နေတဲ့ ကွန်မြူနစ်ပါတီကလည်း ဒီဖဆပလ နဲ့ သူက လွတ်လပ်ရေးမရခင်ကတည်းက သဘောကွဲပြီးတော့ ဝင်နေတဲ့ ကွန်မြူနစ်ပါတီဟာ ပြည်တွင်းတောင် ရောက်လာနိုင်စရာအကြောင်းရှိတယ်။ ဒါ ဆွေးနွေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာလည်း သန့်ရှင်းပေါ့လေ။ နုတင် က သူတွက်ထားပြီးသား။ သူက First Past The Post နဲ့ နောက်ရွေးကောက်ပွဲမှာ သူက အရွေးခံမယ်ဆိုရင် သူနိုင်မှာ သူသိတယ်။ ဘာကြောင့်သူသိလဲ။ PR စနစ်မို့လို့၊ First Past The Post သူကသန့်ရှင်းက ဒီကွေ့ရောက်ရင် ဒီတက်နဲ့လှော်မယ်။ ဟိုကွေ့ရောက်ရင် ဟိုတက်နဲ့လှော်မယ်။ ဘာသာရေးကို ခုတုံးလုပ်ပြီးတော့ မဲဆွယ်မယ်။ ဒါတွေ သူတွက်ထားပြီးသား။ သိတဲ့အတိုင်းပဲ ၁၉၆၀ ခုနှစ်ရွေးကောက်ပွဲမှာ သူပဲ အနိုင်ရတယ်၊ သူပဲ အစိုးရဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေရာမှာ သမိုင်းစာမျက်နှာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ပြောင်းသွားတယ်။

ဒါကို ကျွန်တော် ဘာကိုပြောနေသလဲဆိုရင် ကျွန်တော်တို့ အတိတ်က သင်ခန်းစာကို ကျွန်တော်တို့ ယူသင့်ရင်ယူရမယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီကနေ့ဖြစ်နေတာ အတိတ်နဲ့ သင်ခန်းစာနဲ့ ဆက်စပ်မှုကို တွေးရမယ်။ သမိုင်းကို ကျွန်တော်တို့ လေ့လာရမယ်။ အတိတ်က ဖြစ်လာတဲ့ သမိုင်းတွေကို သင်ခန်းစာ ယူရမယ်။ ကျွန်တော်တို့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဒေါက်တာသန်းထွန်း သမိုင်း ပါမောက္ခကို မေးဖူးတယ်။ ကျွန်တော်တို့ သမိုင်းကို ဘာကြောင့် လေ့လာသင်ကြားနေကြသလဲ။ ကျွန်တော်တို့မအအောင်လို့၊ လူတွေ မအ အောင်လို့ သမိုင်းကို သင်ရတယ်။ ဆရာကြီးကတော့ ဂရုဏာဒေါသောနဲ့ ပြောတာ။ ဆိုချင်တာက ကျွန်တော်တို့က သမိုင်းကို စံနမူနာပြုပြီးတော့ အမြဲတမ်း လေ့လာသုံးသပ်ဖို့။ ကိုယ့်ပြည်တွင်းရေးကိစ္စတွေကို အရင်ကဖြစ်ခဲ့တဲ့ အတိတ်က သမိုင်းတွေကို ချိန်ထိုးကြည့်ရမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့သွားနေတာဟာ တင်စားပြီးပြောမယ်ဆိုရင် ပြည်ထောင်စုလှေကြီးတစ်စင်းပေါ်မှာ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီပန်းတိုင်ဆီကို သာယာဝပြောတဲ့ စခန်းတစ်ခုကို သွားနေတာပါ။ သွားနေတဲ့အချိန်မှာ ဒီကနေ့ တခြားကိုယ်စားလှယ်တွေလည်း ပြောပါတယ်။ ဒီကနေ့ ကျွန်တော်တို့ တိုင်းပြည်မှာ လှိုင်းကြီးလှေထန်တဲ့ သဘောရှိတယ်။

ကျွန်တော်တို့ ဒီ ပြည်ထောင်စုလှေကြီးဟာ လှိုင်းလေကင်းကင်းနဲ့ သွားနေရတာ မဟုတ်ဘူး။ ဘေးပယောဂ အနှောင့်အယှက်တွေ ပြည်တွင်းမှာဆိုရင်လည်း လက်နက်ကိုင် အဖွဲ့အစည်းတွေ ရှိတယ်၊ လူမျိုးရေး၊ ဘာသာရေး ကွဲပြားတာရှိတယ်။ ဒီမိုကရေစီ ဖော်ဆောင်တဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိတယ်။ ဒီလိုသွားနေရာမှာ ညီညွတ်မှ ဒီလှေကြီးကို ဦးစီးမယ့်၊ ပဲ့ကိုင်မယ့်၊ ထိန်းသိမ်းမယ့် အစိုးရအဖွဲ့က အင်အားတောင့်တင်းမှ၊ မှန်ကန်တဲ့ ဦးဆောင်မှုကို ပေးနိုင်မှသာလျှင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလှေကြီးဟာ ကျွန်တော်တို့ လိုရာခရီးကို အေးအေးချမ်းချမ်းနဲ့ သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ အလွန် ရွေးကောက်ပွဲကို ကျွန်တော် စိုးရိမ်ပါတယ်၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားတွေအတွက်။ ဒါက ဘာလဲဆိုရင် First Past The Post ကို ကျွန်တော်တို့ သုံးမယ်ဆိုရင် တစ်ပါတီရွေးကောက်ပွဲ First Past The Post ကြောင့် ကျွန်တော်တို့ ရွေးကောက်ခံအာဏာရှင် စနစ်မဖြစ်သွားဘူးလို့ ကျွန်တော် မပြောနိုင်ပါဘူး။

အဲဒီတော့ လွှတ်တော်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံရေးချိန်ခွင်လျှာဟာ တစ်ဖက်စောင်းနင်း သိပ်မဖြစ်အောင် ထိန်းညှိဖို့လိုပါတယ်။ ဒါကြောင့် နောက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း စိုးရိမ် ပူပန်မှုတစ်ခုရှိတယ်။ ဒါကလည်း စာထဲမှာ ပြောရတာ ကျွန်တော်လည်း ဒါ လက်ခံတယ်။ ကျွန်တော်တို့ ပြည်သူများအနေနဲ့ ဒီမိုကရေစီအတွေ့အကြုံနဲ့ ကိုယ်ပိုင်တွေးခေါ် မျှော်မြင်နိုင်မှု၊ အသိတရားပြည့်ဝမှု ရှိရန် လိုအပ်နေတယ်။ ဆိုချင်တာက ကျွန်တော်တို့ ပြည်သူလူထုက မင်းသား ခေါင်းဆောင်းထားတဲ့ ဘီလူးကို အပေါ်ယံကြည့်ပြီးတော့ မင်းသားပဲ ထင်နေတဲ့လူမျိုး ရှိတတ် ပါတယ်။ ဘာကြောင့်ဆိုရင် ကျွန်တော်တို့ရဲ့ ပြည်သူလူထုအများစုက နိစ္စဓူဝ စားဝတ်နေရေး လုံးပမ်းနေတဲ့ အခါမှာ ကျွန်တော်တို့ နိုင်ငံရေးတွေးခေါ်မျှော်မြင်မှုဟာ အားနည်းနေတယ်။ ဒီလိုင်းစနစ်နဲ့ သွားချင် လည်းသွားမယ်။ သူများ အများပြောလို့၊ သူများယောင်လို့ ယောင်ရတယ်၊ အမောင်တောင်မှန်း မြောက်မှန်း မသိ ဒီလိုလည်းသွားတယ်၊ကျွန်တော်တို့ တော်တော်ကို စိတ်ပူတယ်။

အဲဒီတော့ ကျွန်တော်တို့ ပြည်သူတွေမှာလည်း လိုအပ်ချက်တွေရှိတဲ့အခါကျတော့ အမှန်ကို အမှန်တိုင်း မြင်တတ်တဲ့ အားက နည်းနေတယ်။ နည်းနေတဲ့အခါမှာ First Past The Post နဲ့ သွားရင်

တစ်မဲအသာနဲ့ပဲ ဒီကိုယ်စားလှယ်က အနိုင်ရမယ်ဆိုရင် မဖြစ်ပါဘူး။ အများ လူ (၁၀၀)နဲ့ (၁)ယောက်မှာ (၅၁) ယောက်က ဒီလူကိုထောက်ခံတယ်။ (၅၀) က တစ်ခြားကို ထောက်ခံတယ်။ (၅၁) ယောက် ထောက်ခံတဲ့လူက တကယ်တော့ မင်းသားခေါင်းစွပ်ဆောင်းထားတဲ့ ဘီလူးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ အဲဒီတော့ ဒီလူ (၅၀) ရဲ့ မဲဆန္ဒကအလကားဖြစ်နေတယ်။ တိုင်းပြည်အတွက်လည်း အများကြီး အနှောင့်အယှက် ဖြစ်နေတယ်။ ဒါကြောင့် အချိုးကျစနစ်သာလျှင် အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်။ အချိုးအစားစနစ်နဲ့ သွားမယ်ဆိုရင် ကျွန်တော်တို့ ပါတီအတွင်းကြည့်ကြည့်၊ လွှတ်တော်အတွင်း နိုင်ငံရေးချိန်ခွင်လျှာကလည်း အတတ်နိုင်ဆုံး ထိန်းညှိနိုင်မယ်။ ကျွန်တော် စောစောကပြောတဲ့ ပြည်ထောင်စုလှေကြီးမှာ ဦးစီးပဲ့ကိုင်မယ့် အဖွဲ့အစည်းထဲမှာ တခြားအဖွဲ့ အစည်းတွေလည်း ထင်ရာမစိုင်းအောင် တားဆီးနိုင်မယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားတွေ အတွက်၊ အနာဂတ်အတွက် စိုးရိမ်ပူပန်ပြီးတော့ ဒီ PR စနစ်ကို ကျင့်သုံးသင့်တယ်လို့ ကျွန်တော် ယူဆတယ်။ နောက် PR စနစ် ကျင့်သုံးတဲ့နေရာမှာ slide တွေ ပြပါမယ်။

PR စနစ် က ရှုပ်ထွေးတယ်။ မဲဆန္ဒရှင် ပြည်သူတွေ နားမလည်နိုင်ဘူး။ ဒါကလည်း ကျွန်တော်တို့ မှားပါတယ်။ ကျွန်တော်တို့နည်း၊ ကျွန်တော်တို့ ဟန်နဲ့ ဟုတ်လား အများနားလည်နိုင်တဲ့ အခြေအနေမျိုးနဲ့ ဆရာကြီး ဦးခင်မောင်ရီ လည်း ဒါပြောသွားပါတယ်။ ကျွန်တော်တို့ ဥပမာ First Past The Post အတိုင်းပဲ ကျွန်တော်တို့ ပါတီ Logo ရှိမယ်၊ ပါတီတံဆိပ်၊ နာမည် ကြိုက်တာကိုပေး။ ဥပမာ ကျွန်တော်က မဲဆန္ဒနယ် အမှတ်(၉)မှာ ကျွန်တော်က ပြိုင်တယ်၊ ကျွန်တော်က တစ်မဲနဲ့ အနိုင်ရရင် ကျွန်တော်က First Past The Post ဆိုပြီးတော့ ကိုယ်စားလှယ်ဖြစ်မယ်။ ဒါပေမဲ့ PR စနစ်နဲ့ ကျတော့ ကျွန်တော်တစ်မဲနိုင်လို့ ကျွန်တော် ကိုယ်စားလှယ် ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ နောက်တစ်ခုလည်း ရှိသေးတယ်။ ကျွန်တော်က ပထမ မရဘဲ ဒုတိယရရင် ကျွန်တော့်မဲတွေက အလကားဖြစ်သွားမယ်။

အဲဒီတော့ ကျွန်တော်တို့က ကိုယ့်အရေးနဲ့ ပါတီအရေး ဆိုရင် ပါတီကိုဦးစားပေးရမယ်။ ပါတီအရေးနဲ့ နိုင်ငံရေးဆိုရင် နိုင်ငံကိုဦးစားပေးရမယ်။ နိုင်ငံကိုအလေးထားရမယ်။ ဒါကြောင့် ကျွန်တော်ဟာ First Past The Post နဲ့ ရွေးကောက်ပွဲနိုင်လို့ တစ်မဲအနိုင်ရပေမယ့် ကျွန်တော် PR စနစ်နဲ့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ် မဖြစ်လည်း ဝမ်းမနည်းပါဘူး။ ဘာကြောင့်ဆိုရင် ကိုယ့်ပါတီအတွက်ကို တာဝန်ကျေသွားပါတယ်။ တကယ်လို့ ကျွန်တော် ဒုတိယရလို့၊ ကျွန်တော့်ကို ယုံကြည်လို့၊ ကျွန်တော့်ပါတီကို ယုံကြည်လို့ မဲပေးတဲ့လူတွေ၊ ဒါလည်းပဲ မဆုံးရှုံးပါဘူး။ ကျွန်တော့် ပြည်နယ်အတွက်က ကျွန်တော့်မဲဟာ အဲဒီမှာ သွားပေါင်းတယ်။ ဒါမှ မျှတမှာပါ။ ကျွန်တော်တို့ လာမယ့် ရွေးကောက်ပွဲမှာ မဲလာပေးတဲ့ ပြည်သူဟာ ပိုပြီးတော့ များပါလိမ့်မယ်။ ဘာလို့လည်းဆိုတော့ လူတွေဟာ ကျွန်တော်တို့ လွှတ်တော်တွေ ဘာတွေကို တော်တော်များများ စိတ်ဝင်စားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေလည်း ကျွန်တော်တို့ အားထားရတဲ့အပိုင်းတွေရှိတယ်။

အဲဒီတော့ မဲလာပေးတဲ့ကိုယ်စားလှယ်တိုင်း အကျိုးမယုတ်စေဖို့ဆိုရင် PRစနစ်ကို ကျင့်သုံးမှာ ဖြစ်ပါတယ်။ နောက် PR စနစ်သာလျှင် အကောင်းဆုံးလို့ ကျွန်တော် မပြောလိုသော်လည်းပဲ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲမှာဖြင့် PR စနစ်ဟာ အသင့်တော်ဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်နဲ့နိုင်ငံသားအကျိုးကို လိုလားသူတိုင်း၊ လိုလားသူတိုင်း၊ လိုလားကြတဲ့

လွှတ်တော်ကိုယ်စားလှယ်တိုင်း PR စနစ်ကို ထောက်ခံအားပေးမယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေကို နည်းနည်းပြန်ဖတ်ကြည့်ပါအုံး။ ဘယ်နှစ်ကြိမ်ဆွေးနွေးခွင့်ရှိလဲဆိုတာ။ ဥက္ကဋ္ဌက ဥပဒေ၊ နည်းဥပဒေအတိုင်းပဲ။

**အချိန်၊ ၁၃:၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးရန် အမည်စာရင်းပေးထားပြီး ကျန်ရှိသည့် ကိုယ်စားလှယ်များ မနက်ဖြန်မှာ ဆက်လက်ဆွေးနွေးမှာ ဖြစ်ကြောင်း အသိပေးပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄:၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး နဝမနေ့ ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၄:၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၄:၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]